

ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာများအတွက်
အာဆီယံ၏ဖြေရှင်းနည်းများ (ASSIST)

ASSIST

စုစည်းထားသည့်အသုံးချနိုင်မှု ရင်းမြစ်များ (Toolkit)

ဓာတ်ပုံ - Deborah Tomasowa US-ACT

အသိပေးရှင်းလင်းချက်: ဤစာအုပ်သည် ဥရောပသမဂ္ဂအဖွဲ့အစည်း၏ အထောက်အပံ့ဖြင့် ပြုစုထုတ်ဝေထားခြင်းဖြစ်ပြီး ARISE Plus စီမံကိန်း တစ်ခုတည်း၏ တာဝန်သာဖြစ်ပြီး ဥရောပသမဂ္ဂ၏ အမြင်များကို ထင်ဟပ် ဖော်ပြထားခြင်းမရှိပါ။

စုစည်းထားသည့် အသုံးချနိုင်မှု ရင်းမြစ်များ (Toolkit) အား မိတ်ဆက်ခြင်း

ဤစုစည်းထားသည့် အသုံးချနိုင်မှု ရင်းမြစ်များ (Toolkit) ၏ ရည်ရွယ်ချက်မှာ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုများနှင့် ကုန်သွယ်ရေးဆိုင်ရာ အာဆီယံ၏ ဖြေရှင်းနည်းများ သို့မဟုတ် 'ASSIST' အတွက် ရည်ရွယ်၍ အမျိုးသား ဆက်သွယ်ရေး တာဝန်ခံများ သို့မဟုတ် ပင်မတာဝန်ခံများအဖြစ် လုပ်ဆောင်ရန် တာဝန်ပေးခြင်း ခံရသောသူများဖြစ်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအရာရှိများ အတွက် သော်လည်းကောင်း၊ အာဆီယံဒေသတွင်း နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေး ပြဿနာများနှင့် စပ်လျဉ်း၍ အာဆီယံ အစိုးရအဖွဲ့ဝင်များနှင့် အပြန်အလှန်ဆက်သွယ် ပြောဆိုရာတွင် သို့မဟုတ် တိုင်ချက်တစ်ခုကို စွဲချက်တင်ရန် ASSIST ကို မည်သို့အသုံးပြုပုံကို သင်ကြားမှုစာရွက်စာတမ်းများ အပြည့်အစုံဖြင့် ASSIST အား အသုံးပြုနိုင်ခြေများမည့်သူများကို သင်ကြားပြသပေးရန်၊ စီးပွားရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များအတွက်ကိုလည်း ပံ့ပိုးပေးနိုင်ရန်ဖြစ်သည်။

ASSIST ၏ရည်ရွယ်ချက်မှာ နိုင်ငံတော်အဆင့်ဖြင့် အချို့သော ဒေသတွင်းဆိုင်ရာ သဘောတူညီမှုများကို အလေးထားလိုက်ပါဆောင်ရွက်ရာတွင်၊ သို့မဟုတ် ပေါင်းစည်းမှု ယန္တရားများ ပြည့်ဝစွာ အကောင်အထည် ဖော်နိုင်မှု မရှိသေးခြင်းအပေါ် အလေးထားပူပန်မှု သို့မဟုတ် ပြဿနာရပ်များကို ထုတ်ဖော်ခြင်း၊ ဒေသတွင်း ဝန်ဆောင်မှုများ၊ သို့မဟုတ် ကုန်စည်ဆိုင်ရာ ကုန်သွယ်ရေး နှင့်ပတ်သက်သည့် အတားအဆီးများ ဖြစ်ပေါ်စေနိုင်သော ကုန်သွယ်ရေး ပြဿနာများ၊ သို့မဟုတ် ကုန်သွယ်ရေးဆိုင်ရာ အခက်အခဲများ၊ အကောက်ခွန် မဟုတ်သော အတားအဆီးများ၊ အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်ချက်များ တစ်ခုခုကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အာဆီယံ ပုဂ္ဂလိက ကဏ္ဍ များအတွက် ရိုးရှင်းသော နည်းလမ်းတစ်ခုကို ပံ့ပိုးပေးနိုင်ရန် ဖြစ်သည်။ လက်ရှိတွင် ASSIST သည် အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC) မူဘောင် အတွင်းနှင့်၊ အာဆီယံ စီးပွားရေး သဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်ရေးနှင့် ကုန်စည်ဆိုင်ရာ ကုန်သွယ်ရေးတို့၏ အာဆီယံ ဒေသတွင်း နယ်စပ်ဖြတ်ကျော် ကိစ္စရပ်များ၏ တိုင်တန်းချက်များကိုသာ လက်ခံပေးနေသည်။

ဤစုစည်းထားသည့် အသုံးချနိုင်မှု ရင်းမြစ် (Toolkit)သည် အာဆီယံဒေသတွင်း ကုန်သွယ်ရေး လျင်မြန်လွယ်ကူ ချောမွေ့စေရေးနှင့် စီးပွားရေး ပေါင်းစည်းချိတ်ဆက်မှု ကို ပံ့ပိုးရန် ဥရောပသမဂ္ဂမှ ငွေကြေး ပံ့ပိုးထားသည့် စီမံကိန်း တစ်ခုဖြစ်သော ဥရောပသမဂ္ဂ (ARRISE Plus) ၏ အာဆီယံဒေသတွင်း ပေါင်းစည်း ချိတ်ဆက်ခြင်းဆိုင်ရာ စီမံကိန်းမှတဆင့် ပံ့ပိုးရေးဆွဲထားခြင်းဖြစ်သည်။ ဤရေးဆွဲထားသည့် (Toolkit)သည် အာဆီယံ အကြီးတန်း စီးပွားရေးဆိုင်ရာအစိုးရအရာရှိများ၏ အစည်းအဝေး (SEOM) နှင့် အာဆီယံ ကုန်သွယ်ရေးဆိုင်ရာ လျင်မြန်လွယ်ကူ ချောမွေ့စေရေး ပူးတွဲ ညှိနှိုင်းရေး ကော်မတီ (ATF-JCC) တို့၏ တောင်းဆိုချက်အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်သည်။

စုစည်းထားသည့်အချက်များ

၁. PowerPoint ဥပမာများဖြင့်တင်ဆက် ပြသခြင်း - PowerPoint တွင်ရှင်းပြထားသည်မှာ ASSIST၏ အကြောင်းအရာနှင့် ၎င်း၏ဖွဲ့စည်းတည်ဆောက်ပုံ (စတင်ဖြစ်တည်ပုံ၊ ဥပဒေအခြေခံ အကြောင်းအရာများ၊ လွှမ်းခြုံသည့်အတိုင်းအတာ၊ အဓိက ပါဝင်သူများနှင့် အဓိက လုပ်ငန်းဆောင်တာများ)၊ နှင့် ASSIST ၏ ယန္တရားနှင့် ၎င်း၏ဆက်စပ်လုပ်ဆောင်မှု အချိန်ဇယားကို ရိုးရှင်းသော ဖြစ်စဉ်သရုပ်ပြပုံစံ ကားချပ်ဖြင့် ASSIST လုပ်ဆောင်မှုဖြစ်စဉ်ကို ပြသထားခြင်းဖြစ်သည်။

၂. ပုဂ္ဂလိက ကဏ္ဍအတွက် ASSIST အသုံးပြုပုံ လက်စွဲစာအုပ် - လက်စွဲစာအုပ်ထဲတွင် အာဆီယံ ပုဂ္ဂလိက ကဏ္ဍ (သို့မဟုတ်) အာဆီယံ စီးပွားရေးလုပ်ငန်းစုများအတွက် အခကြေးငွေမယူသော၊ အွန်လိုင်းအခြေခံ၊ စည်းနှောင်ထားမှုမရှိသည့် ASSIST အတိုင်ပင်ခံ ယန္တရား၏ လမ်းညွှန်နှင့် လုပ်ထုံးလုပ်နည်းများကို ပံ့ပိုးပေးထားပါသည်။

၃. ASSIST လေ့လာမှု သင်ခန်းစာများ - အသုံးပြုသူများ ASSIST၏ ယန္တရားနှင့် ၎င်းတို့ကိုယ်တိုင် ရင်းနှီးကျွမ်းဝင်မှု ရှိစေရန်အတွက်၊ တဆင့်ပြီးတဆင့် ဖြစ်စဉ်လေ့လာမှု သင်ခန်းစာ(၅)မျိုးသည် ASSIST အသုံးပြုပုံ၊ လက်စွဲစာအုပ်အတွင်း၌ ဖော်ပြထားသည့် ဖန်တီးယူထားသော ဖြစ်စဉ်အကြောင်းအရာများကို အခြေခံ၍ ရေးဆွဲထားပါသည်။ လေ့လာမှုသင်ခန်းစာ၏ ရည်ရွယ်ချက်သည် အသုံးပြုသည့်သူများ ASSIST ၏လုပ်ဆောင်မှုနှင့် အမျိုးမျိုးသော ပါဝင်လုပ်ဆောင်သူတို့၏ အခန်းကဏ္ဍကို ပိုမိုသိရှိ နားလည်စေရန် ဖြစ်သည်။
လေ့လာမှု သင်ခန်းစာများကို ASSIST ဝက်ဘ်ဆိုဒ် http://assist.asean.org ပေါ်တွင် ရယူနိုင်ပါသည်။



ဓါတ်ပုံ Deborah Tomasowa for US-ACTI

ရင်းနှီးမြှုပ်နှံမှုများ၊ ဝန်ဆောင်မှုများနှင့် ကုန်သွယ်ရေးဆိုင်ရာတို့အတွက် အာဆီယံ၏ဖြေရှင်းနည်းများ (ASSIST) တင်ဆက်မှု ပုဂ္ဂလိက ကဏ္ဍအတွက်အခွင့်အလမ်း



ဓါတ်ပုံ Nathan Associates - PSDA Project, မြန်မာ



ဓါတ်ပုံ Nathan Associates - PSDA Project, မြန်မာ



ဓါတ်ပုံ Paul Kent for Nathan Associates

ASSOCIATION OF SOUTHEAST ASIAN NATIONS

ASSIST
ASEAN Solutions for Investments, Services and Trade

ရင်းနှီးမြှုပ်နှံမှုများ၊ ဝန်ဆောင်မှုများနှင့် ကုန်သွယ်ရေးဆိုင်ရာတို့အတွက် အာဆီယံ၏ဖြေရှင်းနည်းများ(ASSIST)

ပုဂ္ဂလိက ကဏ္ဍအတွက်အခွင့်အလမ်း



[တင်ဆက်သူ၏အမည်]

[ဝန်ကြီးဌာနအမည်/အဖွဲ့အစည်း/ကုန်သွယ်ရေးအသင်းအဖွဲ့/ ကုမ္ပဏီ]

ASSIST သင်တန်းပို့ချသည့်[အခမ်းအနားအမည်]

[နေရာ နှင့် နေ့စွဲ]

ASSOCIATION OF SOUTHEAST ASIAN NATIONS

ASSIST
ASEAN Solutions for Investments, Services and Trade

ASSIST ဆိုသည်မှာ အဘယ်နည်း။

- ရိုးရှင်းပြီး အသုံးပြုရလွယ်ကူသည့် ဝက်ဘ်ဆိုဒ် ကိုအခြေခံထားသည့် http://assist.asean.org သည် ရှာဖွေရလွယ်ကူပြီး အလွယ်တကူ ဝင်ရောက်နိုင်ခြင်း၊ မှတ်မိလွယ်ခြင်း၊ စီမံခန့်ခွဲရလွယ်ကူခြင်း၊ ယုံကြည်စိတ်ချရခြင်း၊ ထိရောက်မှု ရှိခြင်းနှင့် အခကြေးငွေပေးရန်မလိုဘဲ သို့မဟုတ် တွက်ခြေကိုက်သော (တရားရေးနှင့် မဆိုင်သော အခကြေးငွေပေးစရာမလိုသော နှင့်ရိုးရှင်းသော) ဆိုဒ်တစ်ခု ဖြစ်ပါသည်။
- နယ်စပ်ဖြတ်ကျော် ပြဿနာရပ်များနှင့် ပတ်သက်သော အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်ချက်များ၊ အကောက်ခွန်မဟုတ်သော အဆီးအတားများ၊ ကုန်သွယ်ရေးဆိုင်ရာ အဆင်မပြေမှုများ သို့မဟုတ် ကုန်သွယ်ရေးဆိုင်ရာပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အာဆီယံ ပုဂ္ဂလိက ကဏ္ဍများ အတွက် ရိုးရှင်းသော နည်းလမ်းဖြင့် ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပါသည်။ (ဥပမာ။ ။ အာဆီယံလုပ်ငန်းစုများမှ ၎င်းတို့၏ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို တင်ပို့ချိန် သို့မဟုတ် အခြားအာဆီယံနိုင်ငံများအတွင်း ရင်းနှီးမြှုပ်နှံချိန်တွင် ကြုံတွေ့ရသော ကုန်သွယ်ရေး ပြဿနာများ)
- ASSIST သည် အာဆီယံ စီးပွားရေးလုပ်ငန်းများ (ကုမ္ပဏီများ သို့မဟုတ် အကြောင်းအမျိုးမျိုးကြောင့် အမည်မဖော်လိုသောကုမ္ပဏီများ ၏ကိုယ်စားလှယ်အဖွဲ့များ (ဥပမာ ကုန်သွယ်ရေးအသင်းအဖွဲ့များ၊ ကုန်သည်များအသင်း၊ စီးပွားရေးကောင်စီများ၊ စီးပွားရေးအဖွဲ့ချုပ်များ (သို့မဟုတ်) ၎င်းတို့၏ ခန့်အပ်ထားသော အာဆီယံရှေ့နေများ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းများ) မှတိုက်ရိုက်အသုံးပြုနိုင်သည်။ မှတ်ပုံတင်ထားသည့် အထောက်အထား တင်ပြရန် လိုအပ်ပါသည်။
- ASSIST သည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုတွင် တရားဝင်မှတ်ပုံတင်ထားသော အာဆီယံစီးပွားရေးလုပ်ငန်း တစ်ခုနှင့် (ဥပမာ - ကုမ္ပဏီ တစ်ခု၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းမဟုတ်ပါ။) အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံ (၉) နိုင်ငံထဲမှ နိုင်ငံတစ်နိုင်ငံ၏အစိုးရတို့အကြား ဖြစ်ပေါ်နေသော အာဆီယံဒေသတွင်း နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးကိစ္စရပ်များ အတွက်သာ ဖြစ်ပါသည်။ တိုင်ချက်ဖွင့်သည့်စီးပွားရေးလုပ်ငန်း၏ ဌာနေအစိုးရနှင့် ဆက်နွယ်သည့် ပြည်တွင်းကိစ္စရပ်များကို ASSIST မှတစ်ဆင့် ရည်ညွှန်းပေးနိုင်မည်မဟုတ်ပါ။

ASSOCIATION OF SOUTHEAST ASIAN NATIONS

ASSIST
ASEAN Solutions for Investments, Services and Trade

ASSIST ဆိုသည်မှာ အဘယ်နည်း

- ပို့မိုကောင်းမွန်သော အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ ယန္တရား၏ အာဆီယံသဘောတူညီနှိုင်းချက်များအရ အပိုဒ်(၁)၏ နယ်ပယ်ဘောင်အတွင်းကျရောက်နေသော အာဆီယံစီးပွားရေး သဘောတူညီချက်များကို အကောင်အထည်ဖော်မှုအရ ဆက်စပ်နေသော နယ်စပ်ဖြတ်ကျော်လုပ်ငန်းများ လုပ်ဆောင်ရာတွင် အာဆီယံအခြေစိုက် စီးပွားရေးလုပ်ငန်းများမှ ရင်ဆိုင်တွေ့ကြုံနေရသော ပြဿနာရပ်များကို အလုပ်တွင်ပြီး ထိရောက်သော ဖြေရှင်းနည်းများ ရှာဖွေနိုင်ရန် စည်းနှောင်မှုမရှိသော အတိုင်ပင် အကြံပေး ယန္တရားတစ်ခုအဖြစ် ASSISTသည် လုပ်ဆောင်ပေးပါသည်။
- စည်းနှောင်မှုမရှိခြင်းဆိုသည်မှာ အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေဖြင့် ASSIST စနစ်အတွင်းတွင် တိုင်ချက်စွဲတင်ပြီးသော တိုင်ကြားမှုကို လက်မခံရန် (သို့မဟုတ်) ဖြေရှင်းချက်ကို ကန်လှန်ခြင်းမပြုရန် ဆုံးဖြတ်နိုင်ပါသည်။ ASSIST သည် စည်းနှောင်မှုမရှိသော်လည်း အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် တိုင်ကြားမှုများကို အတတ်နိုင်ဆုံး ကြိုးပမ်းအားထုတ်မှု အခြေခံဖြင့် ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။
- အကြံပေးဆိုသည်မှာ တရားရေးစနစ်တစ်ခု မဟုတ်ဘဲ နိုင်ငံအဆင့် (သို့မဟုတ်) နိုင်ငံတကာတရားရုံးများတွင် ထုတ်ဖော်ပြောဆိုရသော အချုပ်အချယ်ကင်းသောတရားသူကြီး၊ ခုံသမာဓိ ဖျန်ဖြေရေး ကျွမ်းကျင်ပညာရှင်အဖွဲ့ သို့မဟုတ် တတိယ အကဖြတ်ပေးသည့်အဖွဲ့တို့မှ စီမံခန့်ခွဲပြီး ဆုံးဖြတ်ထားခြင်းမဟုတ်ပါ။
- ASSISTသည် အာဆီယံဒေသအတွင်း နယ်စပ်ဖြတ်ကျော်ကုန်စည်ကုန်သွယ်ရေးဆိုင်ရာနှင့် ဝန်ဆောင်မှု ဆိုင်ရာကုန်သွယ်ရေးတို့နှင့် ဆက်စပ်နေသည့် တိုင်ကြားချက်များကိုသာ လက်ခံသည်။
- ကုန်စည်ကုန်သွယ်ရေး ဆိုင်ရာအတွက် အဓိက အခန်းကဏ္ဍမှာ အကောက်ခွန်မဟုတ်သော အဆီးအတားများကို သတိပြုမိစေရန်၊ အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်ချက်များကို ထိရောက်စွာစုစည်းအသုံးပြုနိုင်ရန်နှင့် ATR http://atr.asean.org ပေါ်သို့ အရှိအတိုင်း ထပ်ပေါင်းထည့်သွင်းနိုင်ရန်ဖြစ်သည်။
- ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်ရေးအတွက်၊ ၎င်းသည် WTO ၏ MTN/GNS/W/120 အောက်တွင် ဝန်ဆောင်မှုဆိုင်ရာ အမျိုးအစားများ သတ်မှတ်ပိုင်းခြားထားသော ဝန်ဆောင်မှုပုံပိုးခြင်းကဏ္ဍ(၁၁)ခု၏ ဆက်စပ်သောတိုင်တန်းချက် ပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဖြစ်သည်။

ASSOCIATION OF SOUTHEAST ASIAN NATIONS

ASSIST
ASEAN Solutions for Investments, Services and Trade

ASSIST၏ အကျယ်တဝင့် အကြောင်းအရာများမှာ မည်သည့်အရာများ ဖြစ်သနည်း။

- AEC ၏အသေးစိတ် စီမံကိန်း ၂၀၂၅ခုနှစ်၊ ၎င်း၏ ကုန်သွယ်ရေးဆိုင်ရာ လွယ်ကူအဆင်ပြေချောမွေ့စေရေးအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ ၈.၂. AEC ၏အသေးစိတ် စီမံကိန်း ၂၀၂၅ (**AEC Blueprint 2025**) ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခြင်းကို သေချာစေရန် အောက်ပါ နည်းဗျူဟာကျသော စီမံဆောင်ရွက်ချက်များကို တာဝန်ယူ လုပ်ဆောင်သွားရမည် ဖြစ်သည်။

  iv. အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုများနှင့် ကုန်သွယ်ရေးဆိုင်ရာအတွက် အာဆီယံ၏ ဖြေရှင်းနည်းများ (ASSIST) ကဲ့သို့သော အခြားသော ယန္တရားများကို လက်လှမ်းမီနိုင်စေရန်။

- ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေလွယ်ကူချောမောစေအောင်ဆောင်ရွက်ခြင်း နှင့် အာဆီယံဒေသတွင်း စီးပွားရေး ချိတ်ဆက်ဆောင်ရွက်မှုနှင့် အတားအဆီးများကို ဖယ်ရှားရာတွင် **ပုဂ္ဂလိက ၏ အခန်းကဏ္ဍ**မှ အစိုးရအား အထောက်အကူပေးခြင်း။
- **ပုဂ္ဂလိက ကဏ္ဍ၏ လိုအပ်ချက်များ** အထူးသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (ကုန်သွယ်ရေး လျင်မြန်လွယ်ကူ ချောမွေ့စေရေး၊ လုပ်ငန်းစဉ်များအား အရှိန်တိုးမြှင့်ဆောင်ရွက်ရေး၊ အာဏာပိုင်များနှင့် ဆက်သွယ်ပြောဆိုရာတွင် လွယ်ကူအဆင်ပြေစေရေး၊ အငြင်းပွားမှုကို ရှောင်ရှားနိုင်ရေး၊ ပြဿနာရပ်များကို ဖြေရှင်းနိုင်ရေး)။
- **ပွင့်လင်းမြင်သာမှုကို တိုးပွားလာစေခြင်း**။ အထူးသဖြင့် NTM ၏ (ကုန်စည်များအပေါ်တွင် အဓိကထားခြင်း)၊ အာဆီယံ ကုန်သွယ်ရေး သုတဘဏ် (ATR) သို့ချိတ်ဆက်ခြင်းနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကုန်သွယ်ရေး သတင်းအချက်အလက်များ ရှာဖွေရယူနိုင်သော နိုင်ငံအဆင့် ကုန်သွယ်ရေး သုတဘဏ် (NTRs)ကို ထိန်းသိမ်းခြင်း။

Central Administrator of ASSIST / ASEAN Secretariat - 70A Jl. Sisingamangaraja - Jakarta 12110 - Indonesia
ASSIST - Supported by ARISE - [Disclaimer]

ASSIST ၏အဓိက ပါဝင်သူများမှာ မည်သူများဖြစ်သနည်း။



ASSOCIATION OF SOUTHEAST ASIAN NATIONS
ASSIST
ASEAN Solutions for Investments, Services and Trade

ASSIST တွင် အဓိကပါဝင်သူများမှာ မည်သူများဖြစ်သနည်း။

- **AE:** ASSIST မှတဆင့် အမှုကိစ္စ၊ စုံစမ်းမေးမြန်းမှု၊ တိုင်ကြားချက်တစ်ခုကို **အာဆီယံအခြေစိုက် လုပ်ငန်းစုမှ** ဖော်ထုတ်တင်ပြခြင်း။ အမည်ဖော်ရန်မလိုအပ်သည့် အသစ်သော စနစ်ပိုင်းဆိုင်ရာအင်္ဂါရပ်များကို ရေးဆွဲထားသည်။ ကုန်သွယ်ရေး အဖွဲ့အစည်းများ၊ စက်မှုလက်မှုကုန်သည်များအသင်း၊ စီးပွားရေးကောင်စီများနှင့် စီးပွားရေးအဖွဲ့ချုပ်များ၊ ရှေ့နေများ (သို့မဟုတ်) ဥပဒေအကျိုးဆောင်လုပ်ငန်းများစသည့် AEs ၏ ကိုယ်စားလှယ်အဖွဲ့အစည်းမှ အမည်မဖော်လိုသည့် တိုင်တန်းချက်များကို စွဲချက်တင်နိုင်ခြင်း။ အာဆီယံအသိအမှတ်ပြုရှေ့နေများ (သို့မဟုတ်) ဥပဒေအကျိုးဆောင်လုပ်ငန်းများအတွက် အထူးစည်းမျဉ်းများ ကျင့်သုံးထားသည်။

- **CA: ASSIST၏ ဗဟိုအုပ်ချုပ်ရေးမှူး**၊ AEမှ တင်သွင်းလာသော တိုင်တန်းချက်များ၏ ပြီးပြည့်စုံမှုကို စစ်ဆေးရန်အတွက် တာဝန်ရှိခြင်း၊ တိုင်တန်းသူ AE ၏ လက်ရှိအနေအထားကို အတည်ပြုစစ်ဆေးခြင်း၊ တင်ပြလာသည့် အကြောင်းအရာကို အိမ်ရှင်နိုင်ငံဆက်သွယ်ရေးတာဝန်ခံနှင့် ရည်ညွှန်းတိုင်ကြားခံရသူနိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံထံသို့ လက်ဆင့်ကမ်းပေးပို့ခြင်း၊ သဘောတူသတ်မှတ်ထားသော နောက်ဆုံးရက် သတ်မှတ်ချက်များအရ လုပ်ဆောင်မှုဖြစ်စဉ်ကို စောင့်ကြည့်ကြီးကြပ်ပေးခြင်း၊ AEထံသို့ အဖြေနှင့် တုန့်ပြန်ချက်များကို ပြန်လည်သတင်းပေးပို့ခြင်း။ CAသည် ASSISTစနစ်၏ တည်တံ့ခိုင်မြဲမှုကို ထိမ်းသိမ်း စောင့်ရှောက်ရန် တာဝန်ရှိသည်။

- **အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသည်** CA အဖြစ်တာဝန် ထမ်းဆောင်ပါသည်။ ASSISTသည် ASEC ၏ TFD မှ ကုန်စည်ကုန်သွယ်ရေး ဆိုင်ရာအတွက် နှင့် ASEC ၏ SID မှ ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်ရေးအတွက် လုပ်ငန်းလည်ပတ်လုပ်ဆောင်လျက်ရှိပါသည်။ ASSIST ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကုန်သွယ်ရေးအတွက် SID မှ ဆောင်ရွက်နိုင်ခြေများသော်လည်း ASEC နှင့် CCI ၏ ဆုံးဖြတ်ချက်အပေါ်တွင် မူတည်သည်။

Central Administrator of ASSIST / ASEAN Secretariat - 70A Jl. Sisingamangaraja - Jakarta 12110 - Indonesia
ASSIST - Supported by ARISE - [Disclaimer]

ASSOCIATION OF SOUTHEAST ASIAN NATIONS

ASSIST
ASEAN Solutions for Investments, Services and Trade

ASSIST တွင် အဓိကပါဝင်သူများမှာ မည်သူများဖြစ်သနည်း

- **HCP:** **ပြည်တွင်းဌာနေတာဝန်ခံ** ။ CA မှ တိုင်တန်းချက်၊ မေးမြန်းစုံစမ်းချက်များကို အသိပေးပြောကြားခံရသည့် AE ၏ အာဆီယံ အဖွဲ့ဝင်နိုင်ငံအတွင်းရှိ အမျိုးသားအဆင့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။
- **DCP:** **ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံရှိ ဆက်သွယ်ရေးတာဝန်ခံ**။ အမှုကိစ္စကို လက်ခံခြင်း (သို့မဟုတ် ငြင်းပယ်ခြင်း) အတွက် တာဝန်ရှိပြီး၊ သက်ဆိုင်ရာ တာဝန်ရှိ အာဏာပိုင်(များ) (RAs) မှ ဖြေရှင်းချက်/တုန့်ပြန်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးရပြီး၊ အမှုကိစ္စများ ဖော်ထုတ်တင်ပြခြင်းခံရသော အာဆီယံအဖွဲ့ဝင် နိုင်ငံအတွင်းရှိ အမျိုးသားအဖွဲ့အစည်းတစ်ခုဖြစ်သည်။
- **RA(s):** **တာဝန်ရှိအာဏာပိုင်(များ)** DCP၏ နိုင်ငံအတွင်းရှိ အမှုကိစ္စ/ တိုင်တန်းချက်ကို စုံစမ်းစစ်ဆေးပေးလိမ့်မည်ဖြစ်ပြီး အဖြေကို အတတ်နိုင်ဆုံး ပံ့ပိုးပေးမည်ဖြစ်သည်။
- HCPs/DCPs (ဆိုလိုသည်မှာ **ASSIST အတွက် ပင်မဆက်သွယ်ရေး တာဝန်ခံများ**) နှင့် AMS တစ်ခုချင်းစီအတွင်းရှိ RAs ကို သတ်မှတ်ပေးရမည်၊ ဖွဲ့စည်းတည်ဆောက်ပေးရမည်၊ ထိရောက်ပြီး တုန့်ပြန်မှုရှိသော အမျိုးသားအဆင့် ကွန်ယက်တစ်ခုအတွင်းသို့ လေ့ကျင့် ပျိုးထောင်ပေးရမည်။ ကုန်စည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်ရေးတို့၏ဥပမာ တစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုသို့ ASSIST ၏ဆက်လက်ချဲ့ထွင်မှုကို လုပ်ဆောင်သွားရန် အစီအစဉ်ရှိသည်။

ASSOCIATION OF SOUTHEAST ASIAN NATIONS

ASSIST
ASEAN Solutions for Investments, Services and Trade

ASSIST ၏ ပင်မအင်္ဂါရုပ်များမှာ မည်သည့်အရာများ ဖြစ်သနည်း။

- ASSIST သည်**ဒေသတွင်း စီးပွားရေး ပူးပေါင်းလုပ်ဆောင်မှုနှင့် ကုန်သွယ်ရေး လွယ်ကူလျင်မြန် ချောမွေ့စေရေး**၏ ထိရောက်သော လုပ်ဆောင်မှုကိရိယာတစ်ခုအဖြစ် ရည်ရွယ်ပါသည်။
- ၎င်းသည် **အတိုင်ပင်ခံ**နှင့် **စည်းနှောင်ခြင်းမရှိသော** သဘောသဘာဝအားဖြင့် တည်ရှိနေပြီး **ကျွမ်းကျင်ပိုင်နိုင်စွာ စီမံခန့်ခွဲခြင်း**နှင့် အများ **ယုံကြည်စိတ်ချနိုင်**ရန် ရည်ရွယ်ပါသည်။
- ၎င်းသည် မည်သူကမှန်သည်နှင့် မည်သူကမှားသည်ကို သတ်မှတ်ပြဋ္ဌာန်းရန် မဟုတ်ဘဲ **လက်တွေ့ကျသော ကုန်သွယ်ရေးပြဿနာများ၏ အဖြေကို ပံ့ပိုးပေးရန်**အတွက်ဖြစ်သည်။
- ၎င်းသည် **ဥပဒေရေးရာ စည်းမျဉ်းစည်းကမ်းတို့၏ အရေးကြီးမှုအတွက် ပွင့်လင်းမြင်သာမှုနှင့် အယူအဆ အဓိပါယ်ကောက်ယူချက်များ** (ဥပမာ- ပင်ရင်းဒေသစည်းမျဉ်းများ၊ အကောက်ခွန်ဆိုင်ရာစနစ်၊ လိုင်စင်၊ စသည်ဖြင့်) **ရှင်းလင်းပြတ်သားမှု**ကို ရှာဖွေခြင်းအတွက် အသုံးပြုနိုင်ပါသည်။
- ၎င်းသည် **ယုံကြည်စိတ်ချရခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တုန့်ပြန်မှုရှိခြင်း နှင့် ထိရောက်မှုရှိခြင်း**အဖြစ် ရည်ရွယ်တည်ရှိပါသည်။
- ၎င်းသည် ရှင်းလင်းသော လမ်းညွှန်မှုနှင့် လုပ်ဆောင်မှုများဖြင့် **ရိုးရှင်းပြီး အသုံးပြုရလွယ်ကူသော ပုံစံ**အဖြစ်တည်ရှိပါသည်။
- **လျှို့ဝှက်ထိမ်းသိမ်းခြင်း**နှင့် ယခုအခါတွင် **အမည်မဖော်လိုခြင်းအတွက်** ထိမ်းသိမ်းထားနိုင်မည်ဖြစ်သည်။ ကုမ္ပဏီများသည် လက်တုန့်ပြန်မှု (သို့မဟုတ်) နာမည်ဆိုး သတင်းကျော်ကြားမှုကို စိုးရိမ်ပူပန်ခြင်းများရှိပါက တိုင်ချက်တစ်ခုကို စွဲချက်တင်ရာတွင် မိမိ၏ကိုယ်ပိုင် အမည်ကို အသုံးပြုရန် မလိုအပ်တော့ပါ။

Central Administrator of ASSIST / ASEAN Secretariat - 70A Jl. Sisingamangaraja - Jakarta 12110 - Indonesia
ASSIST - Supported by ARISE - [Disclaimer]

ASSOCIATION OF SOUTHEAST ASIAN NATIONS

ASSIST
ASEAN Solutions for Investments, Services and Trade

ASSIST ၏ ပင်မအင်္ဂါရုပ်များမှာ မည်သည့်အရာများ ဖြစ်သနည်း။

- အဓိက ပါဝင်သူများ အားလုံးသည် သဘောတူညီထားသော အုပ်ချုပ်မှုရေးရာနှင့် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို စောင့်ထိမ်းလိုက်နာခြင်း၊ **သတ်မှတ် အချိန်ကာလ**ကို ပြည့်မှီအောင် ဆောင်ရွက်နိုင်ခြင်း၊ **သတ်မှတ်ထားသောကျင့်ဝတ်ဥပဒေရေးရာမူများကို လိုက်နာခြင်းများ**ကို **ကတိကဝတ်** ပြုထားရမည်။

- ပြီးပြည့်စုံသော တိုင်ချက်များကိုဖွင့်သည့် **မှန်ကန်စွာမှတ်ပုံတင်ထားသော AEs များသာ** (သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ် အဖွဲ့အစည်းများ) ASSISTကို အသုံးပြုနိုင်သည်။ တိုင်ချက်တစ်စောင်ကို စွဲချက်တင်သည့်အချိန်တွင် **မှတ်ပုံတင်ထားသော အထောက်အထားကို AEs** (သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ် အဖွဲ့အစည်း) ထံသို့ တောင်းဆိုလိမ့်မည် ဖြစ်သည်။

- CAသည် **စနစ်၏သမာသမတ်ရှိမှု**နှင့် ထိရောက်မှုကို ထိမ်းသိမ်းရန်အလို့ငှာ HCPs/ DCPs ထံမှ **အမှီအခိုကင်း၍ သီးခြားရပ်တည်သောသူ** ဖြစ်သည်။

- အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံခြင်းစီသည် အလွန်အရေးပါသော ၎င်း၏ အောင်မြင်မှုအတွက် ၎င်းတို့၏ ပင်မတာဝန်ခံ များထိန်းသိမ်းရန်နှင့် တာဝန်ရှိအာဏာပိုင်များ၏ ကွန်ရက်ကို တည်ထောင်ရန် လိုအပ်သော ဖွဲ့စည်းတည်ဆောက်မှု၊ ဘဏ္ဍာရေးနှင့် လူသားရင်းမြစ်များ ကိုရင်းနှီးမြှုပ်နှံထားရမည်။ **ပုဂ္ဂလိကကဏ္ဍသည် မျက်စိဖွင့်နားဖွင့်ရှိနေရမည်**။

- **အာဆီယံ စီးပွားရေး လုပ်ငန်းအသိုက်အဝန်းသည်** အာဆီယံနိုင်ငံအတွင်း ကုန်သွယ်မှုပြုရာတွင် ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲ အတားအဆီးများကို အဖြေရှာရန်အတွက် **ASSIST မှ ကမ်းလှမ်းပေးထားသော အခွင့်အလမ်းများကို ပြည့်ဝစွာ အသုံးချသင့်**သည်။ ၎င်းတို့သည် ယခုအခါတွင် "ဆင်ခြေပေးစရာမလိုတော့ဘဲ" ၎င်းတို့ကြုံတွေ့နေရသော ကုန်သွယ်ရေး ပြဿနာများကို အဖြေရှာရန် အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ အစိုးရဌာနများနှင့် တိုက်ရိုက် အပြန်အလှန် ဆက်သွယ်ပြောဆိုနိုင်ပြီဖြစ်သည်။

ASSOCIATION OF SOUTHEAST ASIAN NATIONS

ASSIST
ASEAN Solutions for Investments, Services and Trade

ASSIST ၏ ပင်မအင်္ဂါရုပ်များမှာ မည်သည့်အရာများ ဖြစ်သနည်း။

- အမည်ဖော်ရန်မလိုသည့်တိုင်ချက်ကို ပြုလုပ်နိုင်ပြီး စနစ်သည် ရိုးရှင်းသော၊ အင်တာနက်ကို အလုံးစုံ အခြေခံထားသော၊ အဖိုးအခမလိုသော၊ အလုပ်တွင် မြန်ဆန်စေသော စနစ်တစ်ခုဖြစ်ပါသည်။ AEs သည် ၎င်းအတွက် နှစ်နှာ ဆုံးရှုံးစရာမရှိပေ။

- ASSIST သည် အပြန်အလှန်တုံ့ပြန်မှုရှိသည့် **ခြေရာခံ စနစ်**ရှိပြီး၊ **မီးပွိုင့်အချက်ပြစနစ်ခိုင်ခွက်**ကဲ့သို့ အွန်လိုင်းပေါ်ရှိ တိုင်ချက်တစ်ခုချင်းစီ၏ ဖြစ်စဉ်ကို အဓိကပါဝင်သူများမှ မြင်နိုင်ရန် ပြုလုပ်ပေးထားသည်။ (အစိမ်းရောင်-အချိန်မီဆောင်ရွက်နေ၊ အဝါရောင် - သတိပေးချက်၊ အနီရောင်-ကြန့်ကြာနေသည်)

- ယခုအခါ ASSIST ဝက်ဘ်ဆိုဒ်သည် **အာဆီယံ၏ ဘာသာစကား (၇)မျိုး**ဖြင့် ရရှိနေသော်လည်း တိုင်ကြားမှုများကို အင်္ဂလိပ်ဘာသာစကားဖြင့်သာ စွဲချက်တင်နိုင်မည်ဖြစ်သည်။

- ASSIST၏လုပ်ငန်းစဉ်ကို အသုံးပြုသူများအတွက် ပိုမိုနားလည်နိုင်မည့် **တစ်ဆင့်ပြီးတစ်ဆင့် လေ့လာမှု သင်ခန်းစာများ**သည် ယခုအခါတွင် ASSIST ဝက်ဘ်ဆိုဒ်ပေါ်၌ ရရှိနေပြီး အာဆီယံနိုင်ငံ၏ ဘာသာစကားများဖြင့်လည်း ရရှိနေပြီဖြစ်သည်။

- **အမေးများလေ့ရှိသော မေးခွန်းများကဏ္ဍ စာမျက်နှာသည်** ဝက်ဘ်ဆိုဒ်ပေါ်တွင် ရရှိနေပြီဖြစ်သည်။

- CA/HCPs/DCPs အတွက် **အသုံးပြုပုံ လက်စွဲစာအုပ်များ**ကို သက်ဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ASSIST ၏ အမျိုးသားဆက်သွယ်ရေးတာဝန်ခံ (သို့မဟုတ်) ပင်မတာဝန်ခံတို့ထံသို့ တောင်းဆိုသည့်အတိုင်း ရရှိနိုင်မည်ဖြစ်သည်။ ၎င်းသည် **အာဆီယံ ဘာသာစကားများ အားလုံးဖြင့်**လည်း ရရှိနေပြီဖြစ်သည်။

- ASSIST ဝက်ဘ်ဆိုဒ်၏ **'အများပြည်သူ ဆွေးနွေးမှုကဏ္ဍ'**သည် အနာဂတ်တွင် တိုင်တန်းချက်များ၏ အချက်အလက်/စာရင်းအင်း၊ လုပ်ထုံးလုပ်နည်း လမ်းညွှန်မှုများ၊ အောင်မြင်စွာ ဖြေရှင်းထားသော အမှုများ၊ AEs/ အသုံးပြုသူများ၏ မှတ်ချက်များ၊ ASSIST လက်တွေ့ အသုံးပြုပုံ အကြံပေးချက်များကို ပံ့ပိုးပေးထားမည်ဖြစ်သည်။ လျှို့ဝှက်ထိမ်းသိမ်းရမည့် အချက်အလက်များကို ဤအများပြည်သူ ဆွေးနွေးမှုကဏ္ဍ တွင် ဖော်ပြထားလိမ့်မည် မဟုတ်ပါ။

Central Administrator of ASSIST / ASEAN Secretariat - 70A Jl. Sisingamangaraja - Jakarta 12110 - Indonesia
ASSIST - Supported by ARISE - [Disclaimer]

ASSOCIATION OF SOUTHEAST ASIAN NATIONS

ASSIST
ASEAN Solutions for Investments, Services and Trade

ASSIST မည်ကဲ့သို့အလုပ်လုပ်ဆောင်သနည်း။

- လျှောက်ထားသူသည် စာရင်းသွင်းမှတ်ပုံတင်ရန်လိုအပ်ပြီး စနစ်အတွင်း ဝင်ရောက်နိုင်မည့် လျှို့ဝှက်ကုဒ်ကို ရရှိမည်ဖြစ်သည်။
- စံသတ်မှတ်ထားသော လျှောက်လွှာပုံစံကို အသုံးပြုရန်အတွက် ရေးဆွဲထားပြီးဖြစ်သည်။



ASSOCIATION OF SOUTHEAST ASIAN NATIONS

ASSIST
ASEAN Solutions for Investments, Services and Trade

ASSIST မည်ကဲ့သို့အလုပ်လုပ်ဆောင်သနည်း။

- ကွန်ပြူတာမှ အလိုအလျောက်ထုတ်ပေးသော **ခြေရာခံကုဒ်**သည် သတ်မှတ်ထားကာ CA/HCP ကိုအကြောင်းကြားမည်ဖြစ်သည်။
- CA သည် တိုင်တန်းသူ၏ သက်တမ်းအခြေအနေနှင့် တိုင်ချက်၏ ပြီးပြည့်စုံမှုကို (**အလွန်ဆုံး အလုပ်လုပ်ရက် (၁၀)ရက်အတွင်း**) ဆန်းစစ်လိမ့်မည်ဖြစ်သည်။
- CA သည် တိုင်တန်းသူထံသို့ ထပ်ဆောင်းအချက်အလက်များကို (သို့မဟုတ်) ရှင်းပြမှုများကို ပံ့ပိုးရန် တောင်းခံနိုင်ပါသည်။
- CA သည် AE (သို့မဟုတ်) အမည်မဖော်လိုသည့်တိုင်ကြားချက်များအတွက် အာဆီယံအခြေစိုက် ကိုယ်စားလှယ်အဖွဲ့အစည်း (သို့မဟုတ်) အာဆီယံအသိအမှတ်ပြုရှေ့နေ (သို့မဟုတ်) ဥပဒေအကျိုးဆောင်လုပ်ငန်းကို အကြောင်းကြားလိမ့်မည် ဖြစ်ပြီး အကယ်၍ "သက်သေကျိုးကြောင်းခိုင်လုံမှု" ရှိပါက DCP/HCP ထံသို့ တိုင်ချက်ကို တင်သွင်းမည်ဖြစ်သည်။
- အမြင့်ဆုံး အချိန်သတ်မှတ်ချက် (**အလုပ်လုပ်ရက် (၁၀)ရက်**)သည် DCP အတွက် တိုင်ကြားချက်ကို လက်ခံရန်/ ငြင်းပယ်ရန် အတွက် သတ်မှတ်ထားခြင်း ဖြစ်သည်။
- တိုင်ချက်များ၏ ငြင်းပယ်မှုများကို **စာဖြင့် အကြောင်းပြချက်နှင့်တကွ အခြေတည် ပံ့ပိုးပေး**ရမည်ဖြစ်သည်။
- လက်ခံခဲ့ပါက DCPသည် RA(s)အား ပါဝင်စေလိမ့်မည်ဖြစ်ပြီး တိကျသည့် သတ်မှတ်ထားသော အချိန်သည် (**၃၀ မှ ၅၀ရက် အလုပ်လုပ်ရက်အတွင်း**) အကျုံးဝင်လိမ့်မည်ဖြစ်သည်။
- RAs/DCPသည် အမှုကိစ္စ ရှုပ်ထွေးနက်နဲပါက အချိန်ထပ်တိုးမှုကို (**အလုပ်လုပ်ရက် ၂၀**)အထိ တောင်းဆိုပါလိမ့်မည်။
- RAs/DCPသည် တုံ့ပြန်ချက်/ အဖြေနှင့်/ ကုထုံးများကို စာဖြင့် ရေးသားပေးပို့ခြင်းဖြင့် **ပံ့ပိုးပေးရ**မည်။
- အကယ်၍ RAs/DCP သည် **တုံ့ပြန်မှု မရှိပါက** CAသည် ဆက်လက် အရေးယူ ဆောင်ရွက်ရန် တိုက်တွန်းလိမ့်မည်ဖြစ်ပြီး အမှုကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများထံသို့ လွှဲပြောင်းပေးလိမ့်မည်ဖြစ်သည်။

ASSIST မည်ကဲ့သို့အလုပ်လုပ်ဆောင်သနည်း။

- DCP သည် CA ထံသို့ အဖြေကို ပံ့ပိုးပေးလိမ့်မည်၊ သို့မဟုတ် အဘယ်ကြောင့် အမှုကိစ္စကို ဖြေရှင်း၍မရကြောင်းကို အဆိုပြုအကြံပေးလိမ့်မည်ဖြစ်သည်။
- CA သည် အဖြေကို ASSISTပေါ်တွင် မှတ်တမ်းတင်ထားမည်ဖြစ်ပြီး အမည်မဖော်လိုသည့် တိုင်ကြားချက်များအတွက် အာဆီယံအခြေစိုက် ကိုယ်စားလှယ် အဖွဲ့အစည်း (သို့မဟုတ်) အာဆီယံ အသိအမှတ်ပြုရှေ့နေ(သို့မဟုတ်) ဥပဒေအကျိုးဆောင်လုပ်ငန်းများအတွက် AEထံသို့ ၎င်းကို ပေးပို့လိမ့်မည်ဖြစ်သည်။ CA သည် HCP ထံသို့ မိတ္တူလက်ခံပေးပို့လိမ့်မည်ဖြစ်သည်။
- AE (သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်အဖွဲ့အစည်း၊ သို့မဟုတ် ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်း) သည် အမှုကိစ္စကို **စိတ်ကျေနပ်ဖွယ်ကောင်းအောင် ကိုင်တွယ် ဖြေရှင်းပေးသည်**ဟု ယူဆပါက (ဥပမာ ဖြေရှင်းခဲ့သည်/ပြီးပြတ်ခဲ့သည်) CA ထံသို့ အသိပေးအကြောင်းကြားမည်ဖြစ်သည်။
- စိတ်ကျေနပ်မှုမရှိပါက AE (သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်အဖွဲ့အစည်း၊ သို့မဟုတ် ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်း) သည် CA ထံသို့ ရည်ရွယ်ထားသည့် ဆောင်ရွက်မည့် နည်းလမ်းကို အသိပေး အကြောင်းကြားမည်ဖြစ်သည်။

ASSOCIATION OF SOUTHEAST ASIAN NATIONS
ASSIST
ASEAN Solutions for Investments, Services and Trade

ASSIST ၏ ယန္တရားနှင့် ၎င်း၏ ဆက်စပ်အချိန်ကာလကို ဖော်ပြထားသော ဖြစ်စဉ်ပြကားချပ်



Central Administrator of ASSIST / ASEAN Secretariat - 70A Jl. Sisingamangaraja - Jakarta 12110 - Indonesia
ASSIST - Supported by ARISE - [Disclaimer]

ASSOCIATION OF SOUTHEAST ASIAN NATIONS

ASSIST
ASEAN Solutions for Investments, Services and Trade

ASSIST ၏ ယန္တရားနှင့် ၎င်း၏ ဆက်စပ်အချိန်ကာလကို ဖော်ပြထားသော ဖြစ်စဉ်ပြကားချပ်



ASSOCIATION OF SOUTHEAST ASIAN NATIONS

ASSIST
ASEAN Solutions for Investments, Services and Trade

ASSIST ၏ ယန္တရားနှင့် ၎င်း၏ ဆက်စပ်အချိန်ကာလကို ဖော်ပြထားသော ဖြစ်စဉ်ပြကားချပ်



Central Administrator of ASSIST / ASEAN Secretariat - 70A Jl. Sisingamangaraja - Jakarta 12110 - Indonesia
ASSIST - Supported by ARISE - [Disclaimer]

ASSOCIATION OF SOUTHEAST ASIAN NATIONS

ASSIST
ASEAN Solutions for Investments, Services and Trade

ASSIST ဝက်ဘ်ဆိုဒ် အသုံးပြုမှု၏ ကိန်းဂဏန်းစာရင်း အချက်အလက်

- **ပထမ လုပ်ငန်းလုပ်ဆောင်မှု (၈/၂၀၁၆ မှ ၁၂/၂၀၁၈ ထိ) ၂၉ လအတွင်း အမှု ၄ ခု စွဲချက်တင်ခဲ့ပြီး လွှန်ခဲ့သည့် လ(၂၀) အတွင်း (၁/၂၀၁၉ မှ ၈/၂၀၂၀ထိ) အမှု ၇ ခု စွဲချက်တင်ခဲ့ပြီး။**

- ဤအချက်အလက်သည် အမည်ဖော်ရန်မလိုသည့် တိုင်ကြားမှုဖြစ်စဉ်အား မိတ်ဆက်အပြီးတွင် အသုံးပြုမှု (၁၇၅) ရာခိုင်နှုန်းထိတိုးလာသည်နှင့် ကိုက်ညီနေသည်။ အမှန်အားဖြင့် အမှု (၇) မှုထဲမှ (၅) မှုသည် ၁/၂၀၁၉ ကတည်းက စီပွားရေးကောင်စီ သို့မဟုတ် စီပွားရေး အဖွဲ့ချုပ်မှ စွဲချက်တင်ထားခဲ့ခြင်းဖြစ်သည်။

- သင်၏ကိစ္စရပ်သည် နောက်လာမည့်အမှု ဖြစ်လိမ့်မည်လား?

ASSOCIATION OF SOUTHEAST ASIAN NATIONS

ASSIST
ASEAN Solutions for Investments, Services and Trade

ကျေးဇူးတင်ပါသည်

တင်ဆက်ထားသော အကြောင်းအရာများအား (ppt format) ဖြင့်ရယူရန် ***ASSIST - ပုဂ္ဂလိကကဏ္ဍအတွက်အခွင့်အလမ်းတစ်ခု*** လင့်ခ်သို့ဝင်ရောက်ရယူနိုင်ပါသည်။



Central Administrator of ASSIST / ASEAN Secretariat - 70A Jl. Sisingamangaraja - Jakarta 12110 - Indonesia
ASSIST - Supported by ARISE - [Disclaimer]


MFTB
Myanma Foreign Trade Bank







ပုဂ္ဂလိကကဏ္ဍအတွက် ASSIST
အသုံးပြုမှုလက်စွဲ စာအုပ်

ပုဂ္ဂလိကကဏ္ဍအတွက် ASSIST အသုံးပြုမှုလက်စွဲ စာအုပ်

ဤလက်စွဲစာအုပ်အကြောင်း

ဤလက်စွဲစာအုပ်သည် အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC)၏မူဘောင်အတွင်းနှင့်၊ အာဆီယံ စီးပွားရေး သဘောတူညီချက်များကို အကောင်အထည်ဖော်ရာတွင်၊ ဆက်စပ်နေသည့် နယ်စပ်ဖြတ်ကျော် ပြဿနာရပ်များအပေါ်၊ အာဆီယံ စီးပွားရေး လုပ်ငန်းစုများမှ ကြုံတွေ့နေရသော လုပ်ငန်းပိုင်းဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်ရည်ရွယ်၍ တည်ဆောက်ထားသော၊ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုများနှင့် ကုန်သွယ်ရေးဆိုင်ရာအတွက် အာဆီယံ၏ ဖြေရှင်းနည်းများ သို့မဟုတ် ASSIST ၏ အခကြေးငွေမယူသော အွန်လိုင်းအခြေခံ၊ စည်းနှောင်ထားမှုမရှိသည့် အတိုင်ပင်ခံ ယန္တရား၏ လမ်းညွှန်မှုနှင့် လုပ်ထုံးလုပ်နည်းများကို အဓိကပါဝင်သူများအတွက် ပံ့ပိုးပေးထားပါသည်။

ဤလက်စွဲစာအုပ်၏ အပိုင်း(၁)တွင် ASSIST ၏ အထွေထွေသုံးသပ်ချက်များ၊ လွှမ်းခြုံသည့်နယ်ပယ်၏ အချုပ်ဖော်ပြချက်၊ အဓိကပါဝင် လုပ်ဆောင်သူများ၊ ဆက်သွယ်ဆောင်ရွက်သည့် လမ်းကြောင်း, စသည်တို့ ပါဝင်သည်။ အပိုင်း(၂)တွင် အမည်မဖော်လိုသည့်တိုင်ကြားမှုနှင့် အမည်ဖော်ပြထားသည့် တိုင်ကြားမှုများ အတွက် ASSIST မှ ဖြေရှင်းမှုကို ပံ့ပိုးပေးသည့်အခါတွင် အွန်လိုင်းတိုင်ကြားမှု ပုံစံကို အသုံးပြု၍ တိုင်ကြားမှု ကိုင်တွယ်ဖြေရှင်းသည့် ဖြစ်စဉ်ကို ရှင်းပြထားပါသည်။ ASSIST ၏ ဖြစ်စဉ်ပြလမ်းကြောင်းကို ရိုးရှင်းသော ပုံစံကားချပ်ဖြင့် အပိုင်း(၂) တွင်လည်း ပံ့ပိုးပေးထားပါသည်။

အညွှန်းဇယားများ၊ ASSISTယန္တရား၏ ဖြစ်စဉ်ပကြားချပ်များ၊ အမေးများလေ့ရှိသော မေးခွန်းများ (FAQs)နှင့် ASSIST လုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်နိုင်ရန်အတွက် ပုံဖော်ဖန်တီးယူ ထားသော ဖြစ်စဉ်လေ့လာမှု သင်ခန်းစာများအား နောက်ဆက်တွဲများအဖြစ် ဤလက်စွဲစာအုပ်၏ နောက်ဆုံးပိုင်းတွင် ဖော်ပြထား ပါသည်။

ASSIST ကို ၎င်း၏ကိုယ်ပိုင် ဝက်ဘ်ဆိုဒ် (http://assist.asean.org) မှတိုက်ရိုက် ဝင်ရောက်နိုင်ပြီး (သို့မဟုတ်) အာဆီယံ ကုန်သွယ်ရေးသုတဘဏ် (http://atr.asean.org) ဝက်ဘ်ဆိုဒ်မှတဆင့် လည်းဝင်ရောက်နိုင်ပါသည်။

မာတိကာ

ဤလက်စွဲစာအုပ်အကြောင်း 14

အပိုင်း (၁) 6

ASSIST ဆိုင်ရာအထွေထွေခြုံငုံသုံးသပ်ချက် 6

ASSIST ဆိုသည်မှာ အဘယ်နည်း။ 6

(က) ASSISTကို အဘယ်ကြောင့် နှင့်မည်သို့ တည်ဆောက်ထားပါသနည်း။ 7

(ခ) ASSIST၏ သတ်မှတ်ချက် နယ်ပယ် မည်မျှဖြစ်သနည်း။ 8

ASSIST မှလွှမ်းခြုံထားသည့်ကိစ္စရပ်များ 8

ASSIST မှလွှမ်းခြုံထားခြင်းမရှိသည့်ကိစ္စရပ်များ 8

(ဂ) ASSIST၏အဓိက လက္ခဏာရပ်များမှာ အဘယ်နည်း။ 8

(ဃ) ASSISTအတွင်း ၌မည်သူတို့သည် အဓိက ပါဝင်ဆောင်ရွက်သူများဖြစ်သနည်း။ 9

၁။ အာဆီယံစီးပွားရေးလုပ်ငန်း (AE) 9

၂။ ဗဟိုအုပ်ချုပ်ရေးမှူး (CA) 10

၃။ အိမ်ရှင်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံ 10

၄။ ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံ 10

၅။ သက်ဆိုင်ရာအမျိုးသားအာဏာပိုင်များ 10

(င) တိုင်ကြားစာများ ကိုမည်သို့တိုင်ချက် ဖွင့်နိုင်ပါသနည်း။ 11

၁။ အမည်ဖော်ထားသည့်တိုင်ကြားချက်များ 11

၂။ အမည်မဖော်လိုသည့်တိုင်ကြားချက်များ 11

(စ)ASSIST၏ ဆက်သွယ်ရေးလမ်းကြောင်းများသည် မည်သို့အလုပ်လုပ်ပါသနည်း။ 12

(ဆ) ASSIST ဝက်ဘ်ဆိုဒ်ပေါ်ရှိ ပြည်သူ့ဆွေးနွေးပွဲ 14

အပိုင်း (၂) 14

တိုင်ကြားမှုကို ကိုင်တွယ်ဖြေရှင်းသည့်လုပ်ငန်းစဉ် 14

တိုင်ကြားချက်ကို မည်သို့ဖွင့်ပါသနည်း။ 14

က။ အွန်လိုင်းတိုင်ကြားစာပုံစံကို အသုံးပြုခြင်း 14

၁။ အာဆီယံစီးပွားရေးလုပ်ငန်းတစ်ခုအတွက် 14

၂။ အာဆီယံအခြေစိုက် ကုန်သွယ်ရေး အဖွဲ့အစည်းနှင့် အခြားသော အာဆီယံအခြေစိုက် ကိုယ်စားလှယ်အဖွဲ့တို့အတွက်။ ..14

၃။ အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းအတွက် 14

(ခ) တိုင်ကြားချက်တစ်ရပ်ကို ကိုင်တွယ် ဖြေရှင်းခြင်းဆိုင်ရာအဆင့်များ 15

၁. အာဆီယံစီးပွားရေးလုပ်ငန်း သို့မဟုတ် အာဆီယံအခြေစိုက် ကိုယ်စားလှယ် အဖွဲ့အစည်း 15
၂. အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းအတွက်
အမည်မဖော်လိုသည့်တိုင်ကြားချက်ဖောင်ပုံစံကိုကူးယူအသုံးပါ 20

(ဂ)ASSISTလုပ်ငန်းစဉ်ကိုပြသည့် ကားချပ် 22

(ဃ) တိုင်ကြားချက်ကို ကိုင်တွယ်ဖြေရှင်းသည့် အချိန်ဇယား 24
၁။ သက်တမ်းတိုးခြင်း 24
၂။ အချိန်နှောင်းသောဆောင်ရွက်ချက်များကို ဆက်လက်တိုက်တွန်းလုပ်ဆောင်ခြင်း။ 24

(c) တိုင်ကြားသူက တိုင်ကြားချက်၏တိုးတက်မှုဖြစ်စဉ်ကို စောင့်ကြည့်လေ့လာ နိုင်သည်။ 26

နောက်ဆက်တွဲ(၁) 28

ကိုးကားချက်စာရင်း 28
၁.၁. ကုန်ပစ္စည်းများ၏ ဆင့်ပွား အမျိုးအမည်စာရင်း 28
၁.၂. ဝန်ဆောင်မှုများဆိုင်ရာ အခန်းကဏ္ဍများနှင့် ကဏ္ဍခွဲများ 30

နောက်ဆက်တွဲ (၂) 36
၂.၁။ အာဆီယံစီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် အာဆီယံအခြေစိုက် ကိုယ်စားလှယ် အဖွဲ့တစ်ခုမှ ဖွင့်သော
တိုင်ကြားစာတစ်ခုအတွက် 36
၂.၂ အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းမှ ဖွင့်သောတိုင် ကြားစာတစ်ခုအတွက် 38

နောက်ဆက်တွဲ၃. 39

အမေးများလေ့ရှိသည့် မေးခွန်းများ (FAQs) 39

နောက်ဆက်တွဲ (၄) 47

ပုံဖော်ဖန်တီးယူထားသည့် ဖြစ်ရပ်လေ့လာမှုများ 47

အပိုင်း (၁)

ASSIST ဆိုင်ရာအထွေထွေခြုံငုံသုံးသပ်ချက်

လက်စွဲစာအုပ်၏ဤအပိုင်းသည် ASSIST ဆိုသည်မှာ၏ အထွေထွေခြုံငုံသုံးသပ်ချက်နှင့် ၎င်း၏ ဖွဲ့စည်းပုံ (ဥပမာ တည်ထောင်မှု၊ နယ်ပယ်အကန့်အသတ်၊ အဓိကလက္ခဏာရပ်များ၊ အဓိက ပါဝင် ဆောင်ရွက်သူများ၊ တိုင်ကြားချက် အမျိုးအစားများ၊ ဆက်သွယ်ရေး လမ်းကြောင်းများနှင့် ပြည်သူ ဖိုရမ်) တို့ကိုဖော်ပြထားပါသည်။

ASSIST ဆိုသည်မှာ အဘယ်နည်း။

- လက်တွေ့ ဖြစ်ပေါ်လျက်ရှိသည့် ကုန်သွယ်ရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်ခုချင်းစီမှ အစိုးရများနှင့် တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်နိုင်ရန် အလို့ငှာ အာဆီယံစီးပွားရေးအော်ပရေတာများနှင့် ပုဂ္ဂလိက ကဏ္ဍတို့ကို အဆင်ပြေ ချောမွေ့စေရန်၊ တွန်းအားပေးခွင့်ပြုပေးရန် အဓိကနည်းလမ်း တစ်ခုအနေဖြင့် ASSIST ကို ရည်ရွယ် တည်ဆောက်ထားခြင်းဖြစ်သည်။



- အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုတွင် တရားဝင်မှတ်ပုံတင်ထားသည့် အာဆီယံစီးပွားရေး လုပ်ငန်းနှင့် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံ (၉)နိုင်ငံမှ နိုင်ငံတစ်ခု၏ အစိုးရတို့ကြား ရှိအာဆီယံနိုင်ငံတွင်း နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးကိစ္စရပ်များအတွက်သာ ASSIST ကိုအသုံးပြုနိုင်ပါသည်။ ထို့ကြောင့် ASSISTကို အာဆီယံပြင်ပရှိနိုင်ငံ တစ်ခု၏အစိုးရအဖွဲ့ကို တိုင်ကြားရန်အတွက် အသုံးပြုနိုင်မည် မဟုတ်ပေ။ ASSISTကို အခြားသော ကုမ္ပဏီများနှင့် ဆက်နွယ်သည့် ပြဿနာရပ်များကို ဖော်ထုတ်တင်ပြရာတွင် လည်း အသုံးပြု ကောင်းပြုနိုင်ပါသည်။

- ASSIST သည် အာဆီယံစီးပွားရေးလုပ်ငန်းများ၊ ၎င်း၏ကိုယ်စားလှယ်အဖွဲ့အစည်းများ သို့မဟုတ် ၎င်းမှခန့်အပ်ထားသည့်ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းအဖွဲ့တို့မှ တင်သွင်းသည့် တိုင်ကြားချက်များကို လက်ခံခြင်း၊ စီစဉ်ဆောင်ရွက်ခြင်းနှင့် ပြန်လည် တုံ့ပြန်ခြင်း တို့အတွက် စီးပွားရေးလုပ်ငန်းတို့နှင့်ရင်းနှီးကျွမ်းဝင်သည့် အင်တာနက်ကို အခြေခံသည့် ပံ့ပိုးမှုအင်္ဂါရပ် တစ်ခုပင်ဖြစ်သည်။

- ASSIST၏ သတ်မှတ်နယ်ပယ်အတွင်းရှိ တိုင်ကြားချက်များမှာ အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC)၏ မူဘောင်အတွင်းနှင့် အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူညီချက်များကို အကောင်အထည်ဖော်ရာတွင် နယ်စပ်ဖြတ်ကျော်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အာဆီယံ စီးပွားရေးလုပ်ငန်းများမှ ရင်ဆိုင်ကြုံတွေ့နေရသည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပြဿနာရပ်များ အတွက်သာ ကန့်သတ် ထားပါသည်။

- ASSISTသည် စည်းနှောင်မှုမရှိ၊ ဆွေးနွေးတိုင်ပင်နိုင်သည့် ဆက်သွယ်ရေး နည်းလမ်းတစ်သွယ်ပင်ဖြစ်ပြီး၊ အာဆီယံဒေသအတွင်း နယ်စပ်ဖြတ်ကျော်စီးပွားရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်သွယ်ရေးပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေရသည့် အာဆီယံ စီးပွားရေးလုပ်ငန်းတို့အတွက် မြန်ဆန်ပြီး၊ ထိရောက်မှုရှိသည့် ဖြေရှင်းချက်တို့ကို ရှာဖွေပေးမည်ဖြစ်သည်။ “စည်းနှောင်မှုမရှိ” ဟူသည့်ဆိုလိုရင်းမှာ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ASSIST စနစ်ပေါ်တွင် စွဲချက်တင် တိုင်ကြားချက်များကို ဖြေရှင်းမှု ပေးမည်မဟုတ် သို့မဟုတ် တိုင်ကြားချက်ကို လက်ခံမည်မဟုတ်ဟု ဆုံးဖြတ် ကောင်းဆုံးဖြတ်နိုင်ခြင်းဖြစ်ပါသည်။ ASSIST သည် စည်းနှောင်မှုမရှိ သော်လည်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အကောင်းဆုံး ကြိုးစားမှုကိုအခြေခံပြီး တိုင်ကြားချက်များကို ကိုင်တွယ်ကြရမည်ဖြစ်သည်။

- ASSIST သည် သဘာဝအားဖြင့် ဆွေးနွေးတိုင်ပင်သည့်ပုံစံဖြစ်၍၊ ၎င်းသည် နိုင်ငံတော်အဆင့် သို့မဟုတ် နိုင်ငံတကာ တရားရုံး တစ်ခု၏ ရှေ့တွင် ထုတ်ဖော်ပြသည့် တရားရေးစနစ် တစ်ရပ်မဟုတ်သည့်အပြင်၊ လွတ်လပ်သော တရားသူကြီးတစ်ဦး၊ အဆုံးအဖြတ်ပေးသူ တစ်ဦး၊ ဖျန်ဖြေညှိနှိုင်းသူတစ်ဦး၊ ပညာရှင်များအဖွဲ့ သို့မဟုတ် တတိယမြောက် အကဲဖြတ် အဖွဲ့အစည်းတစ်ရပ်ဖြင့် စီမံခန့်ခွဲဆုံးဖြတ်သည်မျိုး မဟုတ်ပါဟု ဆိုလိုသည်။ အာဆီယံစီးပွားရေးလုပ်ငန်းများ (ကုမ္ပဏီများ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ် အဖွဲ့များ - ဆိုလိုသည်မှာ ကုန်သွယ်ရေးအဖွဲ့အစည်းများ၊ ကုန်သည်ကြီးများအသင်း၊ စီးပွားရေးကောင်စီများ သို့မဟုတ် ဖက်ဒရေးရှင်းများ သို့မဟုတ် ၎င်းတို့ခန့်အပ် ထားသည့်ရှေ့နေများ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်း အဖွဲ့များ) နှင့် အာဆီယံ အစိုးရအဖွဲ့များအကြား ASSIST၏ ဆော့ဖ်ဝဲလ် ပလက်ဖောင်းမှ တစ်ဆင့် တိုက်ရိုက် အွန်လိုင်းဆွေးနွေးတိုင်ပင်မှု နည်းလမ်းများ ဖြစ်သည်။

- ASSIST သည် အာဆီယံအတွင်းရေးမှူးရုံးက စီမံခန့်ခွဲပေးထားသည့် အွန်လိုင်းပံ့ပိုးမှု အင်္ဂါရပ်တစ်ခုမှတစ်ဆင့် လည်ပတ် ဆောင်ရွက်နေသည့် အခမဲ့ ဝန်ဆောင်မှုနည်းလမ်း တစ်ရပ်ဖြစ်သည်။ ASSIST ကိုအသုံးပြုရာတွင် အခကြေးငွေ၊ ဝန်ဆောင်ခနှင့် မှတ်ပုံတင် ကုန်ကျစရိတ် သို့မဟုတ် လျှောက်ထားတင်ပြခြင်းတို့အတွက် ကုန်ကျစရိတ်တို့မရှိပါ။ ASSIST ဝက်ဘ်စနစ်ကို လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် အချိန်ဇယား အစုတို့အပေါ်တွင် အခြေခံထားသည့် မြန်နှုန်းမြင့် အလိုအလျောက်ဖြစ်စေသော သရုပ် လက္ခဏာများ၊ ကွန်ပြူတာမှ

ထုတ်ထားသည့် အသိပေးအကြောင်းကြားသည့် ပုံစံများနှင့် စာအဆက်အသွယ် (အီမေးလ်ပို့ပေးခြင်း) နှင့်အတူ ရိုးရှင်း၍၊ သုံးစွဲသူများနှင့်ရင်းနှီး ကျွမ်းဝင်သည့်ပုံစံတို့ အပေါ်တွင် အခြေခံထားသည်။ ယင်းက လုပ်ငန်းစဉ်ကို မြန်ဆန် ချောမွေ့၍၊ အလုပ်တွင်စေရန်အပြင်၊ စီမံခန့်ခွဲရန် နှင့်သုံးစွဲရလွယ်ကူစေပြီး၊ ထိရောက် စေလိုသည့် ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်ထားခြင်း ဖြစ်သည်။

- လျှို့ဝှက်စွာထားရှိမှုသည့် အဆုံးစွန်အရေးကြီးဆုံးဖြစ်၍၊ တိုင်ကြားသူများအပြင်၊ တိုက်ရိုက်ပါဝင် ပတ်သက်နေသည့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံ အတွင်းရေးမှူးရုံးတို့က သာလျှင် တိုင်ကြားချက်အမှန်နှင့် အဆိုပြုထားသည့် ဖြေရှင်းချက် တို့ကို (ယင်းနှင့်စပ်လျဉ်း၍ ASSISTတို့၏ဝက်ဘ်ဆိုဒ် စာမျက်နှာအားလုံး၏ အောက်ခြေရှိ လင့်ခ်ကိုသုံး၍ ဝင်ရောက်ကြည့်ရှု နိုင်သည့် တာဝန်နှင့် မသက်ဆိုင်ကြောင်း ရှင်းလင်းချက် (disclaimer of liability) ကိုလည်း ကျေးဇူးပြု၍ ကိုးကားပါ။) ဝင်ရောက် ကြည့်ရှုခွင့်ရရှိမည်ဖြစ်သည်။

- ASSIST မှတစ်ဆင့်ဖလှယ်ထားသည့်မည်သည့်သတင်းအချက်အလက်ကိုမဆို နောက်ပိုင်း၌ ပြည်တွင်း တရားစွဲဆိုခြင်း သို့မဟုတ် နိုင်ငံတကာအငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ ရည်ရွယ်ချက်တို့အတွက် တရားရုံးတော်တွင် အသုံးပြုနိုင်မည်မဟုတ်ပါ။ (ဆိုလိုသည်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း နှင့်/သို့ အာဆီယံတို့ဖြစ်သည်။) ASSIST ၏မသက်ဆိုင်ကြောင်းရှင်းလင်းဖော်ပြချက်မှာ ရှင်းလင်းပြတ်သားသည်။ ASSISTဏ၏ လုပ်ငန်းစဉ်အတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ သို့မဟုတ် တိုင်ကြားသူများမှ ပြုလုပ်ထားသည့် သတင်းအချက်အလက်များ သို့မဟုတ် ဖော်ပြချက်များကို ပြည်တွင်း သို့မဟုတ် နိုင်ငံတကာ တရားစွဲဆိုမှု ကိစ္စရပ်များတွင် အသုံးပြုနိုင်မည်မဟုတ်ပေ။ တရားရုံးတွင် တရားဝင် အသုံးပြုနိုင်မည် မဟုတ်သော်လည်း၊ ဖြေရှင်းချက်တို့ကို အဆိုပြုသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံ၏ စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့အစည်းများ (ဆိုလိုသည်မှာ အကောက်ခွန်အရာရှိများ၊ ကုန်သွယ်ရေး အရာရှိများ၊ သွင်းကုန်လိုင်စင်ထုတ်ပေးရသည့် အာဏာပိုင်အဖွဲ့အစည်များ၊ စည်းကမ်းထုံးထမ်းနှင့် ကိုက်ညီအောင် စိစစ် အကဲဖြတ်သည့် အဖွဲ့အစည်းများ၊ စသည်ဖြင့်။) ၏ ရှေ့တွင်မူ အဆိုပြုထားသည့် ဖြေရှင်းချက်နည်းလမ်းတို့သည် ထိုကဲ့သို့တိုင်ကြားချက်များ၏ ဆက်စပ်အကြောင်းအရာ တို့အပေါ်တွင် တိကျသည့် သက်ရောက်မှု တန်ဖိုးရှိပါသည်။

(က) ASSISTကို အဘယ်ကြောင့် နှင့်မည်သို့ တည်ဆောက်ထားပါသနည်း။

အာဆီယံခေါင်းဆောင်များမှအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်အတိုင်း၊ အာဆီယံ ကုန်သွယ်စည် ကုန်သွယ်ရေး ဆိုင်ရာ သဘော တူညီချက်အောက်မှ ပြဋ္ဌာန်းထားသည့် ကုန်သွယ်ရေးနှင့် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ပြဿနာရပ်များ ကိုဖြေရှင်းရန်အတွက် အာဆီယံ ဆွေးနွေးညှိနှိုင်းမှု (ACT) ကို အကောင်အထည်ဖော်ရန် ASSIST ယန္တရားကို တည်ဆောက်ထားခြင်းဖြစ်သည်။ ထို့ပြင် ယင်းယန္တရား သည် ဥရောပသမဂ္ဂ၏ SOLVIT စနစ်အပေါ်တွင် အကြမ်းဖျင်းအားဖြင့် အခြေခံထားသည်။

ACT ဟူသည် အာဆီယံ သဘောတူညီချက် ကြေညာစာတမ်း-၂ (ဘာလီသဘောတူညီချက်-၂) တွင် ပါဝင်ပြီး၊ အာဆီယံ ကုန်စည် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်၏ပုဒ်မ (၈၈) တွင်ဖော်ပြထား သည့်အတိုင်းပင် ၂၀၀၀ ခုနှစ်တွင် စမ်းသပ်ဆောင်ရွက်ခဲ့သည့် ဆွေးနွေးညှိနှိုင်းမှု ယန္တရား တစ်ရပ်ပင်ဖြစ်သည်။

အာဆီယံအကြီးတန်းစီးပွားရေးအရာရှိများသည် ASSIST ဆိုင်ရာအယူအဆအပေါ် အခြေခံသည့် ARISE (အာဆီယံဒေသတွင်း ပေါင်းစည်းရေးအတွက် ဥရောပသမဂ္ဂ၏ပံ့ပိုးကူညီမှုရုံး) ၏အဆိုပြုချက်ကို ထောက်ခံခဲ့ပြီး၊ လိုအပ်သည့်အဖွဲ့အစည်းဆိုင်ရာယန္တရားများ၊ ASSIST အတွက် အသေးစိတ်လုပ်ထုံး လုပ်နည်းများနှင့် လမ်းညွှန်ချက်များအပြင်၊ ASSISTဏ၏အဓိက ပါဝင် ဆောင်ရွက် သည့် အဖွဲ့အစည်းများ အတွက် အင်တာနက်ဖြင့် ဝင်ရောက်ရန်ခွင့်ပြုထားသည့်ဝက်ဘ်ဆိုဒ်တို့ကို တည်ဆောက်ရန် ARISE ကို လမ်းညွှန်ခဲ့ပါ သည်။

ပိုမိုထိရောက်လျင်မြန်သည့်အပြုအမူဖြင့်လုပ်ငန်းလည်ပတ် လုပ်ဆောင်နိုင်ရန် ယန္တရားကို လုပ်ဆောင်ပေးခြင်း နှင့်၊ ၎င်း၏ဖွဲ့စည်းပုံကို ပိုမိုခေတ်မှီအောင်ပြုလုပ်နေစဉ်တွင် ASSIST သည် ACT ၏ တိုင်ပင် ဆွေးနွေးမှုရှိ၍ စည်းနှောင်မှုမရှိသည့် ဝိသေသလက္ခဏာရပ်များကို ထပ်လောင်း အတည် ပြုခဲ့ပါသည်။ ထိုကဲ့သို့ပင် တိုးပွားလာသော အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းရေးယန္တရား အပေါ်အာဆီယံ ကျင့်ဝတ်၏ ပုဒ်မ ၁ (၁) ၏သက်မှတ် နယ်ပယ်အတွင်းကျရောက်သော အာဆီယံ သဘောတူညီချက် များ၏ အကောင်အထည်ဖော်မှု နှင့်ဆက်စပ် နေသည့် နယ်စပ်ဖြတ်ကျော်ကိစ္စရပ် များအပေါ် အာဆီယံ လုပ်ငန်းများမှကြုံတွေ့ခဲ့ရသည့် လုပ်ငန်း လည်ပတ်မှုဆိုင်ရာ ပြဿနာရပ်များ၏ အလုပ်တွင်ကျယ်ပြီး ထိရောက်သည့် ဖြေရှင်းချက် ယန္တရား တစ်ရပ် အနေဖြင့် ASSIST သည်ထမ်းဆောင်ပါသည်။ လာအိုနိုင်ငံမှ အာဆီယံဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်သည့်အချိန်က အဓိကလုပ်ငန်းစဉ်များစွာအနက် တစ်ခု အဖြစ် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် ၄၈ ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများ အစည်းအဝေးနှင့်တချိန်ထဲတွင် ASSISTကို မိတ်ဆက် ခဲ့ခြင်းဖြစ်သည်။ ASSIST ၏ ရည်ရွယ်ထားသည့် နောက်ဆုံး ခြေလှမ်းမှာ သယ်ယူပို့ဆောင်ရေး၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပြင်၊ ဝန်ဆောင်မှု ဆိုင်ရာ သဘောတူညီချက်များနှင့် အာဆီယံကျင့်ထုံးများသာမက၊ အာဆီယံကုန်စည် ကုန်သွယ်ရေး ဆိုင်ရာ သဘော တူညီချက်၏ ဆိုလိုရင်းအရနှင့် သဝဏ်လွှာ နှစ်ရပ်စလုံးကို အကောင်အထည် ဖော်ရေးနှင့် စည်းကမ်း လိုက်နာစေရေး တို့ပင်ဖြစ်သည်။ စနစ်အားတဖြည်းဖြည်း ပုံမှန်လည်ပတ် လာနိုင်စေရန် ကနဦးကာလ တွင် ASSISTကို အာဆီယံဒေသတွင်းရှိ ကုန်စည်ဆိုင်ရာ ကုန်သွယ်ရေးပြဿနာရပ်များအတွက်သာ ကန့်သတ်ထားသည်။ သို့ရာတွင် ယင်းစနစ်ကို ဝန်ဆောင်မှုများ ဆိုင်ရာကုန်သွယ်ရေး နှင့် ကုန်သွယ်မှုနှင့် ဆက်စပ်သည့် ရင်းနှီးမြှုပ်နှံမှု စီမံဆောင်ရွက်ချက်များကို ကိုင်တွယ် ဖြေရှင်းရန်အလို့ငှာ တည်ဆောက်ထားခြင်း လည်းဖြစ်သည်။

ပူးပေါင်းဆောင်ရွက်ရေးယန္တရားများကို နိုင်ငံအဆင့်၌ ပြည့်ပြည့်ဝဝ သို့မဟုတ် ဒေသတွင်း သီးသန့် သဘောတူ ညီချက်စိတ်ဓါတ်ဖြင့် အကောင်အထည်ဖော်ပုံမရသည့် နေရာများရှိ ပြဿနာရပ်များ သို့မဟုတ် စိုးရိမ် ပူပန်မှုတို့ကို ဖော်ထုတ်တင်ပြခြင်းဖြင့် ဒေသတွင်း

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကို အတားအဆီးဖြစ်စေသည့် မည်သည့် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်ချက်များ၊ အကောက်ခွန်မဟုတ်သော အတားအဆီးများ ၊ မည်သည့်ကုန်သွယ်ရေးဆိုင်ရာအနှောင့်အယှက် သို့မဟုတ် ကုန်သွယ်ရေးပြဿနာကိုမဆို ဖော်ထုတ် တင်ပြရာ၌ အာဆီယံပုဂ္ဂလိကကဏ္ဍအတွက် ရိုးရှင်းသောနည်းလမ်းတစ်ခုကို ဆောင်ကျဉ်းပေးလိုသည့် ရည်ရွယ် ချက်ပင် ဖြစ်သည်။

(ခ) ASSISTတွင် သတ်မှတ်ချက် နယ်ပယ် မည်မျှဖြစ်သနည်း။

ASSISTသည် စီးပွားရေး အသိုက်အဝန်းအတွင်းရှိ အာဆီယံဒေသတွင်း နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးနှင့် ဆက်စပ်သည့် ကုန်သွယ်ရေးနှင့် စပ်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ၊ ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်ရေးနှင့် ကုန်စည်ဆိုင်ရာကုန်သွယ်ရေးနှင့် ဆိုင်သည့် တိုင်ကြား ချက်များကိုသာ ခွင့်ပြုပါသည်။

ASSIST မှလွှမ်းခြုံထားသည့်ကိစ္စရပ်များ

- တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အာဆီယံစီးပွားရေးသဘောတူညီချက်(များ)ကို အကောင် အထည်ဖော်ရေးနှင့်ဆက်စပ်သည့် နယ်စပ်ဖြတ်ကျော်ကိစ္စရပ်များ သို့မဟုတ် ပြဿနာ ရပ်များ၊ ဆိုလိုသည်မှာ အာဆီယံ စီးပွားရေးအသိုက်အဝန်း၏ ကုန်စည် ဆိုင်ရာ ကုန်သွယ်ရေး၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ကုန်သွယ်ရေး၏ စီမံဆောင်ရွက်ချက်များကို အသိအမှတ်ပြုရေး ရည်ရွယ်ချက်ဖြင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ မှသဘောတူညီထားသည့် သဘော တူညီချက်များပင်ဖြစ်သည်။

ASSIST မှလွှမ်းခြုံထားခြင်းမရှိသည့်ကိစ္စရပ်များ

- အခြေခံအားဖြင့် အထက်တွင် ဖော်ပြထားသည့် သတ်မှတ်ချက်နယ်ပယ်၏ပြင်ပရှိ မည်သည့်အရာမဆိုဖြစ်သည်။ ယင်းတွင် အောက်ပါ တို့ပါဝင်သည်။
- အလုပ်သမား/အလုပ်ရှင်အငြင်းပွားမှုများ သို့မဟုတ် ခွဲခြားဆက်ဆံမှုများအား စွပ်စွဲချက်များ
- နိုင်ငံတော်တရားစီရင်ရေးများတွင်တရားစွဲဆိုထားသော/ ခုံသမာဓိဖြင့် ကြားဝင် စေ့စပ်ပေးသော စီရင်ဆုံးဖြတ်ထားပြီးဖြစ်သည့် သို့မဟုတ် လုပ်ဆောင်နေဆဲ ကိစ္စ ရပ်များ။
- တစ်ဦးချင်းပုဂ္ဂိုလ်များ သို့မဟုတ် ကုမ္ပဏီများ/စီးပွားရေးလုပ်ငန်းများအပေါ် တိုင်ကြားချက်များ၊
- အာဆီယံဒေသတွင်းကုန်သွယ်ရေး၊ ဝန်ဆောင်မှုများ သို့မဟုတ် ရင်းနှီးမြှုပ်နှံ မှုတို့နှင့်ဆက်စပ်မှု မရှိသည့်ကိစ္စရပ်များ၊
- လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များ၊
- ဗီဇာနှင့် နေထိုင်မှုဆိုင်ရာအခွင့်အရေးများ၊ နှင့် အရင်းအနှီး သို့မဟုတ် ငွေပေးချေမှုတို့နှင့်ဆိုင်သည်။

အရေးပါသော နောက်ထပ်သတင်း အချက်အလက်များ)

ASSIST သည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုတွင် တရားဝင်မှတ်ပုံတင်ထားသော အာဆီယံစီးပွားရေးလုပ်ငန်း တစ်ခုနှင့် (ဥပမာ - ကုမ္ပဏီ တစ်ခု၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းမဟုတ်ပါ။) အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံ (၉) နိုင်ငံထဲမှ နိုင်ငံတစ်နိုင်ငံ၏အစိုးရတို့အကြား ဖြစ်ပေါ်နေသော အာဆီယံဒေသတွင်း နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးကိစ္စရပ်များ အတွက်သာ ဖြစ်ပါသည်။ တိုင်ချက်ဖွင့်သည့် စီးပွားရေး လုပ်ငန်း၏ အိမ်ရှင်အစိုးရနှင့် ဆက်နွယ်သည့် ပြဿနာတိုင်းကိစ္စရပ်များကို ASSIST မှတစ်ဆင့် ရည်ညွှန်းပေးနိုင်မည်မဟုတ်ပါ။

အာဆီယံအဖွဲ့ဝင်နိုင်ငံ X တွင်အခြေစိုက်သည့် မိခင်ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှု ပေးသည့်အဖွဲ့အစည်းတစ်ခုသည် ၎င်း၏ဝန်ဆောင်မှုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံ Y တွင် ပေးနေ၍၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ Y အပေါ် တိုင်ချက်ဖွင့်ရန် ရည်ရွယ်နေသည့်အမှုမျိုးတွင်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ X ရှိ မိခင် ကုမ္ပဏီမှသာ ASSISTတွင် တိုင်ချက်ဖွင့်သင့်ပါသည်။ သို့ရာတွင် အမှန်တကယ် တိုင်ကြားမည့်သူကိုယ်စား အာဆီယံအခြေစိုက်ကုန်သွယ်ရေးအဖွဲ့အစည်း၊ ကုန်သည်ကြီးများအသင်း၊ စီးပွားရေး လုပ်ငန်း ဆိုင်ရာကောင်စီ၊ စီးပွားရေးအသင်းအဖွဲ့၊ အသိအမှတ်ပြုထားသည့်ရှေ့နေ သို့မဟုတ် အသိအမှတ်ပြုထားသည့် ဥပဒေအကျိုးဆောင်လုပ်ငန်း တစ်ခုခုမှ 'အမည်မဖော်လိုသည့်' တိုင်ချက်ကို ဖွင့်နိုင်ပါသည်။

(ဂ) ASSISTတွင်အဓိက လက္ခဏာရပ်များမှာ အဘယ်နည်း။

- အာဆီယံကုန်သွယ်ရေးသုတဘဏ် (ATR) သို့ချိတ်ဆက်မှု။ အာဆီယံကုန်စည်ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက် (ATIGA) နှင့်ကိုက်ညီသည့်၊ ATR သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး၏ ကုန်သွယ်ရေးနှင့် အကောက်ခွန်ဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပွင့်လင်း မြင်သာမှုရှိစွာ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပါသည်။ ATRသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်း၏ အမျိုးသား ကုန်သွယ်ရေး သုတဘဏ်မှတဆင့် ရရှိနိုင်သည့် သတင်းအချက်အလက်များကို ပြည်သူများအနေဖြင့် လွတ်လပ်စွာ ဝင်ရောက် ကြည့်ရှုနိုင်သည့် အီလက်ထရောနစ် မျက်နှာစာတစ်ခု ဖြစ်သည်။

- အာဆီယံ စီးပွားရေးလုပ်ငန်းများသည် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများထံသို့ ၎င်းတို့၏ ကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုများ သို့မဟုတ် ရင်းနှီးမြှုပ်နှံစဉ်တွင် ကြုံတွေ့ရသော ကုန်သွယ်ရေး ပြဿနာများ အတွက် အခကြေးငွေပေးစရာမလိုဘဲ ဝင်ရောက် သုံးစွဲနိုင်သည့် ရိုးရှင်း၍ အသုံးပြုသူတို့နှင့် ရင်းနှီးကျွမ်းဝင်မှုရှိသည့် ဝက်ဘ်ဆိုဒ် ။

- အွန်လိုင်းလုပ်ငန်းစဉ်များအတိုင်း အဓိကပါဝင်ဆောင်ရွက်သူများကို လိုက်နာခွင့်ပြုသည့် အပြန်အလှန် ဆောင်ရွက်မှုရှိသည့် 'ခြေရာခံစနစ်' နှင့် 'အချက်ပြမီး' ဖြစ်စဉ်ပြဇယားတစ်ခု။

- တိုင်ကြားမည်သူမှ အမည်မဖော်လိုသည့် စိတ်ဆန္ဒရှိလျှင်၊ အာဆီယံအခြေစိုက် ကုန်သွယ်ရေးအဖွဲ့အစည်းများ သို့မဟုတ် ကုန်သည်ကြီးများအသင်း၊ စီးပွားရေးလုပ်ငန်း ဆိုင်ရာကောင်စီများ၊ စီးပွားရေးအသင်းအဖွဲ့များ သို့မဟုတ် အာဆီယံအခြေစိုက် အသိ အမှတ်ပြုထားသော ရှေ့နေများ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းများ အစရှိသည့် အခြားသော ကိုယ်စားလှယ်အဖွဲ့အစည်းများမှ တဆင့် အမည်မသိ တိုင်ချက်များကို အာဆီယံ စီးပွားရေးလုပ်ငန်းမှ စွဲချက်တင်နိုင်ခြင်း။

- အွန်လိုင်းသင်ခန်းစာများသည် ASSIST ဝက်ဘ်ဆိုဒ်ပေါ်တွင်ရရှိနိုင်ပြီး ဝက်ဘ်ဆိုဒ်တွင် အာဆီယံ ဘာသာစကားများ အားလုံးဖြင့် မကြာမီတွင် ဖတ်ရှုနိုင်တော့မည်ဖြစ်သည်။ (သို့ရာတွင် အမှုများကိုမူ အင်္ဂလိပ်ဘာသာဖြင့်သာ တိုင်ကြားနိုင်ပါသည်။)

- ပြည်သူ့ရေးရာဖိုရမ်တွင် လျှောက်လွှာအရေအတွက်နှင့် အမျိုးအစားများ ၊ ဖြေရှင်းထား ပြီးသားကိစ္စရပ်များ၏ ဖြစ်ရပ်လေ့လာမှု သင်ခန်းစာများနှင့် အာဆီယံစီးပွားရေးလုပ်ငန်းများမှ တုံ့ပြန်ချက်ဆိုင်ရာ အချက်အလက်တို့ကို ထုတ်ပြန်ကြေညာနိုင်ဖွယ်ရှိသည်။

(ဃ) ASSISTအတွင်း ၌မည်သူတို့သည် အဓိက ပါဝင်ဆောင်ရွက်သူများဖြစ်သနည်း။

၁။ အာဆီယံစီးပွားရေးလုပ်ငန်း (AE)

အာဆီယံစီးပွားရေးလုပ်ငန်း၏ အဓိပ္ပါယ်မှာအဘယ်နည်း။ အာဆီယံစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ရန် မည်သူသည် အရည်အချင်း ပြည့်ဝပါသနည်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံ (၁၀) နိုင်ငံထဲမှ တစ်နိုင်ငံတွင် မှန်ကန်စွာမှတ်ပုံတင်ထားသည့်ကုမ္ပဏီတစ်ခု။

အရေးပါသော နောက်ထပ်သတင်းအချက်အလက်

အာဆီယံကုမ္ပဏီများသာ ASSIST ကိုအသုံးပြုနိုင်ပါသည်။ ကိုယ်ရေးကိုယ်တာတိုင်ကြားချက်များနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းသည် ASSIST ပေါ်တွင် တိုင်ချက်ဖွင့်နိုင်မည်မဟုတ်ပေ။ သို့ရာတွင် ရှေ့နေတစ်ဦးကမူ ၎င်း၏အမှုသည်ကိုယ်စား တိုင်ချက်ဖွင့်နိုင်ပြီး၊ ထိုအမှုသည် မှန်ကန်စွာ မှတ်ပုံတင်ထားသည့် အာဆီယံ စီးပွားရေးလုပ်ငန်း ဖြစ်ပါသည်။

မည်သူသည် အာဆီယံစီးပွားရေးလုပ်ငန်းကို ကိုယ်စားပြုနိုင်ပါသနည်း။

- အာဆီယံအခြေစိုက်ကုန်သွယ်ရေးအဖွဲ့အစည်း၊ ကုန်သည်ကြီးများအသင်း၊ စီးပွားရေး လုပ်ငန်းဆိုင်ရာ ကောင်စီ သို့မဟုတ် စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့တို့ကဲ့သို့ အာဆီယံ အခြေစိုက် ကိုယ်စားလှယ်အဖွဲ့အစည်း (ဆိုလိုသည်မှာ အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံထဲမှ တစ်နိုင်ငံတွင် မှန်ကန်စွာမှတ်ပုံတင်ထားသည့်အဖွဲ့။) သည် ASSIST ကိုအသုံးပြုနိုင်ပြီး၊ ကိစ္စရပ်တစ်ခုကို တင်ပြနိုင် ကာ၊ တူညီသောကုန်သွယ်ရေးပြဿနာ ရှိနေသည့် ၎င်း၏အဖွဲ့ဝင်များထဲမှအဖွဲ့အစည်းတစ်ခု သို့မဟုတ် အဖွဲ့များစွာကိုယ်စား ASSIST မှတစ်ဆင့် စုံစမ်းနိုင် (သို့မဟုတ်) တိုင်ချက်ဖွင့်နိုင်ပါသည်။

- အာဆီယံအဖွဲ့ဝင်(၁၀) နိုင်ငံမှ တရားစီရင်ရေးနယ်ပယ်များထဲမှ တစ်ခုတွင် ဥပဒေကို ကျင့် သုံးရန် မှန်ကန်စွာကတိခံထားသည့် အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင် လုပ်ငန်းတို့သည် အာဆီယံစီးပွားရေးလုပ်ငန်းတစ်ခုကို ကိုယ်စားပြုနိုင်ပြီး၊ ၎င်း၏ အမှုသည်ကိုယ်စား ASSIST မှတစ်ဆင့် တိုင်ကြားချက်ကို တင်သွင်းနိုင်သည်။

အရေးပါသည့် ထပ်ဆောင်းသတင်း အချက်အလက်

အာဆီယံစီးပွားရေးလုပ်ငန်းတစ်ခု (ကိုယ်စားလှယ်အဖွဲ့အစည်း)အနေဖြင့် ဥပဒေအရမှတ်ပုံတင်ရန်အတွက်၊ အာဆီယံစီးပွားရေးလုပ်ငန်းသည် စီးပွားရေးလုပ်ငန်းတစ်ရပ် သို့မဟုတ် ကုန်သွယ်ရေးအဖွဲ့အစည်း/ ကုန်သည်ကြီးများအဖွဲ့၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကောင်စီ/ စီးပွားရေး အသင်းအဖွဲ့အဖြစ် ၎င်းမှတ်ပုံတင်၍ လုပ်ငန်းလည်ပတ်နေသည့် နိုင်ငံအတွင်းတွင် ဥပဒေအရ တာဝန်ဝတ္တရားများကို ပြီးပြည့်စုံစေရမည်ဖြစ်သည့် အပြင်၊ လုပ်ငန်းမှတ်ပုံတင် လိုင်စင်တစ်ရပ်ကို ရရှိထားပြီးဖြစ်ရမည်။ ASSIST ၏အောက်တွင် ရှေ့နေတစ်ဦးအနေဖြင့် အမှုသည် အဖွဲ့အစည်းကိုယ်စား ဆောင်ရွက်ပေးရန်အတွက်၊ သက်ဆိုင်ရာ အာဆီယံ အဖွဲ့ဝင်နိုင်ငံများတွင် လိုက်နာကျင့်သုံးနေသည့် တရားဥပဒေပြုရေးနှင့်အညီ ထုတ်ပေးထားသည့် တရားဝင် ကျွမ်းကျင်ပညာရှင် လိုင်စင်ကို ပြသပေးရမည်ဖြစ်သည်။

၂။ ဗဟိုအုပ်ချုပ်ရေးမှူး (CA)

- အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် ASSIST ၏ဗဟိုအုပ်ချုပ်ရေးမှူးဖြစ်ပြီး၊ ယင်းစွမ်း ဆောင်ရည်ဖြင့် ၎င်းသည် အွန်လိုင်းမှ တိုင်ကြားချက်များကိုစီမံခန့်ခွဲ၍၊ ASSIST ၏ လုပ်ငန်း လည်ပတ် ဆောင်ရွက်မှုကို ထိန်းသိမ်းထားပါ သည်။

- ASSIST အတွင်းက အဓိကပါဝင်ဆောင်ရွက်သူများအကြားရှိ ဆက်သွယ်ဆောင်ရွက်မှု အားလုံးကို ဗဟိုအုပ်ချုပ်ရေးမှူး က စစ်ဆေး၍အတည်ပြုပါသည်။

- သင့်တင့်လျောက်ပတ်သည့်စစ်ဆေးမှုများပြီးနောက် ဗဟိုအုပ်ချုပ်ရေးမှူးမှ သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံ (များ) ထံသို့ ASSIST ဆက်သွယ်ရေးတာဝန်ခံများ (အိမ်ရှင်နိုင်ငံနှင့် ရည်ညွှန်း တိုင်ကြားခံရသည့် နိုင်ငံမှဆက်သွယ်ရေးတာဝန်ခံ) ဆီသို့ တိုင်ကြားချက်ဆိုင်ရာ အသေးစိတ် အချက်အလက်များကို ပေးပါသည်။

- ဗဟိုအုပ်ချုပ်ရေးမှူးသည် တိုးတက်လာသည့်အခြေအနေတို့ကို စောင့်ကြည့်ကွပ်ကဲ၍၊ လျှောက်ထားသူ (ဆိုလိုသည်မှာ အာဆီယံစီးပွားရေးလုပ်ငန်း၊ ၎င်း၏ကိုယ်စားလှယ်ရုံး သို့မဟုတ် ၎င်းမှ ခန့်အပ်ထားသည့်ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်း) ထံသို့ ပြန်လည်ဖြေဆိုချက်နှင့် ဖြစ်နိုင်ပါက၊ တိုင်ကြားချက်၏မူရင်းပြဿနာအတွက် ဖြေရှင်းချက် တစ်ရပ်ကို လက်ဆင့်ကမ်း ပေးပါသည်။

၃။ အိမ်ရှင်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံ

- တိုင်ချက်ဖွင့်ထားသည့် အာဆီယံစီးပွားရေးလုပ်ငန်း၏ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ အတွင်းရှိ နိုင်ငံအဆင့်အဖွဲ့အစည်း (ဆိုလိုသည်မှာ ပင်မတာဝန်ခံ) (သို့မဟုတ် အချို့သော ဝန်ဆောင်မှု ဆိုင်ရာကုန်သွယ်ရေးဖြစ်ရပ်များဖြစ်ပေါ်သည့် မိခင်ကုမ္ပဏီ တည်ရှိသည့်နေရာ။)

- လိုအပ်ပါက၊ ယင်းဝန်ကြီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် အစိုးရအာဏာပိုင်အဖွဲ့အစည်းသည် ဗဟိုအုပ်ချုပ်ရေးမှူးနှင့်/သို့မဟုတ် ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံမှဆက်သွယ်ရေးတာဝန်ခံနှင့် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ရန် ကြားဝင်ဆောင်ရွက်နိုင်ပါသည်။

၄။ ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံ

- ဖြစ်ရပ်ထွက်ပေါ်လာသည့်နေရာနှင့် အာဆီယံစီးပွားရေးလုပ်ငန်းမှ ကုန်သွယ်ရေး ပြဿနာ များရင်ဆိုင်ကြုံတွေ့ နေရသည့်နေရာဖြစ်သည့် (ဆိုလိုသည်မှာ တိုင်ချက်စွဲတင်ခံရသည့် အာဆီယံ အဖွဲ့ဝင်နိုင်ငံအတွင်း) အာဆီယံ အဖွဲ့ဝင်နိုင်ငံအတွင်းရှိ နိုင်ငံအဆင့်အဖွဲ့အစည်း (ဆိုလိုသည်မှာ ပင်မတာဝန်ခံ)။

- ဤဝန်ကြီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် အစိုးရအာဏာပိုင်သည် အာဆီယံ စီးပွားရေး လုပ်ငန်းအား ဖြေရှင်းချက် ပေးရန် ASSIST အတွင်း လက်ခံဖြေရှင်းလိုသည် သို့မဟုတ် လက်မခံဖြေရှင်းမလိုပါဟူ၍ ဆုံးဖြတ်မည်ဖြစ်သည့် အပြင်၊ အခွင့်အာဏာရှိသော ၎င်း၏အမျိုးသားအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက် သွားမည် ဖြစ်ကာ၊ ASSIST ၏ဗဟိုအုပ်ချုပ်ရေးမှူးနှင့် ဆက်သွယ်ရေးအားလုံးကိုလည်း စီမံခန့်ခွဲသွားမည်ဖြစ်သည်။

၅။ သက်ဆိုင်ရာအမျိုးသားအာဏာပိုင်များ

- ပြဿနာဖြစ်သည့်နေရာနှင့် အာဆီယံစီးပွားရေးလုပ်ငန်းမှ ကုန်သွယ်ရေး ပြဿနာများ ရင်ဆိုင်နေရသည့်နေရာ ဖြစ်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုရှိ အခွင့်အာဏာရှိ၍၊ တာဝန်ရှိသောအာဏာပိုင် (များ) သို့မဟုတ် အခြားသောအစိုးရကိုယ်စားလှယ်(များ)။

- ယင်းဝန်ကြီးဌာန (များ)၊ အဖွဲ့အစည်း (များ) သို့မဟုတ် အစိုးရအာဏာပိုင်အဖွဲ့အစည်း (များ) ကို DCP မှ ပြဿနာဖြေရှင်းနည်းကိုရှာဖွေရန် တာဝန်ပေးထားပြီး၊ တိုင်ကြားချက်ကို လက်ခံလိုက်ကြောင်း ၎င်းတို့ အသိအမှတ်ပြုပြီးသောအခါများတွင် ၎င်းတို့အနေဖြင့် တိုင်ကြားသူ (ဆိုလိုသည်မှာ အာဆီယံစီးပွားရေးလုပ်ငန်း၊ ၎င်း၏ကိုယ်စားလှယ်ရုံး သို့မဟုတ် ၎င်းက ခန့်အပ်ထားသည့် ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်း) အတွက် ဖြစ်နိုင်ခြေရှိ သည့်အဖြေတစ်ရပ်ကို ၎င်းတို့၏DCP မှတစ်ဆင့် CA ထံသို့အကြံဉာဏ်ပြုပေးရမည်ဖြစ်သည်။

(c) တိုင်ကြားစာများ ကိုမည်သို့တိုင်ချက် ဖွင့်နိုင်ပါသနည်း။

ASSIST မှတစ်ဆင့် ဆောင်ရွက်နိုင်သည့် တိုင်ကြားချက်ပုံစံနှစ်မျိုးရှိပါသည်။

၁။ အမည်ဖော်ထားသည့်တိုင်ကြားချက်များ - ဤလက်စွဲစာအုပ်၏ ကဏ္ဍ (ဃ-၁) တွင် ဖွင့်ဆိုရှင်းလင်းထား သည့်အတိုင်းပင် အမည်ဖော်ထားသည့်တိုင်ကြားချက်များကို အာဆီယံစီးပွားရေး လုပ်ငန်းမှ ၎င်း၏ကိုယ်ပိုင် အမည်ဖြင့် တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။ အာဆီယံစီးပွားရေးလုပ်ငန်းအနေဖြင့် ASSIST ဝက်ဘ်ဆိုဒ်ပေါ်ရှိ တိုင်ကြားချက်ပုံစံပေါ်တွင် အဓိကအရေးပါသည့် မှတ်ပုံတင်ထားသည့် အထောက်အထားနှင့် စီးပွားရေးလုပ်ငန်း မှတ်ပုံတင် အမှတ်တို့ကို ဖော်ပြပေးထားရမည်ဖြစ်သည်။

၂။ အမည်မဖော်လိုသည့်တိုင်ကြားချက်များ - အာဆီယံဒေသအတွင်း နယ်စပ်ဖြတ်ကျော် ကုန်သွယ် ရေးပြဿနာကို ကြုံတွေ့နေရသည့် အာဆီယံစီးပွားရေးလုပ်ငန်းအနေဖြင့် အမည်မဖော်ထုတ်လိုပါက၊ အာဆီယံစီးပွားရေးလုပ်ငန်း၏ ရွေးချယ်မှုဖြင့် အာဆီယံအခြေစိုက် ကိုယ်စားလှယ်ရုံးတို့ထံမှတစ်ဆင့် တိုင်ကြားချက်ကို တင်သွင်းနိုင်သည်။ ဆိုလိုသည်မှာ ကုန်သွယ်ရေးအဖွဲ့အစည်း၊ ကုန်သည်ကြီးများ အသင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာကောင်စီအဖွဲ့၊ စီးပွားရေး အသင်းချုပ်၊ သို့မဟုတ် အာဆီယံ အသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင် လုပ်ငန်းတို့ဖြစ်သည်။

အာဆီယံအခြေစိုက်ကုန်သွယ်ရေးအဖွဲ့အစည်းများနှင့် အာဆီယံအခြေစိုက်ကိုယ်စားလှယ်ရုံးများ

(က) ကုန်သွယ်ရေးအဖွဲ့အစည်း၊ ကုန်သည်ကြီးများအသင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာကောင်စီအဖွဲ့ သို့မဟုတ် စီးပွားရေး အသင်းချုပ်တို့ကဲ့သို့ အာဆီယံအခြေစိုက်ကိုယ်စားလှယ်ရုံးများသည် ၎င်းတို့၏အဖွဲ့ဝင်တစ်ဦးကိုယ်စား သို့မဟုတ် ကုန်သွယ်ရေးပြဿနာတူတစ်ခုရှိနေသည့် ၎င်းတို့၏အဖွဲ့ဝင်အများစုကိုယ်စား အမည်မဖော်လိုသည့် အမှုတို့ကို စွဲချက်တင် နိုင်ပါသည်။ဤနည်းလမ်းသည်လည်း တူညီသော ကုန်သွယ်ရေးပြဿနာရှိနေသည့် တိုင်ကြားသူ များစွာကို တိုင်ကြားချက်မျိုးစုံဖွင့်ခြင်းမှရှောင်လွှဲနိုင်ရန်အလို့ငှာ ခွင့်ပြုထားပါသည်။ အမည်မဖော် ထုတ်လိုသည့် အာဆီယံစီးပွားရေးလုပ်ငန်းတို့ကို ကိုယ်စားလှယ်ရုံးများက ယင်းဝန်ဆောင်မှုပေးရ သည့်အခါတွင် ဝန်ဆောင်ခပေးရန်ိုင်ကြောင်း မှတ်သားထားရမည်ဖြစ်သည်။

(ခ) ထိုသို့သောအမှုများတွင် အာဆီယံအခြေစိုက်ကိုယ်စားလှယ်ရုံးသည် ၎င်း၏ကိုယ်ပိုင်အမည်ဖြင့် တိုင်ကြားချက်ဖွင့်မည်ဖြစ်သည်။ ဤအမှုတွင် ကိုယ်စားလှယ်ရုံးသည် ၎င်းလုပ်ငန်း ဆောင်ရွက် လျက်ရှိသည့် အာဆီယံနိုင်ငံမှ ၎င်း၏စီးပွားရေးလုပ်ငန်း မှတ်ပုံတင် အမှတ်ကို အသုံးပြုရမည် ဖြစ်သည်။

(ဂ) ကုန်သွယ်ရေးပြဿနာသည် နယ်စပ်ဖြတ်ကျော်သည့်သဘာဝရှိ၍၊ အာဆီယံအခြေစိုက်ကိုယ်စားလှယ် အဖွဲ့အစည်းများအနေဖြင့် အာဆီယံ အဖွဲ့အစည်းတစ်ခု (ဆိုလိုသည်မှာ ဒေသတွင်းအဖွဲ့အစည်းနှင့် အမျိုးသားအဖွဲ့အစည်းမျှသာ မဟုတ်ဘဲ) ကိုယ်စားပြု ထားပါက သို့မဟုတ် အာဆီယံအခြေစိုက် ကိုယ်စားလှယ် အဖွဲ့တစ်ခုတွင် မှတ်ပုံတင်ထားသော အဖွဲ့ဝင်တစ်ခုထက် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုတွင် တရားဝင် မှတ်ပုံတင်ထားသော အဖွဲ့ဝင်တစ်ဦးဖြစ်ပါက ၎င်းတို့မှတ်ပုံတင်ထားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများအပေါ်နှင့် စပ်လျဉ်း၍ တိုင်ကြားချက်များကို တင်သွင်းနိုင်သည်။

အာဆီယံအသိအမှတ်ပြုရှေ့နေများ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းများ

(က) အာဆီယံအသိအမှတ်ပြုရှေ့နေများ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းစုများသည် အဖွဲ့အစည်းများထဲမှ အဖွဲ့တစ်ဖွဲ့ဖြစ်သော ၎င်းတို့၏အမှုသည် (ဆိုလိုသည်မှာ ကုန်သွယ်ရေးပြဿနာရှိသည့် အာဆီယံစီးပွားရေးလုပ်ငန်း) ကိုယ်စား အမည်မဖော်လိုသည့် အမှုကို တင်နိုင်ပါသည်။ ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းစုသည် ၎င်းတို့၏အမှုသည် တည်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံထဲရှိ သို့မဟုတ် တိုင်ချက်ဖွင့်ထားသည့်အာဆီယံအဖွဲ့ဝင်နိုင်ငံထဲရှိ ဥပဒေကို အသုံးပြုရန် မှန်ကန်စွာ လိုင်စင်တင်ထားရမည် ဖြစ်သည်။

(ခ) အာဆီယံအသိအမှတ်ပြုရှေ့နေများ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းစုများမှ ဆောင်ရွက်သည့် တိုင်ကြားချက်များကို အထူး စည်းမျဉ်းများဖြင့် ကျင့်သုံးထားသည်။ အထူးသဖြင့် ၊ အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင် လုပ်ငန်းစုသည် ၎င်းအမှုသည် အဖွဲ့အစည်းကိုယ်စား ASSIST ထံသို့ တိုင်ကြားချက်မတင်သွင်းခင်တွင်၊ ၎င်း၏ သက်မွေးဝမ်းကြောင်းမှု လုပ်ငန်းဆိုင်ရာမှတ်ပုံတင်နှင့် အမည်မသိ တိုင်ကြားချက်ကို တင်သွင်းပေးရမည့် အမှုသည်အဖွဲ့အစည်းနှင့်သက်ဆိုင်သည့် လိုအပ်သည့်သတင်းအချက်အလက်တို့ကို အာဆီယံအတွင်းရေးမှူးရုံးသို့ ပထမဆုံးဆက်သွယ်၍ ပေးအပ်ရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ရန်အတွက် ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းသည် ASSIST ဝက်ဘ်ဆိုဒ် (http://ASSIST.asean.org/complaint/?m=42&type=law) တွင် လိုအပ်သည့် ဖောင်ပုံစံကို ဆွဲချအသုံးပြု (download) ရမည်ဖြစ်ပြီး၊ ဖောင်ပုံစံပေါ်တွင် တင်ပြထားသည့်အတိုင်းပင် အာဆီယံအတွင်းရေးမှူးရုံးသို့ ဖောင်ပုံစံကို အီးမေးလ်ဖြင့် တင်သွင်းပေးရမည်ဖြစ်သည်။

(ဂ) ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းကို အာဆီယံအတွင်းရေးမှူးရုံးက အမှုဆိုင်ရာ လျှို့ဝှက်ကုဒ် (Confidential Case Code – CCC) ကို အီးမေးလ်ဖြင့် ပို့ပေးပြီးနောက်တွင်၊ တိုင်ကြားချက်အစစ်ကို ASSIST မှတစ်ဆင့် ပေးအပ်ထားသည့် အွန်လိုင်းဖောင်ပုံစံကို အသုံးပြု၍ တင်ပေးနိုင်မည်ဖြစ်သည်

အရေးပါသည့် နောက်ထပ် သတင်းအချက်အလက်များ

အာဆီယံစီးပွားရေးလုပ်ငန်းနှင့် အာဆီယံအခြေစိုက် ကိုယ်စားလှယ်အဖွဲ့အစည်းအတွက် တိုင်ကြား ချက် လျှောက်လွှာကို တင်သည့်အခါတွင် တိုင်ချက်ဖွင့်သည့် လုပ်ငန်းစု သို့မဟုတ် ကိုယ်စားလှယ် ရုံးသည် အဖွဲ့ဝင်နိုင်ငံအတွင်း၌ မှတ်ပုံတင်ထားသော လုပ်ငန်းမှတ်ပုံတင် အထောက်အထားတင်ပြရန် လိုအပ်ချက် တစ်ခုအဖြစ်၊ မှတ်ပုံတင်စာရွက်စာတမ်း၏ အီလက်ထရောနစ် မိတ္တူကို တွဲ၍ တင်ပေးရမည်ဖြစ်သည်။ အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်း အတွက်မူ၊ လုပ်ငန်းလိုင်စင် သို့မဟုတ် ရှေ့နေ၏သက်မွေးဝမ်းကြောင်းမူလိုင်စင်ကို မှတ်ပုံတင်ခြင်း အထောက်အထားအဖြစ် လိုအပ်ပါသည်။ သို့ရာတွင် ရှေ့နေသို့မဟုတ် ဥပဒေအကျိုးဆောင် လုပ်ငန်းသည် ASSIST မှတစ်ဆင့် တိုင်ကြားချက်အမှန်ကို မတင်ရသေးခင်တွင် ၎င်း၏အမှုသည် အဖွဲ့အစည်းဖြစ်သည့် အာဆီယံစီးပွားရေးလုပ်ငန်း၏ လုပ်ငန်းမှတ်ပုံတင်ကို အာဆီယံ အတွင်းရေးမှူး ချုပ်ရုံးသို့ သီးသန့် တင်သွင်းရမည်ဖြစ် သည်။

(စ)ASSIST၏ ဆက်သွယ်ရေးလမ်းကြောင်းများသည် မည်သို့အလုပ်လုပ်ပါသနည်း။

ASSIST သည် တိုင်ကြားသူ (ဆိုလိုသည်မှာ အာဆီယံစီးပွားရေးလုပ်ငန်း၊ အာဆီယံအခြေစိုက် ကိုယ်စားလှယ် သို့မဟုတ် အာဆီယံအသိအမှတ်ပြု ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်း) ၏ကိုယ်စား ဗဟိုအုပ်ချုပ်ရေးမှူးမှတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်းတွင် ASSIST အတွက် ဆက်သွယ်ရမည့် တာဝန်ခံများအဖြစ် ခန့်ထားသည့် အဖွဲ့အစည်းများ၏ အစိုးရအရာရှိများနှင့် ဆက်သွယ်ရေးလမ်းကြောင်း များကို ထိန်းသိမ်းထားခြင်းဖြင့် လုပ်ငန်း လည်ပတ်ဆောင်ရွက်သည်။

- ယင်းကို သတ်မှတ်ထားသည့် တာဝန်နှင့်လုပ်ထုံးလုပ်နည်းများအရ အီးမေးလ်ပေးပို့ခြင်းကို ဝက်ဘ်အခြေစိုက် ပေါ်တယ်မှတစ်ဆင့် စီမံခန့်ခွဲလုပ်ဆောင်ပါသည်။

- အသုံးပြုသူမှဝင်ရောက်ခြင်းဖြင့် - ASSIST ဆိုင်ရာစီမံခန့်ခွဲသူကဏ္ဍ (ASSIST Administrator Panels) တို့ကို ဝင်ရောက်ထိန်းချုပ်ခြင်းမှတစ်ဆင့်၊ သတ်မှတ်ထားသည့်အချိန် မူဘောင်များနှင့် ကိုက်ညီ စေရန်နှင့် တိုးတက်မှုတို့ကို ကြီးကြပ်ကွပ်ကဲရန်။

အရေးပါသော နောက်ထပ်သတင်းအချက်အလက်များ

တစ်ချို့သောဥပမာများတွင် တိုင်ကြားသူအနေဖြင့် တိုင်ချက်ဖွင့်ခြင်းကဲ့သို့သော လုပ်ဆောင်ချက် တို့ကိုဆောင်ရွက်ပြီးနောက် ASSIST လုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်နိုင်စေရန် ပေးထားသည့် လင့်ခ်ကို နှိပ်ရန်လိုအပ်ကြောင်း ASSIST ဝက်ဘ်စာမျက်နှာတွင် အလိုအလျောက် သတိပေးချက်တစ်ရပ် ပေါ်လာမည်ဖြစ်သည်။

ပုံ (၁) ASSIST ၏ဆက်သွယ်ရေးလမ်းကြောင်းများ/ထိရောက်သောဖွဲ့စည်းပုံ



ASSIST ၏ဗဟိုအုပ်ချုပ်ရေးမှူး (CA)

အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် ASSIST ၏ဗဟိုအုပ်ချုပ်ရေးမှူး ဖြစ်ပြီး၊ ထိုစွမ်းဆောင်ရည်ဖြင့် အွန်လိုင်းတရားစွဲခြင်းများကို စီမံခန့်ခွဲသည်။ ASSIST အတွင်းရှိ ဆက်သွယ်မှုအားလုံးကို ဗဟိုအုပ်ချုပ်ရေးမှူး မှ စစ်ဆေးဆောင်ရွက် ပါသည်။

အိမ်ရှင်နိုင်ငံ/ အိမ်ရှင်နိုင်ငံမှ ဆက်သွယ်ရေးတာဝန်ခံ (HCP)

တိုင်ကြားသူမှ လုပ်ငန်းမှတ်ပုံတင်ထားသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံအတွင်းရှိ ASSIST ဆက်သွယ်ရေးတာဝန်ခံဟု ခေါ်တွင်သည့် နိုင်ငံအတွင်းရှိအဖွဲ့အစည်း။ လိုအပ်ပါက ဤဝန်ကြီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် အစိုးရ အာဏာပိုင်အဖွဲ့အစည်းသည် ဗဟိုအုပ်ချုပ်ရေးမှူးနှင့်/သို့မဟုတ် ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံနှင့် ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ရန် ကြားဝင်ဆောင်ရွက်နိုင်သည်။

ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ/ ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံ (DCP)

အာဆီယံစီးပွားရေးလုပ်ငန်းအနေဖြင့် ကုန်သွယ်ရေးဆိုင်ရာပြဿနာများကို ရင်ဆိုင်နေရသည့် ပြဿနာ ဖြစ်ပွားရာ အာဆီယံအဖွဲ့ဝင်နိုင်ငံ အတွင်းရှိ ASSIST ဆိုင်ရာဆက်သွယ်ရေး တာဝန်ခံ အဖြစ်ခေါ်တွင်သည့် နိုင်ငံ အတွင်းရှိ အဖွဲ့အစည်း။ ဤဝန်ကြီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် အစိုးရအာဏာပိုင်အဖွဲ့အစည်းသည် တိုင်ကြားသူ ကို (ဆိုလိုသည်မှာ အာဆီယံစီးပွားရေးလုပ်ငန်း။ ၎င်း၏ကိုယ်စားလှယ်အဖွဲ့အစည်း (သို့မဟုတ်) ၎င်းခန့်အပ်ထားသည့်ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်း)ဖြေရှင်းမှုပေးရန်အတွက် ASSIST အတွင်းတွင် ရင်ဆိုင်လုပ်ဆောင် လိုခြင်းရှိမရှိ ဆုံးဖြတ်ရမည်ဖြစ်ပြီး၊ နိုင်ငံအတွင်းရှိ အခွင့်အာဏာ ရှိသောအာဏာပိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ပြင် ASSIST ၏ စနစ်မှတစ်ဆင့် ဗဟိုအုပ်ချုပ်ရေးမှူးနှင့် ဆက်သွယ်ဆောင်ရွက်မှု အားလုံးကို စီမံခန့်ခွဲမည်ဖြစ်သည်။

သက်ဆိုင်ရာအမျိုးသားအာဏာပိုင်အဖွဲ့ (RA)

တိုင်ကြားသူ (ဆိုလိုသည်မှာ အာဆီယံစီးပွားရေးလုပ်ငန်း၊ ၎င်း၏ကိုယ်စားလှယ်အဖွဲ့ သို့မဟုတ် ၎င်းခန့်အပ် ထားသည့် ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်း) မှတိုင်ချက်ဖွင့်ထားသည့် ကိစ္စရပ်အပေါ် ဖြေရှင်းချက်ရှာပေးရမည့် တာဝန်ရှိသည့် အာဏာပိုင် သို့မဟုတ် အာဏာပိုင် အဖွဲ့အစည်းများ သို့မဟုတ် အခြားသောအစိုးရ ကိုယ်စားလှယ်များ။ ကုန်သွယ်ရေးနှင့်ပတ်သက်သည့် ပြဿနာကို အာဆီယံစီးပွားရေးလုပ်ငန်းမှ ရင်ဆိုင်ကြုံတွေ့နေရသည့်နေရာနှင့် စွဲချက်တင် တိုင်ချက်ဖွင့်ထားသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံအတွင်းရှိ အခွင့်အာဏာနှင့် တာဝန်ရှိသော အာဏာပိုင် အဖွဲ့အစည်းများဖြစ်ကြသည်။ ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံမှ ဆက်သွယ်ရေး တာဝန်ခံက တိုင်ကြားချက်ကို လက်ခံလိုက်သည့်အခြေအနေမျိုးတွင်၊ ၎င်းတို့အနေဖြင့် ဖြစ်နိုင်ချေရှိ သည့်ဖြေရှင်းချက်တစ်ရပ် ကို အကြံပြုပေးနိုင်ပါသည်။ ယင်းဖြေရှင်းချက်ကို ဗဟိုအုပ်ချုပ်ရေးမှူး မှတစ်ဆင့် အာဆီယံစီးပွားရေးလုပ်ငန်း၊ ၎င်း၏ ကိုယ် စားလှယ်ရုံး သို့မဟုတ် ၎င်း၏ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းထံသို့ ၎င်းတို့၏ဆက်သွယ်ရေး တာဝန်ခံက ပေးပို့ထားခြင်းဖြစ်သည်။

အရေးပါသောနောက်ထပ် သတင်းအချက်အလက်များ

ASSISTစနစ်အတွင်းတွင် တရားဝင်ဆက်သွယ်ရေး ဆောင်ရွက်သောဘာသာစကားမှာ အင်္ဂလိပ်ဘာသာဖြစ်ကြောင်းနှင့် တိုင်ကြားချက် တို့ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသား ရမည်ဖြစ်ကြောင်း မှတ်ထားရန် အရေးကြီးလှပါသည်။ တိုင်ကြားသူမှ တင်ပြ ထားသည့် ပံ့ပိုးပေးသည့် စာရွက်စာတမ်းအားလုံး (ဥပဒေရေးရာမှတ်တမ်းများ၊ နည်းပညာ ဆိုင်ရာ အစီရင်ခံစာများနှင့် ထိုကဲ့သို့သောစာရွက်စာတမ်းများ) ကိုအင်္ဂလိပ်ဘာသာဖြင့် ရေးသားထားရ မည် ဖြစ်သည်။ သို့ရာတွင် နိုင်ငံတစ်ခု၏တရားဝင်ဘာသာစကားဖြင့်ရေးသားထားသော မှတ်ပုံတင် အထောက် အထား၊ အမျိုးသားဥပဒေများ၊ လက်မှတ်များ၊ လိုင်စင်များ သို့မဟုတ် အလားတူ မည်သည့်တရားဝင် စာရွက်စာတမ်းကိုမဆို တိုင်ကြားချက်ကို အထောက်အပံ့ ဖြစ်စေရန်အလို့ငှာ စနစ် အတွင်းသို့ တင်သွင်းနိုင်သော်လည်း၊ (တရားမဝင်) အင်္ဂလိပ်ဘာသာစကားပြန်ဆိုမှုနှင့် ပူးတွဲတင်သွင်း သင့်ပါသည်။ ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံမှ ဖြေရှင်းချက်တို့ကိုလည်း အင်္ဂလိပ်ဘာသာ စကားဖြင့် ဖော်ပြပေးသွားမည်ဖြစ်သည်။

(ဆ) ASSIST ဝက်ဘ်ဆိုဒ်ပေါ်ရှိ ပြည်သူ့ဆွေးနွေးပွဲ



ASISTမှတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်ရေး တိုင်ကြား ချက်တို့ အတွက် ဖြေရှင်းချက်များဖော်ထုတ်ပေးခြင်းဖြင့် အတွေ့အကြုံ များပိုမိုရရှိလာ သောကြောင့်၊ ASSIST စနစ်သည် ပြည်သူ့ ဆွေးနွေးပွဲကဏ္ဍတစ်ရပ်ကို နောက်ပိုင်း တွင် ထည့်သွင်း ပြုလုပ်လိမ့်မည် ဖြစ်သည်။ အချိန်နှင့်အမျှဆိုသလိုပင်၊ ပြည်သူ့ဆွေးနွေးပွဲကဏ္ဍမှ ဒေသတွင်းစီးပွားရေး လုပ်ကိုင်ရာ၌ စီးပွားရေး ဆိုင်ရာဖြေရှင်းချက် တို့ကိုရှာဖွေနေသည့် အာဆီယံစီးပွားရေးလုပ်ငန်းတို့ အတွက် အသုံးဝင်သည့် သတင်းအချက် အလက်တို့ကို ပံ့ပိုးပေးမည်ဖြစ်သည်။ ထို့ပြင် ပြည်သူ့ဆွေးနွေးပွဲကဏ္ဍသည် အာဆီယံဒေသအတွင်း ဖြေရှင်း ချက် တို့ကို ရှာဖွေရာ၌ အသုံးဝင်သော သင်ခန်းစာများနှင့် ကိုယ်ပိုင်အတွေ့အကြုံတို့ကို မျှဝေရန် စီးပွားရေးလုပ်ငန်း တို့အား တိုက်တွန်းပေးသွား မည်ဖြစ်သည်။ ပြည်သူ့ဆွေးနွေးပွဲ ကဏ္ဍအပေါ်တွင် မည်သည့်လျှို့ဝှက်သတင်း အချက်အလက်ကိုမျှ ဖော်ပြထားမည် မဟုတ်ပါ။

ပြည်သူ့ဆွေးနွေးပွဲကဏ္ဍတွင် အောက်ပါ သတင်းအချက်အလက်များပါဝင်ရန် အဆိုပြုထားပါသည်။

- လျှောက်လွှာများ၏အရေအတွက်နှင့် အမျိုးအစားတို့နှင့်စပ်လျဉ်းသည့် အချက်အလက်/ စာရင်းအင်းများ၊
- လုပ်ငန်းလည်ပတ်မှုဆိုင်ရာလမ်းညွှန်ချက်များ၊
- ဖြစ်ရပ်လေ့လာချက်များ သို့မဟုတ် ဖြေရှင်းထားပြီးသောဖြစ်ရပ်တို့၏ အောင်မြင်မှု ဇာတ်လမ်းများ၊
- အာဆီယံ သဘောတူညီချက်များကို စီးပွားရေးလုပ်ငန်းများအနေဖြင့် ပိုမိုကောင်းမွန်စွာ နားလည်စေမည့် အထောက်အကူပြုမည့်လမ်းညွှန်မှုများ၊
- အသုံးပြုသူများ သို့မဟုတ် တိုင်ကြားသူစီးပွားရေးလုပ်ငန်းများတို့ထံမှ တုံ့ပြန်ဖြေဆို ချက်များ။
- ASSIST ကိုအသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ

အရေးပါသောနောက်ထပ်သတင်းအချက်အလက်များ

ပြည်သူ့ဆွေးနွေးပွဲကဏ္ဍအတွင်းရှိ သတင်းအချက်အလက်တို့၏ လျှို့ဝှက်စွာထားရှိမှုကို တင်းကျပ်စွာ ဖြင့် ထိန်းသိမ်းသွားမည်ဖြစ်သည်။ ပါဝင်သည့်အဖွဲ့အစည်းအားလုံး၏ ခွင့်ပြုချက်မရရှိဘဲ၊ တိုင်ကြားသူ တစ်ဦးချင်းစီ သို့မဟုတ် ၎င်းတို့၏ကိုယ်စားလှယ်အဖွဲ့များနှင့် ပတ်သက်သော အာဆီယံအဖွဲ့ဝင်နိုင်ငံများ အကြောင်းကို ဖော်ထုတ်တင်ပြသည့် မည်သည့် အသေးစိတ် အချက်အလက် ကိုမဆို ပုံနှိပ်သုံးစွဲမည်မဟုတ်ပါ။

အပိုင်း (၂)

တိုင်ကြားမှုကို ကိုင်တွယ်ဖြေရှင်းသည့်လုပ်ငန်းစဉ်

လက်စွဲစာအုပ်၏ ဤအပိုင်းသည် တိုင်ကြားမှု ကိုင်တွယ်လုပ်ဆောင်ခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ လမ်းညွှန်ပေးထားပါသည်။ တိုင်ကြားမှုများအား ASSIST၏ လုပ်ငန်းစဉ်လည်ပတ်မှုတွင်ပါဝင် ပတ်သက်နေသော သက်ဆိုင်ရာ အာဏာပိုင်များမှ ကိုင်တွယ်သည့် လုပ်ငန်းစဉ်များကို ပိုမိုကောင်းမွန်စွာ ဖော်ပြနိုင်ရန် အတွက် ပုံဖော်ဖန်တီးယူထားသော ဖြစ်စဉ်လေ့လာမှုသင်ခန်းစာများ၏ နမူနာများကို နောက်ဆက်တွဲ (၄) တွင်လည်းဖော်ပြထားသည်။

တိုင်ကြားချက်ကို မည်သို့ဖွင့်ပါသနည်း။

က။ အွန်လိုင်းတိုင်ကြားစာပုံစံကို အသုံးပြုခြင်း

၁။ အာဆီယံစီးပွားရေးလုပ်ငန်းတစ်ခုအတွက်



သတ်မှတ်ချက်များပြည့်မှီသည့် အာဆီယံစီးပွားရေးလုပ်ငန်းတစ်ခု အနေဖြင့် ASSIST ဝက်ဘ်ဆိုဒ် (http://ASSIST.asean.org) ပေါ်ရှိ သတ်မှတ်ထားသည့် အွန်လိုင်းဖောင်ပုံစံကို အသုံးပြုခြင်း ဖြင့်သော်လည်းကောင်း သို့မဟုတ် "တိုင်ချက် ဖွင့်ပါ" တက်ဘ် ပေါ်ရှိ 'အာဆီယံ စီးပွားရေးလုပ်ငန်း' သင်္ကေတကို ရွေးချယ်ခြင်းဖြင့် တိုင်ချက် ဖွင့်နိုင်ပါသည်။

၂။ အာဆီယံအခြေစိုက် ကုန်သွယ်ရေး အဖွဲ့အစည်းနှင့် အခြားသော အာဆီယံအခြေစိုက် ကိုယ်စားလှယ်အဖွဲ့တို့အတွက်။

ကုန်သည်ကြီးများအသင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာကောင်စီ သို့မဟုတ် စီးပွားရေး လုပ်ငန်းအဖွဲ့အစည်းများ ကဲ့သို့ သတ်မှတ်ချက်ပြည့်မှီသော အာဆီယံ အခြေစိုက် ကုန်သွယ်ရေး အဖွဲ့အစည်းနှင့် အခြားသော အာဆီယံ အခြေစိုက် ကိုယ်စားလှယ် အဖွဲ့အစည်းမှ တင်သွင်းသည့် အမည်မဖော်လိုသည့် တိုင်ကြားချက်များအတွက်၊ ASSIST ဝက်ဘ်ဆိုဒ်ပေါ်ရှိ သတ်မှတ်ထားသည့် အွန်လိုင်းဖောင်ပုံစံကို အသုံးပြု၍ 'တိုင်ချက်ဖွင့်ပါ။' တက်ဘ်ပေါ်ရှိ 'အာဆီယံ ကုန်သွယ်ရေးအဖွဲ့အစည်း' သင်္ကေတ ကိုရွေးချယ်ခြင်းဖြင့် တိုင်ချက်ဖွင့်နိုင်ပါသည်။ ဤဖြစ်ရပ်တွင် တိုင်ကြားချက်ကို ကိုယ်စားလှယ် အဖွဲ့အစည်း၏ ကိုယ်ပိုင်အမည်ဖြင့် တင်ရမည်ဖြစ်ပြီး၊ အကြောင်းရင်းမှာ တိုင်ချက်ဖွင့်သည့်အဖွဲ့၏ကိုယ်စား အဖွဲ့ဝင် (များ) က အမည်မဖော် ဘဲကျန်ရှိနေရမည်ဖြစ်သည်။ တိုင်ကြားချက်ကို ကိုယ်စားလှယ် အဖွဲ့အစည်း၏ လုပ်ငန်းမှတ်ပုံတင် အမှတ်ကိုအသုံးပြု၍ တင်ရမည်ဖြစ်ပြီး၊ တိုင်ကြားချက် နောက်ကွယ်မှ အမှန်တကယ်တိုင်ကြားသည့် အာဆီယံစီးပွားရေးလုပ်ငန်း၏ သတင်းအချက်အလက်တို့ကို အိမ်ရှင် နှင့်/သို့မဟုတ် ရည်ညွှန်းတိုင်ကြား ခံရသည့် နိုင်ငံမှ ဆက်သွယ်ရေးတာဝန်ခံတို့ထံသို့ တင်ပြမည် မဟုတ်ပေ။

၃။ အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းအတွက်

သတ်မှတ်ချက်ပြည့်မှီသော အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းမှ တင်သွင်းသည့် အမည်မဖော်လိုသည့် တိုင်ကြားချက်များအတွက် ASSIST ဝက်ဘ်ဆိုဒ်ပေါ်ရှိ သတ်မှတ်ထားသည့် အွန်လိုင်းဖောင်ပုံစံကို အသုံးပြု၍ 'တိုင်ချက်ဖွင့်ပါ။' တက်ဘ်ပေါ်ရှိ 'အာဆီယံရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်း' ကိုရွေးချယ်ခြင်းဖြင့် တိုင်ချက်ဖွင့်နိုင်ပါသည်။ ဤဖြစ်ရပ်တွင် တိုင်ကြားချက်ကို ရှေ့နေ၏ တရားဝင် လုပ်ငန်းဆိုင် ရာလိုင်စင်ကိုအသုံးပြု၍ တင်ရမည်ဖြစ်ပြီး၊ အမှန်တကယ် တိုင်ကြားသည့် စီးပွားရေး လုပ်ငန်း၏ သတင်း အချက်အလက်တို့ကို အိမ်ရှင် နှင့်/သို့မဟုတ် ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံမှ ဆက်သွယ်ရေးတာဝန်ခံတို့ထံသို့ တင်ပြမည်မဟုတ်ပေ။ သို့ရာတွင် အာဆီယံအသိအမှတ်ပြု ရှေ့နေများ သို့မဟုတ် ဥပဒေအကျိုးဆောင် လုပ်ငန်းတို့မှ တင်သွင်းလာသည့် တိုင်ကြားချက်တို့ကို အထူးစည်းမျဉ်းများဖြင့် ကျင့်သုံးပါသည်။ သို့မဟုတ် ဥပဒေအကျိုးဆောင် လုပ်ငန်းသည် အာဆီယံအတွင်းရေးမှူးချုပ်ရုံးထံသို့ ပထမဆုံး ဆက်သွယ်ရမည်ဖြစ်ပြီး၊ ၎င်း၏ အသိအမှတ်ပြု မှတ်ပုံတင်နှင့် အမည်မဖော်လိုသည့် တိုင်ကြားချက်ကို ၎င်းအမှုသည် ကိုယ်စားတင်ပေးရမည်။ အမှုသည်အဖွဲ့အစည်းတို့၏ လိုအပ်သည့်အချက်အလက် (ဆိုလိုသည်မှာ ကုမ္ပဏီမှတ်ပုံတင် လိုင်စင်များ) တို့ကို တင်ပြရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ရန်အလို့ငှာ ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင် လုပ်ငန်းသည် ASSIST ဝက်ဘ်ဆိုဒ် (http://ASSIST.asean.org/complaint/?m=42&type=law) မှ လိုအပ်သည့် ဖောင်ပုံစံကို ဆွဲချ အသုံးပြုရမည်ဖြစ်ပြီး၊ ဖောင်ပုံစံပေါ်တွင် ဖော်ပြထားသည့်အတိုင်းပင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ အီးမေးလ်ဖြင့် ယင်းဖောင်ပုံစံကို ပေးပို့တင်သွင်းရမည်ဖြစ်သည်။ အထူးသဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်း ထံသို့ အမှုဆိုင်ရာ လျှို့ဝှက်ကုဒ် ကိုအီးမေးလ် ဖြင့်ပို့ပေးပြီး သည်နှင့်တစ်ပြိုင်နက် တိုင်ကြားချက် အမှန်ကို တင်နိုင်ပြီဖြစ်သည်။ အမှုဆိုင်ရာလျှို့ဝှက်ကုဒ်သည် အာဆီယံစီးပွားရေးလုပ်ငန်းအား ဆက်သွယ်ရမည့် အသေးစိတ် အချက်အလက်အတွက် အစားထိုး သည့်အရာပင်ဖြစ်ပြီး၊ တစ်ဖက်နိုင်ငံမှ ဆက်သွယ်ရေးတာဝန်ခံအား အမည်မဖော်လိုသည့် တိုင်ကြားချက်သည် အာဆီယံစီးပွားရေးလုပ်ငန်းအစား တင်သွင်းလာခြင်း ဖြစ်ကြောင်းနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ စစ်ဆေးထားပြီးဖြစ်ကြောင်း သေချာကြောင်း အာမခံစေပါသည်။ အမှုဆိုင်ရာ လျှို့ဝှက်ကုဒ်ကို ASSIST ဝက်ဘ်ဆိုဒ်ပေါ်ရှိ အမှန်တိုင်ကြားချက် ဖောင်ပုံစံ၌ ဖောင်ပုံစံ၏ 'တိုင်ကြားချက် ဆိုင်ရာဖော်ပြချက်' ကဏ္ဍတွင် ဥပဒေအကျိုးဆောင် လုပ်ငန်း သို့မဟုတ် ရှေ့နေမှ အမှုဆိုင်ရာလျှို့ဝှက်ကုဒ်ကို ထည့်သွင်းပေးရမည်ဖြစ်သည်။

အွန်လိုင်းတိုင်ကြားစာပုံစံတွင် အရေးကြီးသော အချက်အလက်အားလုံးကို ပါဝင်ပါ!
လုပ်ငန်းအမည်၊ အသေးစိတ်အချက်အလက်များ (တိုင်ကြားသူအပေါ်မူတည်၍) ဆိုလို သည်မှာ အာဆီယံစီးပွားရေးလုပ်ငန်း၊ အာဆီယံအခြေစိုက်ကုန်သွယ်ရေးအဖွဲ့အစည်း သို့မဟုတ် အခြားသော အာဆီယံ အခြေစိုက်ကိုယ်စားလှယ်အဖွဲ့အစည်း။ သို့မဟုတ် အာဆီယံအသိအမှတ်ပြု ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်း)၊ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်၏ အသေးစိတ်အချက်အလက်များနှင့် တိုင်ကြားချက်ဆိုင်ရာဖော်ပြချက်အပါအဝင် လိုအပ်သည့်သတင်းအချက်အလက်များကို ပံ့ပိုးရန် အွန်လိုင်းဖောင်ပုံစံသည် ဖော်ပြပေးထားမည်ဖြစ်သည်။ တိုင်ကြားချက်ဖောင်ပုံစံ၏ 'တိုင်ကြားချက် ဆိုင်ရာဖော်ပြချက် (Complaint Description)' ကဏ္ဍရှိ 'ဖော်ပြချက် (Description)' အကွက်ထဲတွင် မှန်ကန်စွာဖြည့်စွက်ရန်မှာ အလွန် အရေးကြီးပါသည်။ သို့မှသာ ASSIST ၏ဗဟိုအုပ်ချုပ်ရေးမှူး သည် ပြဿနာကို အာဆီယံသဘောတူညီချက် (များ)ပါ တိကျသော အကြောင်းအရာများအလိုက် ရှင်းလင်းစွာ သတ်မှတ်ခွဲခြားနိုင်မည်ဖြစ်သည်။ ထို့ပြင်လည်း ဤလက်စွဲစာအုပ်၏ နောက်ဆက်တွဲ (၁) တွင် ကုန်ပစ္စည်းအမျိုးအစားခွဲများစာရင်း၊ ဝန်ဆောင်မှုကဏ္ဍများနှင့် ကဏ္ဍခွဲများစာရင်းပါရှိသည့် မှီငြမ်းဇယားများ ဖော်ပြထားပါသည်။ သို့မှသာ တိုင်ကြားချက်ဖောင်ပုံစံ၏ 'တိုင်ကြားချက် ဆိုင်ရာဖော်ပြချက် (Complaint Description)' ကဏ္ဍရှိ 'ကြုံတွေ့ ရသည့်ပြဿနာအမျိုးအစား (Type of Problem Encountered)' နှင့် ' ဝန်ဆောင်မှုကဏ္ဍဆိုင်ရာဖော်ပြချက် (Service Sector Description)' ထဲတွင် ဖြည့်ရမည့်လမ်းညွှန်ချက်တို့ကို သိရှိနိုင်မည်ဖြစ်သည်။

အာဆီယံစီးပွားရေးလုပ်ငန်း (သို့မဟုတ်) အာဆီယံအခြေစိုက် ကုန်သွယ်ရေးအဖွဲ့အစည်း (သို့မဟုတ် အခြားသောအာဆီယံအခြေစိုက် ကိုယ်စားလှယ်အဖွဲ့အစည်း)၊ အာဆီယံ အသိအမှတ် ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းမှ တင်သွင်းသည့်တိုင်ကြားချက်အတွက် ယင်းရှေ့နေ၏ လုပ်ငန်းအသိအမှတ်ပြု လိုင်စင်၊ သက်ဆိုင်ရာဥပဒေသို့မဟုတ် စီမံဆောင်ရွက်ချက်များ၊ ဝန်ဆောင် မှုဆိုင်ရာ အာဆီယံသဘောတူညီချက် မူဘောင် သို့မဟုတ် AFAS (ဝန်ဆောင်မှု ဆိုင်ရာ ကုန်သွယ်ရေးနှင့်စပ်ဆိုင်သည့် တိုင်ကြားချက်များအတွက်) အောက်ရှိ တိကျသော ကတိကဝတ် အစီအစဉ်များနှင့် ဥပဒေဆိုင်ရာ မည်သည့်အကြောင်းပြချက်မဆို၊ အဖြစ်မှန်ပြ အထောက်အထား များနှင့် ပြည်တွင်း၌ လုပ်ဆောင် ထားပြီးဖြစ်သည့် လမ်းကြောင်းများကဲ့သို့ ပံ့ပိုးပေးသည့် စာရွက်စာတမ်းများကို တိုင်ကြားချက်နှင့်အတူ တင်သွင်းသင့်သည်။ သို့မှသာ တိုင်ကြားချက်ကို အတည်ပြုသင့်၊ မပြုသင့် ဆုံးဖြတ်ပေးမည့် ဗဟိုအုပ်ချုပ်ရေးမှူး ကိုအထောက်အကူ ဖြစ်စေမည်ဖြစ်သည်။ ဖြေရှင်းချက် ကိုသတ်မှတ် ဖော်ထုတ်ခြင်းနှင့် လုပ်ငန်းစဉ်ကို အဆင် ပြေချောမွေ့စေရန် အလို့ငှာ ဖြစ်နိုင်ချေရှိသော ဖြေရှင်းချက်တို့အား အဆိုပြုခြင်းကို တိုင်ကြားသူမှ ထည့်သွင်းစဉ်းစားနိုင်သည်။ မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ တင်ပြထားသည့်တိုင်ကြားချက်များကို ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံမှ လက်ခံနိုင်ဖွယ်ရာပိုများပြီး၊ ဖြေရှင်းချက် ရှာဖွေပေး လိုသည့်ရည်ရွယ်ချက်လည်း ရှိပါလိမ့်မည်။ ထိုကဲ့သို့သော နောက်ထပ်သတင်းအချက်အလက်များကို ဝက်ဘ်ဆိုဒ်၏ တိုင်ကြားချက်ဖောင်ပုံစံ နောက်ဆက်တွဲများအဖြစ် အီလက်ထရောနစ်ပုံစံဖြင့် ဖော်ပြနိုင်ပါသည်။

ခရေပွင့်သင်္ကေတ (*) မှတ်ထားသည့်အကွက်များသည် မဖြစ်မနေဖြည့်စွက် ရမည့်အကွက် များဖြစ်သည်။ တိုင်ကြားသူ အနေဖြင့် အကွက်ထဲတွင်မည်သည်ကို ဖြည့်ရမည်ကို မသေချာ သည့်အခါ တွင်၊ 'တိုင်ကြားချက်ဆိုင်ရာဖော်ပြချက်' ကွင်းထဲမှ တစ်ခုချင်းစီအတွက် မည်သည်ကို ဖြည့်ရမည်ကို ပြောပြထားသည့် အသေးစိတ် ညွှန်ကြားချက်များပါ သင်္ကေတကို ကို နှိပ်ခြင်းဖြင့် သိရှိနိုင်ပါသည်။

ASSIST ၏ဗဟိုအုပ်ချုပ်ရေးမှူး က လိုအပ်သည့်သတင်းအချက်အလက်များ မပြည့်စုံသည့်အခါ သို့မဟုတ် မမှန်ကန်သည့်အခါတွင် တိုင်ကြားချက်ကို ပြန်လည်ဖြည့်စွက်တင်သွင်းရန် တောင်းဆို နိုင်သည်။ (ပိုမိုသိရှိစေရန် ဤလက်စွဲစာအုပ်၏ အပိုင်း (၃) ဖြစ်သည့် 'ဗဟိုအုပ်ချုပ်ရေးမှူး ၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ' ၏ ကဏ္ဍ (ဂ.၂) ကို ကိုးကားပါ။)

(ခ) တိုင်ကြားချက်တစ်ရပ်ကို ကိုင်တွယ် ဖြေရှင်းခြင်းဆိုင်ရာအဆင့်များ

၁. အာဆီယံစီးပွားရေးလုပ်ငန်း သို့မဟုတ် အာဆီယံအခြေစိုက် ကိုယ်စားလှယ် အဖွဲ့အစည်း



တိုင်ကြားချက်ကို တင်သွင်းခြင်း
သတ်မှတ်ချက်နှင့်ကိုက်ညီသော အာဆီယံစီးပွားရေးလုပ်ငန်း သို့မဟုတ် အာဆီယံအခြေစိုက် ကုန်သွယ်ရေးအဖွဲ့အစည်း သို့မဟုတ် အခြားသော အာဆီယံအခြေစိုက် ကိုယ်စားလှယ် အဖွဲ့အစည်းတို့သည် ASSISTဝက်ဘ်ဆိုဒ် (http://ASSIST.asean.org) ရှိ '**တိုင်ချက်ဖွင့်ပါ**' တက်ဘ်ပေါ်မှ 'အာဆီယံစီးပွားရေးလုပ်ငန်း' သို့မဟုတ် 'အာဆီယံကုန်သွယ်ရေးအဖွဲ့အစည်း' သင်္ကေတများတွင် အွန်လိုင်းတိုင်ကြားချက်ဖောင်ပုံစံကို အသုံးပြု၍ တိုင်ကြားချက် (ASSIST၏ သတ်မှတ်ချက် နယ်ပယ်အတွင်းရှိ) ကို ပြင်ဆင်၊တင်သွင်းပါသည်။ အာဆီယံစီးပွားရေး လုပ်ငန်းအနေဖြင့် အမည်မဖော်လိုသည့်ဆန္ဒရှိပါက၊ အာဆီယံအခြေစိုက် ကိုယ်စားလှယ်အဖွဲ့အစည်းက ၎င်း၏အဖွဲ့ဝင်များထဲမှ တစ်ဦးကိုယ်စား သို့မဟုတ် အဖွဲ့ဝင်များကိုယ်စား တိုင်ကြားချက်တစ်ရပ်ကို တင်သွင်းနိုင်ပါသည်။ မပါမဖြစ်သည့် အချက်အလက်အားလုံး ပါဝင်သည်ကို သေချာစေရန် စနစ်မှ ထည့်သွင်းထားသည့် အသေးစိတ် အချက်အလက်များကို စစ်ဆေးပါသည်။

အရေးပါသည့် နောက်ထပ်သတင်း အချက်အလက်များ

အလုံးစုံခြုံငုံမိ၍၊ သက်သေအထောက်အထားခိုင်မာသည့်/ကောင်းမွန်စွာငြင်းချက်ထုတ်ထားသည့် ဖြစ်ရပ် တစ်ခုကို တည်ဆောက်ရန် အလို့ငှာ၊ တိုင်ချက်တစ်ခုကိုမဖွင့်ရသေးခင်တွင် တိုင်ကြားသူသည် ASSIST ဝက်ဘ်ဆိုဒ် ပေါ်တွင်ပေးထားသည့် သတင်း အချက်အလက် တို့ကို အခြေခံပြီး သို့မဟုတ် ၎င်း၏အိမ်ရှင်အစိုးရ သို့မဟုတ် သီးသန့်ရပ်တည်နေသော အကြံပေးပုဂ္ဂိုလ်များ၊ ရှေ့နေများ၊ ဥပဒေလုပ်ငန်းများ၊ စီးပွားရေးဆိုင်ရာကောင်စီများ၊ ကုန်သည် ကြီးများအသင်း၊ စီးပွားရေး လုပ်ငန်းအသင်းအဖွဲ့များနှင့် ကုန်သွယ်ရေးအဖွဲ့အစည်းများထံမှ လမ်းညွှန်မှုနှင့် အထောက်အကူတို့ကို ရယူခြင်းအားဖြင့် သုတေသနတစ်ရပ်ကို သေချာစွာ ဆောင်ရွက်သင့်ပါသည်။

တိုင်ကြားချက်ကို အသိအမှတ်ပြုခြင်း

တိုင်ကြားချက်ကိုတင်သွင်းရာတွင် အာဆီယံစီးပွားရေးလုပ်ငန်း (သို့မဟုတ်) အာဆီယံအခြေစိုက်ကိုယ်စားလှယ် အဖွဲ့အစည်းသည် ဝက်ဘ်စာမျက်နှာပေါ်တွင် အလိုအလျောက် အသိအမှတ်ပြုမှု တစ်ရပ်ကို အောက်တွင် ဖော်ပြ ထားသည့်အတိုင်းပင် လက်ခံရရှိမည်ဖြစ်သည်။



ASSIST ၏ဗဟိုအုပ်ချုပ်ရေးမှူးသည်လည်း တိုင်ကြားချက်အသစ်တစ်ရပ် တင်သွင်းမှုကို အကြောင်းကြား အသိပေးခြင်းခံရမည် ဖြစ်သည်။ ထို့နောက် တိုင်ကြားချက် ဖောင်ပုံစံ အတွင်းရှိ ပေးထားသော ဆက်သွယ်ရန် ပုဂ္ဂိုလ်၏ လိပ်စာကို လိပ်မူထားသည့် အီးမေးလ် တစ်စောင် ထပ်မံရောက်ရှိလာမည်ဖြစ်သည်။ဥပမာကိုအောက်ပါအတိုင်းပြထားပါသည်။



Gmail

ASEAN Enterprise <aseanenterprise0@gmail.com>

[ASSIST] Thanks to confirm your complaint #14620181017 submission

No Reply ASSIST <assist@asean.org>
Reply-To: "assist@asean.org" <assist@asean.org>

Wed, Oct 17, 2018 at 12:49 PM

ASSOCIATION OF SOUTHEAST ASIAN NATIONS

ASSIST
ASEAN Solutions for Investments, Services and Trade

Dear **Mr Paul Smith**,

Thank you for having filed a complaint on **ASSIST**, the system of ASEAN Solutions for Investments, Services and Trade.

Please **confirm** your complaint **14620181017 on the following link** (or by copy-pasting the following link onto your Internet browser):
http://assist.arsenadevelopment.space/user/confirm_email/?email=aseanenterprise0@gmail.com&id=14620181017&code=3y4r38bbqi98

After your confirmation, ASSIST will monitor your complaint and you will be able to access it on the following webpage
http://assist.arsenadevelopment.space/user/login by using your e-mail / tracking ID: **aseanenterprise0@gmail.com / 14620181017**

ASEAN Enterprise / Trade Association / Law Firm : Star 88 Co., Ltd. (type Enterprise)
Company size : 50 to 100
Phone : +905 524 1532
Website : www.star88.com
Address : Better Living Street City W Country X
City : City W / Zip Code : 1711
Country : AMS-X

Contact person : Mr Paul Smith
Phone : +905 524 1532
Position : Chief Executive Officer
Email : aseanenterprise0@gmail.com
Address : Better Living Street City W Country X
City : City W / Zip Code : 1711
Country : AMS-X

Confidential case code (for law firm or lawyer only):
Country of Legal Registration : AMS-X
Legal Registration Number : 123456
Type of Business : Service provider
Business Sector : Services /
Type of problem encountered : Transport services
Destination Country : AMS-Y

Description:
We are a duly registered shipping company in AMS-X. We have entered into a two-year binding agreement since January 2018 with an import-export company in AMS-X. The scope of the agreement is to export iron and aluminium from AMS-X into AMS-Y and import rubber and cotton from AMS-Y into AMS-X using our fleet of vessels. We have agreed to conduct this export-import transaction in round-trips from AMS-X to AMS-Y using the same vessel. The intention, inter alia, is to save cost in fuel consumption and manpower by having a full freight load in both inbound and outbound trips, thereby being able to provide a cost-effective and competitive service on a cross-border basis to customers based in both AMS-X and AMS-Y. We recently learned that AMS-Y has issued a new shipping law, namely the Ministry of Trade Law No. 13 Year 2018, imposing that certain commodities can only be transported for import or export by national maritime transport companies. The four commodities, i.e. iron, aluminium, rubber and cotton, are among the commodities listed in this new shipping law. This new law would certainly result in a financial loss for our business and prevent us from providing its maritime shipping services between AMS-X and AMS-Y. We are very worried that this legislative development is contrary to free trade, to the spirit of the ASEAN Economic Community (AEC) and, possibly, against the specific commitments and obligation of AMS-Y under the relevant ASEAN economic agreements (e.g., the ASEAN Framework Agreement on Services, or AFAS). We are of the view that this new law is a clear measure of protectionism and is incompatible with free trade principles and customary law regarding international maritime services, which will seriously impact AMS-Xâ€™s shipping companies that are offering cross-border maritime transport services in relation to the commodities affected by this law. Furthermore, this new measure by AMS-Y is a clear violation of the commitments made by AMS-Y to the World Trade Organization and is a clear violation of the Schedule of Specific Commitments of AMS-Y under AFAS, where AMS-Y have committed to allow foreign shipping companies that are offering cross-border freight transport services within ASEAN to operate within its waters without any limitations to market access and national treatment. Thus, we would like to request for AMS-Y to revoke or amend this new law accordingly.

Thanking you, ASSIST is at your service.

assist.asean.org

3 attachments

အာဆီယံစီးပွားရေးလုပ်ငန်း သို့မဟုတ် အာဆီယံအခြေစိုက်ကိုယ်စားလှယ်အဖွဲ့အစည်း၏ ဆက်သွယ် ရမည့် ပုဂ္ဂိုလ်ထံသို့ ပေးပို့သည့်အီးမေးလ်တွင် တိုင်ကြားချက်ကိုတင်သွင်းသည့် အသေးစိတ် အခြေခံ အချက်အလက်များနှင့် တိုင်ကြားချက်အမှတ် သို့မဟုတ် နောက်ကြောင်းလိုက်သည့် သတ်မှတ်နံပါတ် (အိုင်ဒီ) ၎င်းသည် တိုင်ကြားသူထံ ASSIST မှတစ်ဆင့် အလိုအလျောက် ဖြန့်ဝေအသိပေး သည့်အရာဖြစ်ပြီး ထိုအချက်အလက်များမှ တစ်ဆင့် တိုင်ကြားသူသည် တိုင်ကြားချက်၏တိုးတက်မှုကို စောင့်ကြည့်စစ်ဆေး နိုင်မည်ဖြစ်သည်။ (တိုင်ကြားချက်ကို စောင့်ကြည့်စစ်ဆေးသည့် နောက်ထပ် သတင်းအချက်အလက်များကို ဤအပိုင်း၏ ကဏ္ဍ (c) ရှိ 'တိုင်ကြားသူက တိုင်ကြားချက် ၏တိုးတက်မှုကို စောင့်ကြည့်စစ်ဆေးနိုင်သည်' တွင်ဖော်ပြထားပါသည်။) တိုင်ကြားသူသည် အီးမေးလ် တွင်ပါရှိသည့်လင့်ခ်ကို ရိုးရှင်းစွာနှိပ်ခြင်းဖြင့် တင်သွင်းကြောင်းအတည်ပြု၍၊ မှန်ကန်ကြောင်း သက်သေပြနိုင်မည့် အီးမေးလ်ကို ပြန်လည် တုံ့ပြန်ရန်လိုအပ်ပါသည်။ တိုင်ကြားသူက လင့်ခ်တွင် နှိပ် ပြီးသည့်အခါတွင် အောက်ပါစာမျက်နှာသည် ကွန်ပြူတာမျက်နှာပြင်ပေါ်တွင် အလိုအလျောက် ပေါ်လာမည်ဖြစ်သည်။.



ဗဟိုအုပ်ချုပ်ရေးမှူးမှမှန်ကန်ကြောင်း သက်သေပြခြင်း

ASSIST ၏ဗဟိုအုပ်ချုပ်ရေးမှူး အနေဖြင့် တရားဝင် ဖြစ်မဖြစ် ဆုံးဖြတ်ရန် မှန်ကန်ကြောင်းသက်သေပြမှုအတွက် စစ်ဆေးချက်များကို ဆောင်ရွက်ပါသည်။ (ဆိုလိုသည်မှာ တိုင်ကြားချက်သည် ASSIST ၏သတ်မှတ်နယ်ပယ် အတွင်း ကျရောက်ခြင်းရှိ၊ မရှိဖြစ်သည်။) ထို့နောက် ယင်းဆန်းစစ်လေ့လာချက်၏ရလဒ်အနေဖြင့် အလုပ်လုပ် ရက် (၁၀) ရက်အတွင်း တိုင်ကြားချက်ကို ပြန်လည်သုံးသပ်သည့်အပြင်၊ အောက်ပါတို့ကိုလည်း ပြုလုပ်ပါသည်။

- တိုင်ကြားချက်ကို**လက်ခံ၍**၊ သက်ဆိုင်ရာနိုင်ငံရှိ ဆက်သွယ်ရေး တာဝန်ခံတို့ထံသို့ လက်ဆင့်ကမ်းဖြန့်ဝေပေးပါသည်။ (ဆိုလိုသည်မှာ 'ရည်ညွှန်းတိုင်ကြား ခံရသည့် နိုင်ငံမှ ဆက်သွယ်ရေးတာဝန်ခံ' နှင့် 'အိမ်ရှင်နိုင်ငံမှ ဆက်သွယ်ရေးတာဝန်ခံ' တို့ဖြစ်သည်။)

- နောက်ထပ်သတင်းအချက်အလက်တို့ကို (**မပြည့်စုံပါက**) တောင်းဆိုနိုင်သည်၊ သို့မဟုတ် တိုင်ကြားသူ ကိုပြန်လည်သုံးသပ်ရန် ပြောဆိုနိုင်သည်။ (ဤလက်စွဲစာအုပ်၏ အပိုင်း (၃) ဖြစ်သည့် 'ASSISTမှ ဗဟိုအုပ်ချုပ်ရေးမှူး ၏အခန်းကဏ္ဍ' ၏ကဏ္ဍ (၈-၂)အောက်ရှိ ဗဟိုအုပ်ချုပ်ရေးမှူး၏ ဆောင်ရွက်ချက်များကို ရှင်းပြထားရာတွင် အသေးစိတ် လေ့လာနိုင်ပါသည်။)

- မခိုင်လုံသည့် တိုင်ကြားချက်ကို **ငြင်းပယ်နိုင်ပြီး၊** ထိုကဲ့သို့ ဆုံးဖြတ်ချက်ချရခြင်း၏ အကြောင်းပြချက် တို့ကိုလည်းပေးရမည်ဖြစ်သည်။

လက်ခံရမည့် သို့မဟုတ် ငြင်းပယ်ရမည့် ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံမှ ဆက်သွယ်ရေးတာဝန်ခံ

ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံမှ ဆက်သွယ်ရေးတာဝန်ခံ (အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်းရှိ တိုင်ကြားခံရသည့် တိုင်ကြားချက်ကို ပေးပို့ခံရပြီး ထိုမှတဆင့်အဖြေရှာပေးခြင်း) သည် အလုပ်လုပ်ရက် (၁၀) ရက်အတွင်း တိုင်ကြားချက်၏ အသေးစိတ် အကြောင်းအရာများကို ပြန်လည်သုံးသပ်၍၊ အောက်ပါအတိုင်း ဖြစ်၊ မဖြစ်ကို ဆုံးဖြတ်ပါ သည်။

- ပေးထားသည့်သတင်းအချက်အလက်၏ အခြေခံပေါ်မူတည်၍ တိုင်ကြားချက်သည် ခိုင်မာ သောအမှုဖြစ်လျှင် တိုင်ကြားချက်ကို **လက်ခံမည်**ဖြစ်သည်၊

- လက်ခံမှုကို ဖော်ပြသည့်အီးမေးလ်သည် ဗဟိုအုပ်ချုပ်ရေးမှူး နှင့် အိမ်ရှင်နိုင်ငံမှ ဆက်သွယ်ရေးတာဝန်ခံထံသို့ ပေးပို့ရန် ဟုတ်၊ မဟုတ်၊

- ပြဿနာအတွက် ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းချက်တစ်ရပ်ကို ရှာဖွေရန်အလို့ငှာ သက်ဆိုင်ရာ အမျိုးသား အာဏာပိုင်ထံသို့ အသေးစိတ်အချက်အလက်များကို လက်ဆင့် ကမ်းပေး ရမည်ဟုတ်၊ မဟုတ်။

- တိုင်ပင်ဆွေးနွေးပြီးနောက် ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံမှ ASSIST ယန္တရားသည် သင့်တင့်လျှောက်ပတ်သည့် လမ်းကြောင်းမဟုတ်ဟု ဆုံးဖြတ်ပါက၊ တိုင်ကြားချက်ကို **ငြင်းဆန်မည်**ဖြစ်သည်။ ဗဟိုအုပ်ချုပ်ရေးမှူးနှင့်အိမ်ရှင်နိုင်ငံမှ ဆက်သွယ်ရေး တာဝန်ခံတို့ထံသို့ ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံမှ ဆက်သွယ်ရေး တာဝန်ခံကပေးသည့် ငြင်းဆန်ရသည့်အကြောင်းပြချက် များကိုအီးမေးလ်မှတစ်ဆင့်အကြောင်းကြားမည်ဖြစ်သည်

အရေးပါသောနောက်ထပ် သတင်းအချက်အလက်များ

တိုင်ကြားချက်ကို ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံက လက်ခံ၍၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့ (များ) ထံသို့တုံ့ပြန်မှုကို လက်ဆင့်ကမ်းပေးပါက၊ ၎င်းနိုင်ငံ၏ ဆက်သွယ်ရေး တာဝန်ခံအနေဖြင့် တိုးတက်မှုများ နှင့် သဘောတူထားသည့် ASSIST ၏ အချိန်ကာလ မူဘောင်အတွင်း၌ သက်ဆိုင်ရာ အမျိုးသားအာဏာပိုင်အဖွဲ့ (များ) ထံမှ တုံ့ပြန်မှုကို ကြီးကြပ်ကွပ်ကဲပေးရန် လိုပါသည်။ ASSIST လုပ်ငန်းစဉ်၏ အဆင့်တစ်ခုချင်းစီအတွက် အချိန်ဇယားအစုလိုက်ကို ဤလက်စွဲစာအုပ်၏ အပိုင်းကဏ္ဍ (ဃ) 'တိုင်ကြားချက်ကိုကိုင်တွယ်ဖြေရှင်းသည့်လုပ်ငန်းစဉ်' တွင် ဖော်ပြထားပါသည်။

ဗဟိုအုပ်ချုပ်ရေးမှူးသည် အဖြေရလဒ်ဖြင့် တုံ့ပြန်ဖြေကြားသည်

အလုပ်လုပ်ရက် (၃၀) မှ (၅၀) အတွင်း ရည်ညွှန်းတိုင်ကြား ခံရသည့်နိုင်ငံ မှဆက်သွယ်ရေး တာဝန်ခံသည် အကြိုပြု ဖြေရှင်းချက်ကဲ့သို့သော တုံ့ပြန်ချက်ကို ဗဟိုအုပ်ချုပ်ရေးမှူး ထံသို့ ပေးပို့ရမည် ဖြစ်သည်။

- ဗဟိုအုပ်ချုပ်ရေးမှူး အနေဖြင့် တိုင်ကြားချက်တွင်ဖော်ပြထားသည့် ကြုံတွေ့နေရသော ပြဿနာအတွက် ကျေနပ်စရာကောင်းသည့်ဖြေရှင်းချက်ကိုပေးသည့် အကြောင်းအရာအပေါ် တုံ့ပြန် ဖြေဆိုချက် သို့မဟုတ် အဆိုပြုဖြေရှင်းချက်ကို ပြန်လည်သုံးသပ်ရမည်ဖြစ်သည်။

- အာဆီယံစီးပွားရေးလုပ်ငန်း (ဆိုလိုသည်မှာ တိုင်ကြားသူ) သို့မဟုတ် အာဆီယံ အခြေစိုက်ကိုယ်စားလှယ်အဖွဲ့အစည်းထံသို့ ရလဒ်ကိုလက်ဆင့်ကမ်းခြင်းနှင့် ဖြေရှင်းချက် သို့မဟုတ် တုံ့ပြန်ချက်ကို မှတ်တမ်းတင်ခြင်း မလုပ်ရသေးခင်တွင် လိုအပ်ပါက မည်သည့် ရှင်းလင်းချက် ကိုမဆို မေးမြန်းနိုင်သည့် အခွင့်အရေး တစ်ရပ်ကို ဗဟိုအုပ်ချုပ်ရေးမှူး ထံသို့ ပေးအပ်ထားပါသည်။

- ဗဟိုအုပ်ချုပ်ရေးမှူးသည် ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံမှ တိုင်ကြားချက်အတွက် တုံ့ပြန်မှုကို အာဆီယံစီးပွားရေးလုပ်ငန်း (တိုင်ကြားသူ) သို့မဟုတ် အာဆီယံအခြေစိုက် ကိုယ်စားလှယ်ရုံးထံသို့ ပြန်လည်လက်ဆင့်ကမ်းပေးသည်။

အရေးပါသည့် နောက်ထပ် သတင်းအချက် အလက်များ

ဖြေရှင်းချက်အားလုံးသည် လက်ရှိအာဆီယံ ကတိကဝတ်သဘောတူညီချက်များအပြင်၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများက ကျင့်သုံးနေသည့် ဥပဒေများနှင့် နည်းဥပဒေတို့ဖြင့် လုံးဝကိုက်ညီနေရမည်ဖြစ်သည်။

တိုင်ကြားသူ အနေဖြင့် နှစ်ခြိုက်မှု စစ်တမ်းဖြင့် ပြန်လည်တုံ့ပြန် ပါသည်။

ASSIST မှတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံမှ ဖြေရှင်းချက်ကိုတင်သွင်းပြီးနောက် အာဆီယံစီးပွားရေး လုပ်ငန်း (ဆိုလိုသည်မှာ တိုင်ကြားသူ) သို့မဟုတ် အာဆီယံအခြေစိုက် ကိုယ်စားလှယ်အဖွဲ့အစည်းကို အီးမေးလ်ဖြင့် အကြောင်းကြားမည်ဖြစ်ပြီး၊ နှစ်သက်သည် သို့မဟုတ် မနှစ်သက်ပါ ကို နှိပ်ခြင်းဖြင့် စိတ်ကျေနပ်မှုစစ်တမ်းကို ဖြေကြားရန် တောင်းဆိုလာမည်ဖြစ်သည်။ အာဆီယံစီးပွားရေးလုပ်ငန်း (ဆိုလိုသည်မှာ တိုင်ကြားသူ) သို့မဟုတ် အာဆီယံ အခြေစိုက် ကိုယ်စားလှယ်အဖွဲ့အစည်းသည် စစ်တမ်းကို ဖြေဆိုရန် ASSIST ဝက်ဘ်ဆိုဒ်ထံသို့ ပြန်လည်ရည်ညွှန်းခံရမည်ဖြစ်ပြီး၊ အထူးသဖြင့် စိတ်ကျေနပ်မှုမရှိပါက မှတ်ချက်များပေးရန် ဖိတ်ခေါ်ထားပါ သည်။

- တိုင်ချက်ဖွင့်ထားသည့် အာဆီယံစီးပွားရေးလုပ်ငန်း (ဆိုလိုသည်မှာ တိုင်ကြားသူ) သို့မဟုတ် အာဆီယံအခြေစိုက် ကိုယ်စားလှယ်အဖွဲ့အစည်းသည် အဆိုပြုထားသည့် ရလဒ်ကို စိတ်ကျေနပ်မှုမရှိပါက၊ ၎င်းလုပ်ငန်း မှတ်ပုံတင်ထားသော အာဆီယံအဖွဲ့ဝင်နိုင်ငံမှတစ်ဆင့် အမှုကို အာဆီယံအခွင့်အာဏာရှိအဖွဲ့အစည်း (ASEAN Compliance Body – ACB) သို့မဟုတ် အာဆီယံ တိုးပွားလာသော အငြင်းပွားမှုဆိုင်ရာဖြေရှင်းရေး ယန္တရား (ASEAN Enhanced Dispute Settlement Mechanism – EDSM) ထံသို့ ရည်ညွှန်းတိုင်ကြားနိုင်သည်။

- တိုင်ကြားသူသည် အာဆီယံဆိုင်ရာ အမျိုးသားစီရင်ပိုင်ခွင့်အတွင်း နိုင်ငံအတွင်းတရားစွဲဆိုမှု သို့မဟုတ် အခြားသော အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းရေးယန္တရား (ဆိုလိုသည်မှာ စေ့စပ်ညှိနှိုင်းခြင်း၊ ရင်ကြားစေ့ခြင်း သို့မဟုတ် ခုံသမာဓိစီရင်ဆုံးဖြတ်ခြင်းတို့ဖြစ်သည်၊) တို့ကို ဆက်လက်လုပ်ဆောင် ရန်လည်း ဆုံးဖြတ်ကောင်း ဆုံးဖြတ်နိုင်ပါသည်။



အရေးပါသည့်နောက်ထပ်သတင်းအချက်အလက်များ

ပြဿနာရပ်အတွက်ဖြေရှင်းနည်းကို အဆိုပြုတင်ပြပြီးသောအခါ၊ ASSIST ကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် စပ်လျဉ်း၍ ဆွေးနွေးတိုင်ပင်သည့်လုပ်ငန်းစဉ်တစ်ရပ်အဖြစ် တည်ဆောက် ထားခြင်းဖြစ်ပြီး၊ ပေးထားသည့်အကြံဥာဏ်သည် လက်တွေ့ကြုံနေရသည့် အချို့သောဖြစ်ရပ်တို့ကို ဖြေရှင်းရန်ရည်ရွယ်ပြီး၊ 'မည်သူက မှန်၍၊ မည်သူကမှားသည်ကို ဆုံးဖြတ်ရန်' မဟုတ်ဘဲ၊ သို့မဟုတ် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ဥပဒေများ၊ နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်းများ နှင့်/သို့မဟုတ် ASSIST မှတစ်ဆင့် တိုင်ချက်ဖွင့်ခြင်း အလေ့အကျင့်များဖြင့် ကိုက်ညီမှု ရှိမရှိဆုံးဖြတ်ရန်မဟုတ် ကြောင်း သတိပြုရန်မှာ အလွန်အရေးကြီးပါသည်။

အချို့သော ASSIST ထံသို့တိုင်ကြားထားသောကိစ္စရပ်များကိုဖော်ထုတ်ရေးရည်ရွယ်ချက်ဖြင့် ပါဝင်လာကြသည့် လုပ်ဆောင်သူတို့မှ တိုင်ကြားသူပုံပိုးသည့်သတင်းအချက်အလက်များကို ASSIST အတွင်းတွင် အသုံးပြုမည်ဖြစ်သည်။ အထူးသဖြင့် ကွန်ယက် တစ်လျှောက်တွင် အချက်အလက်တို့ကို လွဲပြောင်းပေးသည့် အချိန်တိုင်း၌ ကိုယ်ရေးကိုယ်တာ အချက်အလက်များ သို့မဟုတ် စီးပွားရေး အရထိလွယ်ရှလွယ်ဖြစ်သည့် အချက်အလက်တို့ကို ကာကွယ်ရန် အလို့ငှာ သင့်လျော်သည့်အဆင့် များကို ဆောင်ရွက်ရမည်ဖြစ်သည်။

ASSIST က ဖြေရှင်းချက်ကို အဆိုမပြုရသေးခင်အချိန်ထိ တိုင်ကြားသူက မည်သည့်အဆင့်တွင်မဆို တိုင်ကြားချက် ကို ပြန်လည်ရုပ်သိမ်းခွင့်ရှိနိုင်ပါသည်။

၂. အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းအတွက်

အမည်မဖော်လိုသည့်တိုင်ကြားချက်ဖောင်ပုံစံကိုကူးယူအသုံးပါ

အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းသည် ၎င်း၏အမှုသည် ကိုယ်စား တိုင်ကြားချက်ကိုတင်သွင်းပါက၊ တရားဝင်တိုင်ကြားချက်ကိုမတင်ခင်တွင် ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းသည် အောက်ပါလင့်ခ် (http://ASSIST.asean.org/ complaint/?m=42&type=law) သို့မဟုတ် ASSIST ဝက်ဘ်ဆိုဒ်မှ'တိုင်ချက်ဖွင့်ပါ -

အာဆီယံရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်း' စာမျက်နှာရှိ လိုအပ်သည့်ဖောင်ပုံစံကို ဆွဲချကူးယူ အသုံးပြုရမည်.

အမည်မဖော်လိုသည့် ဖောင်ပုံစံနှင့်အခြားလိုအပ်သည့်စာရွက်စာတမ်းများကို အာဆီယံ အတွင်းရေးမှူးချုပ်ရုံး/ASSIST၏ဗဟို အုပ်ချုပ်ရေးမှူး ထံသို့ တင်သွင်းပါ။

ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းသည် ဖောင်ပုံစံတွင်ဖြည့်စွက်ပြီးနောက် အောက်ပါတို့နှင့်အတူ အီးမေးလ် ဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး (ASSIST@asean.org) ထံသို့ ယင်းပုံစံစာရွက်ကို တင်သွင်းရမည်ဖြစ်သည်။

(၁) ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်း၏ တရားဝင်လုပ်ငန်း မှတ်ပုံတင်/လိုင်စင် အထောက်အထား (မူရင်း ဘာသာစကားသည် အင်္ဂလိပ်ဘာသာဖြင့်မဟုတ်သော်လည်း၊ အင်္ဂလိပ် ဘာသာသို့ တရားဝင်ပြန်ဆိုမှု မဟုတ်သည့် ဘာသာပြန်ထား သည့် အထောက်အထားတို့ကိုလည်း ထည့်သွင်းသင့်သည်။) နှင့် (၂) အမည်မဖော်လိုသည့်တိုင်ကြားချက်ကို တင်ပေးစေ လိုသည့် အမှုသည်

(အာဆီယံ စီးပွားရေး လုပ်ငန်း)၏ ကုမ္ပဏီ/လုပ်ငန်း မှတ်ပုံတင်စာရွက်စာတမ်းတို့ဖြစ်သည်။

Form to be used by ASEAN-based Lawyers or Law Firms
to file an '*anonymous*' complaint on behalf of an ASEAN Enterprise

Special rules apply to complaints filed by ASEAN-based registered lawyers or law firms. In particular, ahead of submitting an ASSIST complaint on behalf of a client, which must be a duly registered ASEAN enterprise based in one the of the 10 ASEAN Member States, an ASEAN-based lawyer or law firm (i.e., a lawyer or law firm duly licensed to practice law in the ASEAN Member State where the client is based or against which the complaint is filed) must contact the ASEAN Secretariat and provide the required data on its professional registration and on the client on whose behalf the anonymous complaint is filed. **assist@asean.org**

LAWYER

- Gender:
- First Name:
- Last Name:
- Title/Position:
- Address:
- Zip code: City:
- Phone: E-mail:
- ASEAN Jurisdiction(s) where Admitted to Practice Law (country):

LAW FIRM

- Name:
- Address:
- Zip code: City:
- Phone: E-mail:
- Website:
- ASEAN Jurisdiction(s) where Local Office(s) is(are) Established (country):

PROFESSIONAL LICENCE

Please attach the Professional Licence (e.g., issued by the Government, Lawyers' Bar, Law Society, declaration by Attorney General's Chamber, etc.) for the individual lawyer showing the ability to practice law in the relevant ASEAN jurisdiction(s). Should there be no such Professional Licence, a sworn declaration should be submitted by the Lawyer or Law Firm indicating that the individual Lawyer is admitted to practice law in the relevant ASEAN jurisdiction(s). The document can be attached in PDF format in the original language. If the original language is other than English, an unofficial translation into English should also be attached and submitted to the ASEAN Secretariat.

DETAILS OF ASEAN ENTERPRISE

- ASEAN Enterprise Name:
- Company Size:
- Address:
- Zip code: City:
- Phone: E-mail:
- Website:
- Country of Legal Registration:
- Registration Number:
- Company Registration Proof: *To be attached to the email*

အာဆီယံအတွင်းရေးမှူးရုံးကတုံ့ပြန်ချက်များ

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် တင်သွင်းလာသည့် စာရွက်စာတမ်းများသည် လိုအပ်ချက်နှင့်ကိုက်ညီမှုရှိ၊မရှိနှင့် ပြည့်စုံမှုရှိ၊မရှိကို အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းထံသို့ အကြောင်းပြန်ပေးသွားမည် ဖြစ်သည်။

- စာရွက်စာတမ်းများပြည့်စုံပါက အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသည် ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းထံသို့ အီးမေးလ်ဖြင့် အမှုဆိုင်ရာလျှို့ဝှက်ကုဒ်ကို ပို့ပေးမည်ဖြစ်ပြီး၊ သို့မှသာ တရားဝင်တိုင်ကြားချက်ကို တင်သွင်းနိုင်မည်ဖြစ်သည်။
- စာရွက်စာတမ်းများမပြည့်စုံပါက အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသည် ရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းထံသို့ လိုအပ်နေသေးသည့်စာရွက်စာတမ်းများကို ပို့ပေးရန် တောင်းခံမည်ဖြစ်သည်။

တရားဝင်တိုင်ကြားချက်ကို တင်သွင်းခြင်း

အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင် လုပ်ငန်းက ASSIST ဝက်ဘ်ဆိုဒ် (http://ASSIST.asean.org) ပေါ်ရှိ 'တိုင်ချက်ဖွင့်ပါ။' တက်ဘ်မှ 'အာဆီယံရှေ့နေ သို့မဟုတ် ဥပဒေလုပ်ငန်း' သင်္ကေတပေါ်၌ ရှိသည့် အွန်လိုင်းတိုင်ကြားချက်ဖောင်ပုံစံကိုအသုံးပြု၍ တိုင်ကြားချက်ကို ပြင်ဆင်၍ တင်သွင်းရမည်ဖြစ်သည်။ မပါမဖြစ်သည့် အချက်အလက် အားလုံးပါဝင်ခြင်းရှိစေရန် ထည့်သွင်းထားသည့် အသေးစိတ် အချက်အလက်များကို စနစ်မှ စစ်ဆေးမည်ဖြစ်သည်။

အရေးပါသော နောက်ထပ် သတင်းအချက်အလက်များ

အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှပေးထားသည့် အမှုဆိုင်ရာလျှို့ဝှက်ကုဒ်ကို ပုံစံစာရွက်၏ 'တိုင်ကြားချက်ဆိုင်ရာ ဖော်ပြချက်' ကဏ္ဍရှိ အကွက်ထဲမှ တရားဝင်တိုင်ကြားချက်တွင် ထည့်သွင်း ရမည်ဖြစ်သည်။

အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းသည် အထက်တွင်ပြထားသည့် အတိုင်း အာဆီယံ စီးပွားရေးလုပ်ငန်းနှင့် အာဆီယံအခြေစိုက် ကိုယ်စားလှယ်အဖွဲ့အတွက် တိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းရာတွင် သုံးသည့် အလားတူအဆင့်များကို လိုက်နာခြင်းဖြင့် ASSIST လုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်နိုင်ပါသည်။

(ဂ)ASSISTလုပ်ငန်းစဉ်ကိုပြသည့် ကားချပ်

အောက်ပါလုပ်ငန်းစဉ်အဆင့်ဆင့်ပြကားချပ်နှစ်ခုသည် တိုင်ကြားချက်ကို ကိုင်တွယ်ဖြေရှင်းသည့် အခြေခံအဆင့် များကို ဖော်ပြထားသည်။ ပထမ လုပ်ငန်းစဉ်အဆင့်ဆင့်ပြကားချပ်သည် အာဆီယံ စီးပွားရေးလုပ်ငန်း သို့မဟုတ် အာဆီယံအခြေစိုက် ကိုယ်စားလှယ်အဖွဲ့မှတင်သွင်းသည့် တိုင်ကြားချက် ကိုကိုင်တွယ်ဖြေရှင်းခြင်း အဆင့်များကို ဖော်ပြထားပြီး၊ ဒုတိယတစ်ခုမှာ အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင် လုပ်ငန်းမှတင်သွင်းသည့် တိုင်ကြားချက် ကိုကိုင်တွယ်ဖြေရှင်းရန် အဆင့်များကို ပြထားပါသည်။

ပုံ(၂) အာဆီယံစီးပွားရေးလုပ်ငန်း သို့မဟုတ် အာဆီယံအခြေစိုက် ကိုယ်စားလှယ်အဖွဲ့မှတင်သည့် တိုင်ကြားချက်



ပုံ (၃) အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းမှတင်သွင်းသည့် တိုင်ကြားချက်

၁၀။ DCP၏ ပြဿနာကိုဖြေရှင်းနည်းအပေါ်တွင် သို့မဟုတ် တုန့်ပြန်မှုအပေါ်တွင် CAမှ ၎င်းကိုပြန်လည်သုံးသပ်၍၊ အာဆီယံအသိအမှတ်ပြုရှေ့နေ/ဥပဒေအကျိုးဆောင်လုပ်ငန်းနှင့် HCPအား ရလဒ်ကို ပြန်လည်လက်ဆင့်ကမ်းသည်။



(ဃ) တိုင်ကြားချက်ကို ကိုင်တွယ်ဖြေရှင်းသည့် အချိန်ဇယား

တိုင်ကြားချက်ကို ကိုင်တွယ်ဖြေရှင်းရာတွင်တိုးတက်မှုဖြစ်စဉ်ကို စောင့်ကြပ်ကြည့်ရှုရန်၊ တုံ့ပြန်ချက်တို့ကို အောက်ပါ အချိန်ဇယား အတွင်း မျှော်မှန်းနိုင်ပါသည်။



၁။ သက်တမ်းတိုးခြင်း

တိုင်ကြားချက်တင်လာသည့်အဖွဲ့ဝင်နိုင်ငံအတွင်းရှိ သက်ဆိုင်ရာအမျိုးသားအာဏာပိုင်အဖွဲ့အစည်း များသည် တိုင်ကြားသူမှကြုံတွေ့ခဲ့ရသည့် ကုန်သွယ်ရေးပြဿနာတို့အတွက် ဖြေရှင်းနည်းအား တက်ကြွစွာ ရှာဖွေရာ တွင်၊ ပြဿနာ၏ရှုပ်ထွေးမှုကြောင့်ဖြစ်စေ၊ ပြည်တွင်းရှိ နောက်ထပ် အာဏာပိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေး တိုင်ပင်မှုလိုအပ်သည့်အခါတွင်ဖြစ်စေ ASSIST ၏ CA မှချမှတ်ထားသည့် အလုပ်လုပ်ရက် (၃၀) ၏ နောက်ဆုံး ရက်ကို မမှီနိုင်ပါက DCP အနေဖြင့် သက်တမ်းတိုးပေးရန်တောင်းနိုင်ပါသည်။

- CA အနေဖြင့် DCP ၏တောင်းဆိုမှုအပေါ်မူတည်၍ အလုပ်လုပ်ရက် (၂၀) ရက်အထိ သက်တမ်းတိုးနိုင် ပါသည်။

- သက်တမ်းတိုးကာလသည် တိုင်ကြားချက်ကို DCP မှလက်ခံလိုက်သည့်အချိန်မှစ၍ ဖြေရှင်းနည်းကိုရှာဖွေရန် ရည်ညွှန်းတိုင်ကြား ခံရသည့်နိုင်ငံ ထံသို့ ခွဲဝေထားသည့် အလုပ်လုပ်ရက် စုစုပေါင်း ကြာချိန် (၅၀) ရက်ထက်မပို၍မတိုးရပါ။

- သက်တမ်းတိုးကာလကို စနစ်အတွင်းမှတ်တမ်းယူထားပြီး၊ CA က DCP ကို ဖြေရှင်းနည်းတင်သွင်း ရမည့် သက်တမ်း တိုးကာလ၏ နောက်ဆုံးရက်အား သတိပေးမည်ဖြစ်သည်။

- သက်တမ်းတိုးကာလတွင် ASSIST လုပ်ငန်းစဉ်ကြီးတစ်ခုလုံးသည် CA မှတိုင်ကြားချက်ကို လက်ခံ လိုက်သည့်အချိန်မှ အလုပ်လုပ်ရက် (၆၀) ရက်ထက်မပိုသင့်ပေ။

၂။ အချိန်နှောင်းသောဆောင်ရွက်ချက်များကို ဆက်လက်တိုက်တွန်းလုပ်ဆောင်ခြင်း။



အချို့သောဆောင်ရွက်ချက်များသည် ဗဟိုအုပ်ချုပ်ရေးမှူး သို့မဟုတ် ရည်ညွှန်းတိုင်ကြား ခံရသည့်နိုင်ငံမှ ဆက်သွယ်ရေးတာဝန်ခံက ဆောင်ရွက်ရန်နှောင့်နှေးနေသည့်အချိန် သို့မဟုတ် မျှော်မှန်းထားသည့် အချိန်အတိုင်း အတာအတွင်း ဆောင်ရွက်ပြီးစီးရန်နှင့်စပ်လျဉ်း၍ သတိပေးချက်များပြုလုပ်ရန် လိုအပ်သည့်အခါတွင်၊ ဤတွင်မြင်တွေ့ရသည့် အတိုင်းပင် အဝါရောင် သို့မဟုတ် အနီရောင်သတိပေးချက်တို့ကို ဤဝက်ဘ်ဆိုဒ်သို့ ဝင်ရောက်ခြင်းမှတစ်ဆင့် တိုင်ကြားချက် ၏အခြေအနေကို တိုင်ကြားသူထံသို့ပြသခြင်းအပါအဝင် ဗဟိုအုပ်ချုပ်ရေးမှူး သို့မဟုတ် ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံမှ ဆက်သွယ်ရေးတာဝန်ခံတို့၏ ဖြစ်စဉ်ပြဇယား တွင် ပြသသွားမည်ဖြစ်သည်။

အချို့သောဆောင်ရွက်ချက်အတွက် လိုအပ်သည့်အချိန်ဘောင်အတွင်း၌ ဗဟိုအုပ်ချုပ်ရေးမှူး နှင့်/သို့မဟုတ် ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံမှ ဆက်သွယ်ရေးတာဝန်ခံက မည်သည့် ဆောင်ရွက်ချက်ကိုမှ မပြုလုပ်သည့် အခါတွင်၊ ASSIST စနစ်သည် အီးမေးလ်မှတစ်ဆင့် အလိုအလျောက်သတိပေးချက်များကို ဗဟိုအုပ်ချုပ်ရေးမှူး နှင့် ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ မှဆက်သွယ်ရေးတာဝန်ခံထံသို့ ပို့ပေးမည်ဖြစ်ပြီး၊ အိမဲရှင်နိုင်ငံမှဆက်သွယ်ရေး တာဝန်ခံထံသို့ မိတ္တူပို့ပေးမည် ဖြစ်သည်။

•တိုင်ကြားချက်ကိုလက်ခံရရှိပြီးနောက် အလုပ်လုပ်ရက် (၁၀) ရက်အတွင်း ဗဟိုအုပ်ချုပ်ရေးမှူးသည် တိုင် ကြားသူထံသို့ ပြန်လည်အကြောင်းပြန်ခြင်းမရှိပါက၊ တိုင်ကြားချက်ကိုလက်ခံရရှိပြီး ပြက္ခဒိန်ရက် (၇)ရက်အတွင်း ASSIST ထံမှ အီးမေးလ်ဖြင့် အလိုအလျောက်သတိပေးချက်ကို ဗဟိုအုပ်ချုပ်ရေးမှူး မှ လက်ခံ ရရှိမည်ဖြစ်သည်။ ဗဟိုအုပ်ချုပ်ရေးမှူး အနေဖြင့် အလုပ်လုပ်ရက် (၁၀) ရက်အတွင်း တိုင်ကြားချက်ကို လက်ခံရန်၊ ပြန်လည်ပြင်ဆင်ချက်ကိုတောင်းဆိုရန် (မပြည့်စုံပါက) သို့မဟုတ် ငြင်းပယ်ရန် ဆုံးဖြတ် ရမည်ဖြစ်သည်။

• ဗဟိုအုပ်ချုပ်ရေးမှူးအနေဖြင့် တိုင်ကြားသူထံသို့ တုံ့ပြန်ချက်တစ်စုံတစ်ရာမပြုလုပ်ရသေးပါက၊ တိုင်ကြား ချက်ကိုတင်ပြီးနောက် ပြက္ခဒိန်ရက် (၁၄) ရက်အတွင်း ASSIST ထံမှ အီးမေးလ်မှတစ်ဆင့် နောက်ထပ် အလိုအလျောက်သတိပေးချက်ကို လက်ခံရရှိမည်ဖြစ်ပြီး၊ ဗဟိုအုပ်ချုပ်ရေးမှူး အား ASSIST လုပ်ငန်းစဉ်ကို ရှေ့ဆက်လုပ်ဆောင်နိုင်ရန်အလို့ငှာ ဆောင်ရွက်ချက်တစ်ရပ်လိုအပ်ကြောင်း အသိပေးခြင်းပင်ဖြစ် သည်။



ဆောင်ရွက်ချက်သည် အချိန်နှောင်းသွားကြောင်းကို ဗဟိုအုပ်ချုပ်ရေးမှူးထံသို့ ပေးပို့သည့် အီးမေးလ်သတိပေးချက်ဥပမာ

- ဗဟိုအုပ်ချုပ်ရေးမှူးက တိုင်ကြားချက်ကိုလက်ခံပြီးနောက်၊ ရည်ညွှန်းတိုင်ကြား ခံရသည့်နိုင်ငံမှ ဆက်သွယ်ရမည့် တာဝန်ခံထံသို့ လက်ဆင့်ကမ်းပေးပြီးသော်လည်း၊ ရည်ညွှန်း တိုင်ကြားခံရသည့် နိုင်ငံမှဆက်သွယ်ရေးတာဝန်ခံသည် အလုပ်လုပ်ရက် (၁၀) ရက်အတွင်း ပြန်လည်အကြောင်းပြန်မှုမပြုလုပ်ပါက၊ တိုင်ကြားချက်ကို ဗဟိုအုပ်ချုပ်ရေးမှူးမှလက်ခံပြီးနောက် ပြက္ခဒိန်ရက် (၇) ရက်အတွင်း ASSIST ထံမှ အီးမေးလ်ဖြင့် တစ်ဆင့် အလိုအလျောက် သတိပေးချက်ကို လက်ခံရရှိမည်ဖြစ်သည်။ ရည်ညွှန်းတိုင်ကြားခံရသည့် နိုင်ငံမှဆက်သွယ်ရမည့် ပုဂ္ဂိုလ်အနေဖြင့် အလုပ်လုပ်ရက် (၁၀) ရက်အတွင်း တိုင်ကြားချက်ကို လက်ခံသင့်သည် သို့မဟုတ် ငြင်းပယ်သင့်သည်ကို ဆုံးဖြတ် ရမည်ဖြစ်သည်။

- ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံမှဆက်သွယ်ရေးတာဝန်ခံအနေဖြင့် တိုင်ကြားသူထံသို့ တုံ့ပြန်ချက် တစ်စုံတစ်ရာ မပြုလုပ်ရ သေးပါက၊ တိုင်ကြားချက်ကိုတင်ပြီးနောက် ပြက္ခဒိန်ရက် (၁၄) ရက်အတွင်း ASSIST ထံမှ အီးမေးလ်ဖြင့် တစ်ဆင့် နောက်ထပ်အလိုအလျောက်သတိပေးချက်ကို လက်ခံရရှိမည်ဖြစ်ပြီး၊ ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံမှ ဆက်သွယ်ရေးတာဝန်ခံအား ASSIST လုပ်ငန်းစဉ်ကို ရှေ့ဆက် လုပ်ဆောင်နိုင်ရန်အလို့ငှာ ဆောင်ရွက်ချက် တစ်ရပ်လိုအပ်ကြောင်း အသိပေးခြင်းပင်ဖြစ်သည်။



ဆောင်ရွက်ချက်သည် အချိန်နှောင်းသွားကြောင်းကို ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံထံသို့ ပေးပို့သည့် အီးမေးလ်သတိပေးချက်ဥပမာ

အရေးပါသည့် သတင်းအချက်လက်

ဆောင်ရွက်ချက်သည် အချိန်နှောင်းသွားကြောင်းကို ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံမှ ဆက်သွယ်ရေးတာဝန်ခံထံသို့ ပေးပို့သည့် အီးမေးလ်သတိပေးချက် ဥပမာ ASSISTထံသို့ တင်သွင်း လာသည့် နယ်စပ်ဖြတ်ကျော်ပြဿနာများကို ဖြေရှင်းရန်အတွက် အချိန် မူဘောင်သည် ရည်ညွှန်း တိုင်ကြားခံရသည့်နိုင်ငံမှ ဆက်သွယ်ရေးတာဝန်ခံ (ဆိုလိုသည်မှာ တိုင်ကြားချက်ကိုတင်သွင်းခံရသည့် နှင့်စပ်လျဉ်းသည့်အာဆီယံအဖွဲ့ဝင်နိုင်ငံ)က တိုင်ကြားချက်ကိုလက်ခံလိုက်သည့် ရက်မှစ၍ အလုပ်လုပ်ရက် (၃၀)ထက် (အများဆုံး အလုပ်လုပ်ရက် (၂၀) ကိုထပ်တိုးတောင်းဆိုခြင်းကို သဘောတူညီမှုမရှိပါက) မပိုရပါ။

ဤလက်စွဲစာအုပ်၏ နောက်ဆက်တွဲ (၂) 'ASSIST ယန္တရားနှင့် ၎င်း၏ဆက်စပ်အချိန်ဇယားပါ လုပ်ငန်းစဉ် အဆင့်ဆင့်ပြကားချပ်' တွင် အသေးစိတ်အချက်အလက်နှင့် ASSIST လုပ်ငန်းစဉ်များကို အလွယ်တစ်ကူလိုက်ပါလုပ်ဆောင်နိုင်သော ဖော်ပြချက်ကို ပံ့ပိုးပေးထားပါသည်။

(c) တိုင်ကြားသူက တိုင်ကြားချက်၏တိုးတက်မှုဖြစ်စဉ်ကို စောင့်ကြည့်လေ့လာ နိုင်သည်။

တိုင်ကြားချက်၏တိုးတက်မှုဖြစ်စဉ်ကိုလိုက်ရန်အလို့ငှာ http://ASSIST.asean.org ရှိဝက်ဘ် စာမျက်နှာရှိ 'တိုင်ကြားချက်ကိုလိုက်ပါ' တက်ဘ်ကို ရွေးချယ်ပါ၊ ထို့နောက်အောက်ပါ စာမျက်နှာ ပေါ်လာပါလိမ့်မည်။ တိုင်ကြားသူ အနေဖြင့် ၎င်းတို့၏အီးမေးလ်လိပ်စာနှင့် တိုင်ကြားချက် တင်သွင်းခြင်းအား အတည်ပြုကြောင်း ပြန်ဆိုသည့်စာတွင် ပေးထားသည့် ခြေရာခံနံပါတ် ကိုအသုံးပြု ၍ဝင်ရောက် နိုင်သည်။



ခြေရာခံနံပါတ် ကိုအသုံးပြုခြင်းဖြင့် စနစ်မှ တိုင်ကြားသူအား တိုင်ကြားချက်၏အသေးစိတ် အချက် အလက်များနှင့် တိုင်ကြားသူ၏ ASSIST ဆိုင်ရာဖြစ်စဉ်ပြဇယားရှိ ASSIST မှဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြသပါသည်။

အောက်ပါ တိုင်ကြားသူ၏ ASSIST ဆိုင်ရာဖြစ်စဉ်ပြဇယားဥပမာတွင် ၊ လေ့လာမှုသင်ခန်းစာအတွက် ရည်ရွယ်ရေးသားထားသည့် အဖြစ်မှန်မဟုတ်သော အချက်အလက်ကို အသုံးပြုထားသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ Y (AMS-Y) နှင့် ကုန်သွယ်ရေးပြဿနာရပ်နှင့်စပ်လျဉ်း၍ ဤဖြစ်ရပ်တွင် တိုင်ကြားချက်ကို ပြုလုပ်ထားသည်။ တိုင်ကြားသူကို အာဆီယံအသိအမှတ် ပြုရှေ့နေမှကိုယ်စားပြုထားပြီး၊ အကြောင်းရင်းမှာ ၎င်း၏အမှုသည် (ဆိုလိုသည်မှာ အာဆီယံ စီးပွားရေးလုပ်ငန်း) သည် AMS-X တွင် မှန်ကန်စွာမှတ်ပုံတင် ထားသည့် စီးပွားရေး လုပ်ငန်းဖြစ်ပြီး၊ အမည်မဖော်လိုသည့်အတွက်ပင်ဖြစ်သည်။

- ASSIST သည် အီးမေးလ်ဖြင့် တိုင်ကြားချက်အား လက်ခံကြောင်းကို အသိအမှတ် ပြုလိုက်သည်။
- ဗဟိုအုပ်ချုပ်ရေးမှူးမှ ကနဦးသုံးသပ်ချက်ပြုလုပ်ပြီးနောက် တိုင်ကြားချက်မှာ မပြည့်စုံပါက (တိုင်ကြားသူထံသို့ ပေးပို့သည့်အီးမေးလ်တွင် ဖော်ပြထားသည့် အကြောင်းပြချက် များအတွက်။) ဗဟိုအုပ်ချုပ်ရေးမှူးသည် အာဆီယံအသိအမှတ်ပြုရှေ့နေအား တိုင်ကြားချက်ကို ပြန်လည်သုံးသပ်ရန်နှင့် နောက်ထပ် သတင်းအချက်အလက်တို့ကို ပံ့ပိုးပေးရန်တောင်းဆိုပါသည်။
- တိုင်ကြားချက်ကို ရှေ့နေမှ ပြန်လည်သုံးသပ်၍၊ ထိုနေ့တွင်ပင် ပြန်လည်တင်သွင်းခဲ့သည်။

- တိုင်ကြားချက်၏အခြေအနေသည် ဗဟိုအုပ်ချုပ်ရေးမှူး မှ ပြီးပြည့်စုံမှုရှိကြောင်းနှင့် လက်ခံကြောင်း အဆင့် (တိုင်ကြားချက်၏သမိုင်းကြောင်းအရ) တွင် ကျန်ရှိနေမည်ဖြစ်သည်။



တိုင်ကြားသူ၏ တိုင်ကြားစာ အခြေအနေကို ကြည့်ရန် ASSIST ဆိုင်ရာအချက်အလက်ပြဇယားနမူနာ

နောက်ဆက်တွဲ(၁)

ကိုးကားချက်စာရင်း

၁.၁. ကုန်ပစ္စည်းများ၏ ဆင့်ပွား အမျိုးအမည်စာရင်း

၂.၄.၁. ဆင့်ပွားအခွဲ ကုန်ပစ္စည်းအမျိုးအမည်များ

၁. **ကုန်ပစ္စည်း**များ

၁. အကောက်ခွန်ဆိုင်ရာ စီမံ**ဆောင်ရွက်မှုများ**

၂. ပင်ရင်းဒေသစည်းမျဉ်းများ

၃. အကောက်ခွန်မဟုတ်သော စီမံ**ဆောင်ရွက်မှုများ**

၃.၁. လူ၊ တိရစ္ဆာန်၊ အပင်ဇီဝတို့၏ကျန်းမာရေးဆိုင်ရာစီမံဆောင်ရွက်ချက်များ

၃.၁.၁. သွင်းကုန်များအပေါ် SPS ဆိုင်ရာ ကန့်သတ်မှုနှင့် တားမြစ်မှုများ

၃.၁.၂. ဓါတ်ကြွင်းလက်ခံနိုင်မှုကန့်သတ်ချက်များနှင့် ဒြပ်ပစ္စည်းများအသုံးပြုမှုကို ကန့်သတ်ခြင်း

၃.၁.၃. တံဆိပ်ကပ်ခြင်း၊ အမှတ်အသားပြုခြင်းနှင့် ထုပ်ပိုးမှုဆိုင်ရာလိုအပ်ချက်များ

၃.၁.၄. ရောဂါပိုးမွှားကင်းရှင်းမှုလိုအပ်ချက်များ

၃.၁.၅. အပင်နှင့်တိရစ္ဆာန် ကုန်ချောပစ္စည်းများတွင်ဖြစ်ပေါ်စေသော သက်ရှိ ပိုးမွှားများနှင့်ရောဂါကို ဖယ်ရှားခြင်းဆိုင်ရာ အရေးယူဆောင်ရွက်မှု(ဥပမာ- ရိတ်သိမ်းချိန်လွန် ပြုပြင်မှု)

၃.၁.၆. ထုတ်လုပ်ခြင်းနှင့် ထုတ်လုပ်မှုလွန် ပြုပြင်မှုများအတွက် လိုအပ်ချက်များ

၃.၁.၇. SPS သတ်မှတ်ချက်နှင့်ကိုက်ညီမှုများကို ဆန်းစစ်ခြင်း

၃.၁.၈. အခြားတစ်နေရာရာတွင်ဖော်ပြမထားသော SPS ဆိုင်ရာဆောင်ရွက်မှုများ

၃.၂. **ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတား**အဆီး**များ**

၃.၂.၁. သွင်းကုန်များအပေါ် TBT ဆိုင်ရာ ကန့်သတ်မှုနှင့် တားမြစ်မှုများ

၃.၂.၂. ဓါတ်ကြွင်းလက်ခံနိုင်မှုကန့်သတ်ချက်များနှင့် ဒြပ်ပစ္စည်းများအသုံးပြုမှုကို ကန့်သတ်ခြင်း

၃.၂.၃. တံဆိပ်ကပ်ခြင်း၊ အမှတ်အသားပြုခြင်းနှင့် ထုတ်ပိုးမှုဆိုင်ရာ လိုအပ်ချက်များ

၃.၂.၄. ထုတ်လုပ်ခြင်းနှင့် ထုတ်လုပ်မှုလွန် ပြုပြင်မှုများအတွက် လိုအပ်ချက်များ

၃.၂.၅. ထုတ်ကုန်အထောက်အထားလက္ခဏာလိုအပ်ချက်

၃.၂.၆. ထုတ်ကုန်အရည်အသွေးနှင့် စွမ်းဆောင်ရည်လိုအပ်ချက်

၃.၂.၇. TBT သတ်မှတ်ချက်နှင့် ကိုက်ညီမှုကို ဆန်းစစ်ခြင်း

၃.၂.၈. အခြားတစ်နေရာရာတွင်ဖော်ပြမထားသော TBT ဆိုင်ရာဆောင်ရွက်မှုများ

၃.၃. သဘော်မတင်မီကြိုတင် **စစ်ဆေးခြင်းနှင့် အခြားလုပ်ထုံးလုပ်နည်းများ**

၃.၃.၁. သဘော်မတင်မီစစ်ဆေးခြင်း

၃.၃.၂. တိုက်ရိုက်ပို့ကုန်ပစ္စည်းဆိုင်ရာလိုအပ်ချက်

၃.၃.၃. အကောက်ခွန်၏သတ်မှတ်ဆိပ်ကမ်းမှ ဖြတ်ကျော်ရမည့် လိုအပ်ချက်

၃.၃.၄. သွင်းကုန်စောင့်ကြည့်ခြင်းနှင့် စစ်ဆေးမှုလိုအပ်ချက်များနှင့် အခြား အလိုအလျောက် လိုင်စင်ပေးခြင်း စီမံဆောင်ရွက်မှုများ၊

၃.၃.၅. အခြားတစ်နေရာရာတွင်ဖော်ပြမထားသော လုပ်ထုံးလုပ်နည်းများ

၁။ ဤအမျိုးအစားသည် ATIGA ၏ ပို့ဒ်ခွဲ ၁၃ ရှိ တာဝန်ဝတ္တရားများနှင့် စပ်လျဉ်း၍ အာဆီယံကုန်သွယ်ရေးသုတဘာဏ်တွင် အသုံးပြုမှုအတွက် အတည်ပြု တင်ပြထားသော အမျိုးအစားကို အခြေခံထားသည်

၃.၄. ကြိုတင်မခန့်မှန်း**နိုင်သော ကုန်သွယ်မှုဆိုင်ရာ အကာအကွယ်** ပေးရေး စီမံဆောင်ရွက်ချက်
၃.၄.၁. လျော့ဈေးနှင့်စုပုံရောင်းချမှုကိုတန်ပြန်ဆောင်ရွက်မှုစီမံချက်
၃.၄.၂. ကူညီထောက်ပံ့မှုဖြင့်တင်သွင်းရောင်းချမှုအပေါ်တန်ပြန်ဆောင်ရွက်မှုစီမံချက်
၃.၄.၃. အကာအကွယ်ပေးအစီမံများဆိုင်ရာဆောင်ရွက်ချက်

၃.၅. SPS သို့မဟုတ် TBT အကြောင်းတရားများမှလွဲ အလိုအလျောက်မဟုတ်သော လိုင်စင်ခွင့်ပြုချက်၊ ခွဲတမ်းသတ်မှတ်ချက်၊ တားမြစ်ခြင်း နှင့် အရေအတွက် ထိန်းချုပ်ခြင်းဆိုင်ရာစီမံဆောင်ရွက်ချက်
၃.၅.၁. SPS သို့မဟုတ် TBT အတွက် တရားဝင်ခွင့်ပြုထားသည့် အကြောင်းတရားများ မှလွဲ အလိုအလျောက်မဟုတ်သော သွင်းကုန်လိုင်စင်ခွင့်ပြုချက် လုပ်ထုံး လုပ်နည်းများ
၃.၅.၂. ခွဲတမ်းသတ်မှတ်ချက်များ(Quota)
၃.၅.၃. SPS နှင့် TBT အကြောင်းတရားမှလွဲ၍ တားမြစ်ချက်များ
၃.၅.၄. ပို့ကုန်ကန့်သတ်ချက်စီစဉ်ဆောင်ရွက်ချက်
၃.၅.၅. အကောက်ခွန်နှုန်းခွဲတမ်းသတ်မှတ်ချက်များ (TRQS)
၃.၅.၆. အခြားတစ်နေရာရာတွင် မဖော်ပြထားသောအရည်အတွက် ထိန်းချုပ်မှု စီမံ ဆောင်ရွက်ချက်များ

၃.၆. **ထပ်**တိုး**အခွန်**များ**နှင့် အဖိုးအခများပါ**ဝင်သည့် **ဈေးနှုန်းထိန်းချုပ်**မှု စီမံ**ဆောင်ရွက်**ချက်**များ၊**
၃.၆.၁. အကောက်ခွန်တန်ဖိုးကို သက်ရောက်စေသော စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်မှုများ
၃.၆.၂. သဘောဆန္ဒအလျောက် ပို့ကုန်တန်ဖိုးကန့်သတ်ခြင်း
၃.၆.၃. ပြောင်းလဲနိုင်သော အဖိုးအခများ
၃.၆.၄. အကောက်ခွန်အပိုကြေးများ
၃.၆.၅. ရာသီအလိုက်အခွန်အခများ
၃.၆.၆. အစိုးရမှပံ့ပိုးသော ဝန်ဆောင်မှုများနှင့် ဆက်နွယ်သော အခွန်အခများ စည်းကြပ်မှု
၃.၆.၇. သွင်းကုန်အပေါစည်းကြပ်သော ပြည်တွင်းအခွန်အခများ
၃.၆.၈. အကောက်ခွန်တန်ဘိုးဖြတ်ခြင်းဆိုင်ရာထုတ်ပြန်ကြေညာချက်
၃.၆.၉. အခြားတစ်နေရာရာတွင် မဖော်ပြထားသော ဈေးနှုန်း ထိန်းချုပ်မှု စီမံဆောင်ရွက်မှုများ

၃.၇. **ဘဏ္ဍာရေး**ဆိုင်ရာစီမံ**ဆောင်ရွက်ချက်**
၃.၇.၁. ကြိုတင်ငွေပေးချေမှုဆိုင်ရာလိုအပ်ချက်
၃.၇.၂. အမျိုးမျိုးသောငွေလဲနှုန်း
၃.၇.၃. တရားဝင်နိုင်ငံခြားငွေလဲနှုန်းဆိုင်ရာခွဲဝေမှုနည်းဥပဒေများ
၃.၇.၄. သွင်းကုန်အတွက်ငွေပေးချေမှုစနစ်နှင့် ပတ်သက်သောနည်းဥပဒေများ
၃.၇.၅. အခြားတစ်နေရာရာတွင်မဖော်ပြထားသော ဘဏ္ဍာရေးဆိုင်ရာစီမံ ဆောင်ရွက် မှုများ

၃.၈. **ယှဉ်ပြိုင်မှုကို သက်ရောက်စေသော ဆောင်ရွက်မှုများ**
၃.၈.၁. နိုင်ငံတော်ကုန်သွယ်ရေးလုပ်ငန်းများ၊သွင်းကုန်အတွက် အခြားလက်ရွေးစင် သွင်းကုန်ဆိုင်ရာ လမ်းကြောင်းများ
၃.၈.၂. မဖြစ်မနေအသုံးပြုရမည့် နိုင်ငံအဆင့် ဝန်ဆောင်မှုများ
၃.၈.၃. အခြားတစ်နေရာရာတွင် မဖော်ပြထားသော ယှဉ်ပြိုင်မှုကိုထိခိုက်စေသည့် စီမံဆောင်ရွက်ချက်များ

၃.၉. **ကုန်သွယ်**မှုနှင့်ပတ်သက်သည့် **ရင်းနှီးမြှုပ်နှံမှု**ဆိုင်ရာစီမံ **ဆောင်ရွက်ချက်များ (**TRIMs)
၃.၉.၁. ပြည်တွင်းဆိုင်ရာစီမံဆောင်ရွက်ချက်များ
၃.၉.၂. ကုန်သွယ်ရေးကို ဟန်ချက်ညီစေသော စီမံဆောင်ရွက်ချက်များ
၃.၉.၃. အခြားတစ်နေရာရာတွင် မဖော်ပြထားသော ကုန်သွယ်မှုနှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်ချက်များ

၃.၁၀. **ဖြန့်ဖြူးရေး**ဆိုင်ရာ**ကန့်သတ်ချက်များ**

၃.၁၀.၁. ပထဝီရေမြေဆိုင်ရာ ကန့်သတ်ချက်
၃.၁၀.၂. ပြန်လည်ရောင်းချသူများအပေါ် ကန့်သတ်ချက်များ

၃.၁၁. ရောင်းချပြီး ဝန်ဆောင်မှုများအပေါ် ကန့်သတ်ချက်များ

၃.၁၂. ထောက်ပံ့ကြေးများ(ပို့ကုန်ထောက်ပံ့မှုများမပါ)

၃.၁၃. အစိုးရ၏ဝယ်ယူရေးဆိုင်ရာ **ကန့်သတ်ချက်များ**

၃.၁၄. ဉာဏပစ္စည်း**ဆိုင်ရာပိုင်ဆိုင်**မှု

၃.၁၅. ပို့ကုန်နှင့်ပတ်သက်**သော** စီမံ**ဆောင်ရွက်**ချက်**များ**
၃.၁၅.၁. ပို့ကုန်လိုင်စင်, ဝေစုခွဲတမ်း, တားမြစ်ချက်နှင့် အခြားအရေအတွက်ဆိုင်ရာ ကန့်သတ်ချက်များ
၃.၁၅.၂. နိုင်ငံတော်ပိုင် ကုန်သွယ်ရေးလုပ်ငန်းများ ပို့ကုန်အတွက် အခြားလက်ရွေးစင် ပို့ကုန် ကုန်လမ်းကြောင်းများ
၃.၁၅.၃. ပို့ကုန်ဈေးနှုန်းထိန်းချုပ်ရေး ဆိုင်ရာဆောင်ရွက်ချက်များ
၃.၁၅.၄. ပြန်လည်တင်ပို့ခြင်းဆိုင်ရာ စီမံဆောင်ရွက်ချက်များ
၃.၁၅.၅. ပို့ကုန်ဆိုင်ရာ အခွန်နှင့်အဖိုးအခများ
၃.၁၅.၆. ပို့ကုန်နည်းပညာဆိုင်ရာ စီမံဆောင်ရွက်ချက်များ
၃.၁၅.၇. ပို့ကုန်ထောက်ပံ့ငွေများ
၃.၁၅.၈. ပို့ကုန်ဆိုင်ရာအကြွေးများ
၃.၁၅.၉. အခြားတစ်နေရာရာတွင် မဖော်ပြထားသော ပို့ကုန်ဆိုင်ရာ စီမံ ဆောင်ရွက်ချက်များ

၁.၂. ဝန်ဆောင်မှုများဆိုင်ရာ အခန်းကဏ္ဍများနှင့် ကဏ္ဍခွဲများ

၁. စီးပွားရေး

၁.၁. ပညာရှင်ဆန်သော

၁.၁.၁. တရားဥပဒေအကျိုးဆောင်ဝန်ဆောင်မှုလုပ်ငန်းများ
၁.၁.၂. စာရင်းအင်း၊ စာရင်းစစ်ခြင်းနှင့် စာရင်းကိုင်ဝန်ဆောင်မှုလုပ်ငန်းများ
၁.၁.၃. အကောက်ခွန်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ
၁.၁.၄. ဗိသုကာဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ
၁.၁.၅. အင်ဂျင်နီယာဝန်ဆောင်မှုလုပ်ငန်းများ
၁.၁.၆. ပေါင်းစပ်အင်ဂျင်နီယာဝန်ဆောင်မှုလုပ်ငန်းများ
၁.၁.၇. မြို့ပြစီမံကိန်းနှင့် ရှုခင်းဗိသုကာ ဝန်ဆောင်မှုလုပ်ငန်းများ
၁.၁.၈. ဆေးပညာနှင့် သွားဘက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း
၁.၁.၉. တိရစ္ဆာန်ဆေးကုခြင်းဝန်ဆောင်မှုလုပ်ငန်းများ
၁.၁.၁၀. ဝမ်းဆွဲ၊ သူနာပြု၊ အရိုးအကြောကုထုံးဆရာနှင့် ဆေးဘက်အကူဆိုင်ရာ အမှုထမ်းများ မှ ပေးသောဝန်ဆောင်မှုလုပ်ငန်းများ
၁.၁.၁၁. အခြားပညာရှင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ

၁.၂. ကွန်ပျူတာနှင့် ဆက်နွယ်သည့်**လုပ်ငန်းများ**
၁.၂.၁. ကွန်ပျူတာ စက်ပိုင်းဆိုင်ရာပစ္စည်းများ တပ်ဆင်ရေးနှင့် ဆက်နွယ်သည့် အကြံပေး ဝန်ဆောင်မှု လုပ်ငန်းများ
၁.၂.၂. ဆော့ဝလ်တပ်ဆင်ရေးဆွဲခြင်း ဝန်ဆောင်မှုလုပ်ငန်းများ
၁.၂.၃. ဒေတာထည့်သွင်းခြင်းဝန်ဆောင်မှုလုပ်ငန်းများ
၁.၂.၄. ကွန်ပျူတာထဲသို့ ထည့်သွင်းထားသည့် အချက်အလက်များ ဝန်ဆောင်မှု လုပ်ငန်းများ
၁.၂.၅. အခြားကွန်ပျူတာနှင့်ဆက်နွယ်သည့်ဝန်ဆောင်မှုလုပ်ငန်းများ

၁.၃. **သုတေသနနှင့် ဖွံ့ဖြိုးရေး**ဝန်ဆောင်မှုလုပ်ငန်းများ

၁.၃.၁. သဘာဝသိပ္ပံနှင့်ဆိုင်သော **သုတေသနနှင့် ဖွံ့ဖြိုးရေး**ဝန်ဆောင်မှုလုပ်ငန်းများ

၁.၃.၂. လူမှုသိပ္ပံနှင့် လူသားချင်းစာနာသည့် **သုတေသနနှင့် ဖွံ့ဖြိုးရေး**ဝန်ဆောင်မှုလုပ်ငန်းများ

၁.၃.၃. ပညာရပ်နယ်ပယ်တစ်ခုမက သက်ဆိုင်သော **သုတေသနနှင့် ဖွံ့ဖြိုးရေး**ဝန်ဆောင်မှု လုပ်ငန်းများ

၁.၄. **အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ**

၁.၄.၁. ပိုင်ဆိုင်မှုနှင့်ငှားရမ်းခြင်းများ

၁.၄.၂. အဖိုးအခ(သို့) ကန်ထရိုက်စာချုပ်စနစ်

၁.၅. **အော်ပရေတာမဲ့ ငှားရမ်းခြင်းဝန်ဆောင်မှုများ**

၁.၅.၁. သင်္ဘောနှင့်ဆိုင်သောလုပ်ငန်းများ

၁.၅.၂. လေယာဉ်နှင့်ဆိုင်သောလုပ်ငန်းများ

၁.၅.၃. အခြားသယ်ယူပို့ဆောင်ရေးယာဉ်နှင့်ဆိုင်သောလုပ်ငန်းများ

၁.၅.၄. အခြားစက်ယန္တရားနှင့်ကိရိယာများနှင့် ဆက်နွယ်သောလုပ်ငန်းများ

၁.၅.၅. အော်ပရေတာမဲ့ အခြားငှားရမ်းခြင်းလုပ်ငန်းများ

၁.၆. **အခြား**စီးပွားရေး**လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ**

၁.၆.၁. ကြော်ငြာလုပ်ငန်းများ

၁.၆.၂. စျေးကွက်သုတေသနနှင့် လူထုသဘောထားစစ်တမ်းနမူနာကောက်ယူခြင်းလုပ်ငန်းများ

၁.၆.၃. စီမံခန့်ခွဲမှုအကြံပေးလုပ်ငန်းများ

၁.၆.၄. ကုန်ထုတ်လုပ်မှုဆိုင်ရာအကြံပေးနှင့်ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများ

၁.၆.၅. နည်းပညာစမ်းသပ်ခြင်းနှင့် အသေးစိပ်လေ့လာခြင်းလုပ်ငန်းများ

၁.၆.၆. စိုက်ပျိုးရေး၊ အမဲလိုက်နှင့်သစ်တော တို့နှင့်နွယ်သော အခွဲဝန်ဆောင်မှုလုပ်ငန်းများ

၁.၆.၇. ငါးဖမ်းခြင်းနှင့်ဆိုင်သောအခွဲဝန်ဆောင်မှုလုပ်ငန်းများ

၁.၆.၈. သတ္ထုတွင်းနှင့်ဆိုင်သောအခွဲဝန်ဆောင်မှုလုပ်ငန်းများ

၁.၆.၉. ထုတ်လုပ်ရေးနှင့်ဆိုင်သောအခွဲဝန်ဆောင်မှုလုပ်ငန်းများ

၁.၆.၁၀. စွမ်းအင်ဖြန့်ဖြူးရေးနှင့်ဆိုင်သောအခွဲဝန်ဆောင်မှုလုပ်ငန်းများ

၁.၆.၁၁. ဝန်ထမ်းများနေရာချထားခြင်းနှင့် ထောက်ပို့ ဝန်ဆောင်မှုလုပ်ငန်းများ

၁.၆.၁၂. စုံစမ်းရေးနှင့် လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများ

၁.၆.၁၃. သိပ္ပံနှင့်နည်းပညာဆိုင်ရာ အတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်းများ

၁.၆.၁၄. ယန္တယားပြုပြင်ခြင်းနှင့်ထိန်းသိမ်းခြင်းဝန်ဆောင်မှုလုပ်ငန်းများ

၁.၆.၁၅. အဆောက်အဦ သန့်ရှင်းရေးဝန်ဆောင်မှုလုပ်ငန်းများ

၁.၆.၁၆. ဓါတ်ပုံရိုက်ခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ

၁.၆.၁၇. ထုတ်ပိုးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ

၁.၆.၁၈. ပုံနှိပ်ရေးနှင့် ဖြန့်ချီရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ

၁.၆.၁၉. ညီလာခံအစည်းအဝေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ

၁.၆.၂၀. အခြားသောစီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ

၂. ဆက်သွယ်ရေးဆိုင်ရာ**ဝန်ဆောင်မှုများ**

၂.၁. **စာတိုက်လုပ်ငန်းများ**

၂.၂. **ကုန်နှင့်စာပို့ဆောင်ရေးလုပ်ငန်းများ**

၂.၃. ကြေးနန်းနှင့်ဆက်သွယ်ရေးလုပ်ငန်းများ

၂.၃.၁. အသံပြောဖုန်းဝန်ဆောင်မှု

၂.၃.၂. အချက်အလက်များကို ကွန်ပျူတာဆက်သွယ်ရေးနည်းဖြင့်ပို့ဆောင်ရေးလုပ်ငန်း

၂.၃.၃. အချက်အလက်များကို ဖုန်းလိုင်းအသုံးပြုဆက်သွယ်နည်းဖြင့်ပို့ဆောင်ရေးလုပ်ငန်း

၂.၃.၄. ဖုန်းလိုင်းဖြင့်စာပေးပို့လက်ခံသည့် လုပ်ငန်း

၂.၃.၅. ကြေးနန်းလုပ်ငန်း

၂.၃.၆. ဖက်စ်လုပ်ငန်း

၂.၃.၇. ပုဂ္ဂိုလ်က ဖုန်းလိုင်းအသုံးပြုအငှားလုပ်ငန်း

၂.၃.၈. အီလက်ထရွန်နစ် စာပို့ခြင်းလုပ်ငန်း

၂.၃.၉. အသံဖြင့်မေးလ်ပို့ခြင်း

၂.၃.၁၀. အွန်လိုင်းသတင်းပို့ခြင်းနှင့် အသံအချက်အလက်များပြန်ထုတ်ခြင်းစနစ်

၂.၃.၁၁. လျှပ်စစ်ဒေတာ ကူးလူးပို့ဆောင်ခြင်း (EDI)

၂.၃.၁၂. တန်ဖိုးမြှင့် ဖက်စ်လုပ်ငန်း (သိုလှောင်တဆင့်ပို့) သိုလှောင်ပြန်ပို့

၂.၃.၁၃. ကုဒ် နှင့် ညှိနှိုင်းချက် ကျင့်ဝတ်များ ပြောင်းလဲပေးခြင်း

၂.၃.၁၄. အွန်လိုင်းသတင်းနှင့် အချက်အလက်များ လုပ်ဆောင်ခြင်း (ဆက်သွယ်မှု ဖြစ်စဉ်လုပ်ငန်း အပါအဝင်)

၂.၃.၁၅. အခြားဆက်သွယ်ရေးနှင့် ကြေးနန်းဝန်ဆောင်မှုများ

၂.၄. ရုပ်သံဆိုင်ရာ ဝန်ဆောင်မှုများ

၂.၄.၁. ရုပ်ရှင်နှင့်ဗီဒီယို ထုတ်လုပ်ဖြန့်ချီရေး

၂.၄.၂. ရုပ်ရှင်ပြသခြင်းလုပ်ငန်းများ

၂.၄.၃. ရေဒီယိုနှင့် ရုပ်မြင်သံကြားဝန်ဆောင်မှု

၂.၄.၄. ရေဒီယိုနှင့် ရုပ်သံလွှင့်ထုတ် ဝန်ဆောင်မှုလုပ်ငန်းများ

၂.၄.၅. အသံဖမ်းယူခြင်း

၂.၄.၆. အခြားအသံနှင့်ရုပ်မြင်လုပ်ငန်းများ

၂.၅. အခြားဆက်သွယ်ရေးလုပ်ငန်းများ

၃. <u>ဆောက်လုပ်ရေးနှင့် ဆက်နွယ်သော အင်ဂျင်နီယာဝန်ဆောင်မှုလုပ်ငန်း</u>များ

၃.၁. အဆောက်အဦးဆိုင်ရာ အထွေထွေဆောက်လုပ်ရေးလုပ်ငန်းများ

၃.၂. မြို့ပြအင်ဂျင်နီယာလုပ်ငန်းအတွက် အထွေထွေဆောက်လုပ်ရေးလုပ်ငန်းများ

၃.၃. တပ်ဆင်ခြင်းနှင့် နေရာချထားခြင်းလုပ်ငန်းများ

၃.၄. အဆောက်အဦအပြီးသတ် မွမ်မံခြင်းလုပ်ငန်းများ

၃.၅. အခြားဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာဝန်ဆောင်မှုနှင့်သက်ဆိုင်သောလုပ်ငန်းများ

၄. <u>ဖြန့်ဖြူးရေးလုပ်ငန်းများ</u>

၄.၁. ကော်မရှင်စား ကိုယ်စားလှယ်လုပ်ငန်းများ

၄.၂. လက်ကားရောင်းဝယ်ရေးလုပ်ငန်း

၄.၃. လက်လီရောင်းဝယ်ရေးလုပ်ငန်း

၄.၄. တူညီသောလုပ်ငန်းများလုပ်ပိုင်ခွင့်ရယူလုပ်ဆောင်ခြင်း

၄.၅. အခြားဖြန့်ဖြူးခြင်းလုပ်ငန်းများ

၅. <u>ပညာရေးဆိုင်ရာလုပ်ငန်းများ</u>

၅.၁. မူလတန်းပညာရေးဝန်ဆောင်မှု

၅.၂. အထက်တန်းပညာရေးဝန်ဆောင်မှု

၅.၃. အဆင့်မြင့်ပညာရေးဝန်ဆောင်မှု

၅.၄. သက်ကြီးပညာရေး

၅.၅. အခြားပညာရေးဝန်ဆောင်မှုများ

၆. သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ

၆.၁. မိလ္လာအညစ်အကြေးထိန်းသိမ်းရေးဝန်ဆောင်မှု

၆.၂. အမှိုက်သရိုက်စွန့်ပစ်ပစ္စည်း စွန့်ပစ်ရေးလုပ်ငန်း

၆.၃. ရေဆိုးနုတ်စနစ် နှင့် အလားတူဝန်ဆောင်မှုလုပ်ငန်းများ

၆.၄. အခြားသဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ

၇. <u>ဘဏ္ဍာရေးနှင့်ဆိုင်သော ဝန်ဆောင်မှုများ</u>

၇.၁. အလုံးစုံအာမခံနှင့် အာမခံဆက်နွယ် ဝန်ဆောင်မှုများ

၇.၁.၁. အသက်၊ မတော်တဆထိခိုက်မှုနှင့် ကျန်းမာရေးလုပ်ငန်းများ

၇.၁.၂. အသက်နှင့်မဆိုင်သောအာမခံလုပ်ငန်းများ

၇.၁.၃ ပြန်လည်အာမခံခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်း

၇.၁.၄ အာမခံအထောက်အကူပြုဝန်ဆောင်မှုများ (ပွဲစားနှင့် ကိုယ်စားလှယ်လုပ်ငန်းများ အပါအဝင်)

၇.၂. ဘဏ်လုပ်ငန်းနှင့် အခြားကဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများ

၇.၂.၁. စပေါ်ငွေနှင့် ပြည်သူလူထုထံမှ အခြားပြန်အမ်းနိုင်သောရန်ပုံငွေများကိုလက်ခံခြင်း

၇.၂.၂. ငှားရမ်းခြင်းမျိုးစုံ အပြည့်ချေးငှားခြင်း၊ စားသုံးသူချေးငွေ၊ ပေါင်နှံချေးငွေ၊ ငွေအသွင်းအထုတ်ဆိုင်ရာအားလုံး

၇.၂.၃. ဘဏ်မှငွေချေးခြင်း

၇.၂.၄. ပေးချေခြင်းနှင့် ငွေလွှဲကိစ္စရပ်အားလုံး

၇.၂.၅. အာမခံချက်နှင့် ကတိကဝတ်များ

၇.၂.၆. ကိုယ်ပိုင်ငွေစာရင်း သို့မဟုတ် ဘဏ်အကောင့်ဖွင့်ထားသူမှ ချေးငှားခြင်း၊ လွဲလှယ်မှုအားဖြင့်ဖြစ်စေ ငွေလဲလှယ်ရန် ကောင်တာငွေချေစျေးကွက် မဟုတ်ပါက အောက်ပါအတိုင်းဖြစ်သည်။

၇.၂.၇. လုံခြုံရေးကိစ္စရပ်များအားလုံးတွင် ပါဝင်ပတ်သက်ခြင်း၊ မပျက်မကွက်ပေးချေမှုအတွက် ပြန်လည်ပေးချေခြင်း ကိုယ်စားလှယ်အဖြစ် (အများနှင့်ဆိုင်သည်ဖြစ်စေ သို့ ပုဂ္ဂလိကနှင့်ဆိုင်သည်ဖြစ်စေ) နှင့် ယင်းကိစ္စများ၏ ပတ်သက်သည့် ဝန်ဆောင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ

၇.၂.၈. ငွေချေးမှုပွဲစားလုပ်ခြင်း

၇.၂.၉. ပိုင်ဆိုင်မှုပစ္စည်းများစီမံခန့်ခွဲခြင်း၊ရင်းနှီးမြှုပ်နှံဆိုင်ရာစုပေါင်းစီမံခန့်ခွဲခြင်း၊ ငွေသားစီမံခန့်ခွဲမှု၊ စုပေါင်းရန်ပုံငွေ စီမံခန့်ခွဲမှု၊ ပင်စင်ရန်ပုံငွေစီမံခန့်ခွဲနှင့် မိဘများကသားသမီးများအတွက် အပ်ငွေစီမံခြင်းများဝန်ဆောင်မှု

၇.၂.၁၀. ငွေကြေးပိုင်ဆိုင်မှုများနှင့် ပေးဆပ်ခြင်း၊ လုံခြုံရေး၊ ရှယ်ယာပစ္စည်းများနှင့် အခြားညှိနှိုင်းနိုင်သော ပစ္စည်းများ

၇.၂.၁၁. အကြံပေးခြင်းနှင့် အခြားထပ်လောင်း ဘဏ္ဍာရေးဝန်ဆောင်မှုများ

၇.၂.၁၂. ပြဋ္ဌာန်းချက်များနှင့် ဘဏ္ဍာရေးသတင်းအချက်အလက်များလွှဲပြောင်းခြင်း၊ အခြားဘဏ္ဍာရေးဝန်ဆောင်မှုပံ့ပိုးသူများမှ ဘဏ္ဍာရေး အချက်အလက်များ နှင့် ယင်းနှင့်သက်ဆိုင်သည့် ဆောဖ်ဝဲလ်များကို စီမံလုပ်ဆောင်ခြင်း၊

၇.၃. ဘဏ္ဍာရေးဝန်ဆောင်မှုများ၊ အခြား

၈. ကျန်းမာရေးနှင့် ဆက်နွယ်သော လူမှုရေးရာ ဝန်ဆောင်မှုများ

၈.၁. ဆေးရုံဝန်ဆောင်မှုများ
၈.၂. အခြားသောပြည်သူ့ကျန်းမားရေးဝန်ဆောင်မှုများ
၈.၃. လူမှုရေးဝန်ဆောင်မှုများ
၈.၄. အခြားသော ကျန်းမာရေးနှင့် ဆက်နွယ်သည့် လူမှုရေးဝန်ဆောင်မှုများ

၉. ခရီးသွားလုပ်ငန်းနှင့် ခရီးသွားဆက်နွယ်ဝန်ဆောင်မှုများ

၉.၁. ဟော်တယ်များနှင့် စားသောက်ဆိုင်များ (အိမ်အရောက်ဝန်ဆောင်မှုပါဦး)
၉.၂. ခရီးသွားလုပ်ငန်းများနှင့် ခရီးစီစဉ်သူ ဝန်ဆောင်မှုများ
၉.၃. ဧည့်လမ်းညွှန်ဝန်ဆောင်မှုများ
၉.၄. အခြားခရီးသွားလုပ်ငန်းနှင့် ခရီးသွားဆက်နွယ် ဝန်ဆောင်မှုလုပ်ငန်းများ

၁၀. အပန်းဖြေဆိုင်ရာ ယဉ်ကျေးမှုဆိုင်ရာနှင့် အားကစားဆိုင်ရာဝန်ဆောင်မှုများ

၁၀.၁. ဖျော်ဖြေရေးလုပ်ငန်း
၁၀.၂. သတင်းဌာနလုပ်ငန်းများ
၁၀.၃. စာကြည့်တိုက်၊ မော်ကွန်းတိုက်၊ ပြတိုက်နှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများ
၁၀.၄. အားကစားနှင့် အပန်းဖြေချင်းဆိုင်ရာလုပ်ငန်းများ
၁၀.၅. အခြားအပန်းဖြေဆိုင်ရာ ယဉ်ကျေးမှုနှင့် အားကစားဝန်ဆောင်မှုများ

၁၁. သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ

၁၁.၁. ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ
၁၁.၁.၁. ခရီးသည်သယ်ယူပို့ဆောင်ရေး
၁၁.၁.၂. ကုန်စည်သယ်ယူပို့ဆောင်ရေး
၁၁.၁.၃. သင်္ဘောသားပါသော ရေယာဉ်ဌားရမ်းခြင်း၊
၁၁.၁.၄. သင်္ဘောပြင်ဆင်ရေးနှင့် ထိန်းသိမ်းရေး
၁၁.၁.၅. တွဲသင်္ဘော၊ ဆွဲသင်္ဘောဝန်ဆောင်မှု
၁၁.၁.၆. ရေကြောင်းသယ်ယူပို့ဆောင်ရေး ပံ့ပိုးမှုလုပ်ငန်းများ

၁၁.၂. ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
၁၁.၂.၁. ခရီးသည်သယ်ယူပို့ဆောင်ရေး
၁၁.၂.၂. ကုန်စည်သယ်ယူပို့ဆောင်ရေး
၁၁.၂.၃. သင်္ဘောသားပါသော ရေယာဉ်ဌားရမ်းခြင်း၊
၁၁.၂.၄. သင်္ဘောပြင်ဆင်ရေးနှင့် ထိန်းသိမ်းရေး
၁၁.၂.၅. တွဲသင်္ဘော၊ ဆွဲသင်္ဘောဝင်ဆောင်မှု
၁၁.၂.၆. ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး ပံ့ပိုးမှုလုပ်ငန်းများ

၁၁.၃. လေကြောင်းပို့ဆောင်ရေးလုပ်ငန်း
၁၁.၃.၁. ခရီးသည်သယ်ယူပို့ဆောင်ရေး
၁၁.၃.၂. ကုန်စည်သယ်ယူပို့ဆောင်ရေး
၁၁.၃.၃. ဝန်ထမ်းပါသော လေယာဉ်ဌားရမ်းခြင်း၊
၁၁.၃.၄. လေယာဉ်ပြင်ဆင်ရေးနှင့် ထိန်းသိမ်းရေး
၁၁.၃.၅. လေကြောင်းသယ်ယူပို့ဆောင်ရေး ပံ့ပိုးမှုလုပ်ငန်းများ

၁၁.၄. အာကာသပို့ဆောင်ရေးလုပ်ငန်း

၁၁.၅. မီးရထားသယ်ယူပို့ဆောင်ရေး

၁၁.၅.၁. ခရီးသည်သယ်ယူပို့ဆောင်ရေး
၁၁.၅.၂. ကုန်စည်သယ်ယူပို့ဆောင်ရေး
၁၁.၅.၃. တွန်းပို့ခြင်းနှင့် ဆွဲယူခြင်းလုပ်ငန်းများ
၁၁.၅.၄. မီးရထားပြင်ဆင်ရေးနှင့် ထိန်းသိမ်းရေး
၁၁.၅.၅. မီးရထားလုပ်ငန်းကို ပံ့ပိုးသောလုပ်ငန်းများ

၁၁.၆. ကုန်းလမ်းသယ်ယူပို့ဆောင်ရေး

၁၁.၆.၁. ခရီးသည်သယ်ယူပို့ဆောင်ရေး
၁၁.၆.၂. ကုန်စည်သယ်ယူပို့ဆောင်ရေး
၁၁.၆.၃. လုပ်ငန်းသုံးယာဉ်ကို ယာဉ်မောင်းနှင့်တကွ ငှားရမ်းခြင်း
၁၁.၆.၄. မော်တော်ယာဉ်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း
၁၁.၆.၅. ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ပံ့ပိုးသည့်လုပ်ငန်းများ

၁၁.၇. ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်း

၁၁.၇.၁. လောင်စာဆီ သယ်ယူပို့ဆောင်ခြင်း
၁၁.၇.၂. အခြားကုန်စည်သယ်ယူပို့ဆောင်ခြင်း

၁၁.၈. အလုံးစုံသောသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ပံ့ပိုးသောလုပ်ငန်းများ

၁၁.၈.၁. ကုန်စည်စီမံခန့်ခွဲခြင်းလုပ်ငန်းများ
၁၁.၈.၂. သိုလှောင်ရေးနှင့် ဂိုဒေါင်လုပ်ငန်းများ
၁၁.၈.၃. ကုန်စည်သယ်ယူပို့ဆောင်ရေး ကိုယ်စားလှယ်လုပ်ငန်းများ
၁၁.၈.၄. သယ်ယူပို့ဆောင်ရေးပုံစံအားလုံးအတွက် ဝန်ဆောင်မှုများ

၁၁.၉. အခြားသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ

နောက်ဆက်တွဲ (၂)

ASSIST ယန္တရား၏လုပ်ငန်းစဉ်ပြကားချပ် နှင့်၎င်း၏ဆက်စပ် အချိန်ဇယားများ

အောက်ပါလုပ်ငန်းစဉ်ပြကားချပ်များသည် အကျဉ်းချုံးထားသော ASSIST လုပ်ငန်းစဉ် တစ်ခုကို ဖော်ပြထားခြင်းဖြစ်သည်။
အောက်ပါအတိုးချုံးစကားရပ်များကိုအသုံးပြုပါသည်။
AE : အာဆီယံစီးပွားရေးလုပ်ငန်း
CA : ဗဟိုအုပ်ချုပ်ရေးမှူး
DCP : ရည်ညွှန်းတိုင်ကြားခံနိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံ
HCP : အိမ်ရှင်နိုင်ငံဆက်သွယ်ရေးတာဝန်ခံ
RAs : သက်ဆိုင်ရာ အာဏာပိုင် (များ)

၂.၁။ အာဆီယံစီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် အာဆီယံအခြေစိုက် ကိုယ်စားလှယ် အဖွဲ့တစ်ခုမှ ဖွင့်သော တိုင်ကြားစာတစ်ခုအတွက်



၂.၂ အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းမှ ဖွင့်သောတိုင် ကြားစာတစ်ခုအတွက်



နောက်ဆက်တွဲ ၃.

အမေးများလေ့ရှိသည့် မေးခွန်းများ (FAQs)



1. ASSIST နှင့်ပတ်သက်သည့် အထွေထွေမေးခွန်းများ

1.1 ASSIST ကို သုံးခြင်းကြောင့် ပေးချေရမည့် အဖိုးအခများ ရှိပါသလား။

မရှိပါ။ ASSIST ကို မည်သည့်ပေးချေမှုမှ မလုပ်ရဘဲ သုံးနိုင်ပါသည်။ အဖိုးအခများ၊ ဝန်ဆောင်ခများနှင့် မှတ်ပုံတင်ခ သို့မဟုတ် လျှောက်လွှာတင်ခများ လုံးဝမရှိပါ။

1.2 အဘယ်ကြောင့် ASSIST သည် အာဆီယံနိုင်ငံများအတွင်း နယ်စပ်ဖြတ်ကျော် ကုန်စည်ဆိုင်ရာ ကုန်သွယ်မှု၊ ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုများနှင့်သက်ဆိုင်သော တိုင်ချက်များအတွက်ကိုသာ ကိုင်တွယ်ဖြေရှင်းနေပါသနည်း။ မည်သည့်အချိန်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အရေးကိစ္စများကိုပါ ကိုင်တွယ်ဖြေရှင်းလာမည်နည်း။

ASSIST ကို ၂၀၁၆ ခုနှစ် ဩဂုတ်လမှ စတင်၍ ကုန်စည်ဆိုင်ရာကုန်သွယ်မှုနှင့် သက်ဆိုင်သည့် အရေးကိစ္စများအတွက် အသုံးပြုခဲ့ပြီး အာဆီယံဒေသအတွင်း နယ်စပ်ဖြတ်ကျော် ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်ခြင်းနှင့် သက်ဆိုင်သည့် အရေးကိစ္စများအတွက် ၂၀၁၉ ခုနှစ် မေလ ၁ ရက်ကတည်းက အသုံးပြု ခဲ့ပါသည်။ ၂၀၂၀ တွင် ASSIST ကို ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အရေးကိစ္စများအတွက်ပါ တိုးချဲ့ဖြေရှင်း ပေးလာနိုင်ဖွယ်ရှိပါသည်။

1.3 ASSIST သည် အချုပ်အနှောင်ကင်းသည်ဆိုသည့် အဓိပ္ပာယ်မှာ အဘယ်နည်း။

အချုပ်အနှောင်ကင်းသည်ဆိုသည်မှာ အာဆီယံအဖွဲ့နိုင်ငံများအနေဖြင့် တိုင်ကြားချက်တစ်ခုကို လက်မခံရန် သို့မဟုတ် ASSIST စနစ်သို့ တိုင်ကြားချက်တစ်ခု စွဲတင်ပြီးပါက အဖြေရှာပံ့ပိုးပေးရန် ဆုံးဖြတ်နိုင်ပါသည်။ ASSIST သည် အချုပ်အနှောင်ကင်းသည်ဆိုသော်လည်း အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေနှင့် တိုင်ကြားချက် အပေါ် အကောင်းဆုံးကြိုးပမ်း အားထုတ်၍ ဖြေရှင်းပေးရမည် ဖြစ်ပါသည်။

1.4 အဘယ်ကြောင့် ASSIST သည် အတိုင်ပင်ခံပုံစံမျိုး ဖြစ်နေပါသနည်း။

ASSIST သည် အမျိုးသားအဆင့် သို့မဟုတ် နိုင်ငံတော်အဆင့် တရားရုံးမျိုးတွင် ဖြေရှင်းပေးသည့် တရားရေးစနစ်တစ်ခု မဟုတ်သလို ယင်းစနစ်ကို စီမံခန့်ခွဲ၍ ဆုံးဖြတ်ချက်ပေးနေသူများမှာလည်း လွတ်လပ်သော တရားသူကြီး၊ ခုံသမာဓိ၊ ကြားဝင်စေ့စပ်သူ၊ ကျွမ်းကျင်ပညာရှင်အဖွဲ့ သို့မဟုတ် အကဲဖြတ်လူကြီးများ မဟုတ်ကြပါ။ ASSIST ဆော့ဖ်ဝဲလ်ပလက်ဖောင်းမှ တစ်ဆင့် အာဆီယံအခြေစိုက် လုပ်ငန်းစုများ(ကုမ္ပဏီများ သို့မဟုတ် ကုန်သွယ်မှု အဖွဲ့အစည်းများ/ကုန်သည်ကြီးများအသင်း)နှင့် အာဆီယံအစိုးရအာဏာပိုင်များကြား အွန်လိုင်းမှနေ၍ တိုက်ရိုက်အကြံပေးဆောင်ရွက်ခြင်းသာ ဖြစ်ပါသည်။

1.5 ASSIST ဝက်ဘ်ဆိုဒ်၏ အများပြည်သူ ဆွေးနွေးပွဲကဏ္ဍ စာမျက်နှာတွင် မည်ကဲ့သို့သော သတင်းအချက် အလက်များကို ထားရှိပါမည်နည်း။

အာဆီယံဒေသအတွင်း လုပ်ငန်းလုပ်ကိုင်နေစဉ် လုပ်ငန်းဆိုင်ရာ ဖြေရှင်းနည်းများကို ရှာဖွေနေသည့် အာဆီယံစီးပွားရေး လုပ်ငန်းများအတွက် အသုံးတည့်နိုင်သော အချက်အလက်များကို အများပြည်သူ ဆွေးနွေးပွဲကဏ္ဍ စာမျက်နှာတွင် အခါအားလျော်စွာ ဖော်ပြပေးပါသည်။ ယင်းအချက်အလက်များတွင် အောင်မြင်မှု ဖြစ်ရပ်ဓာတ်ကြောင်းများ၊ သာဓကဖြစ်ရပ်များနှင့် အာဆီယံသဘောတူညီချက်များ အကြောင်း ပိုမိုနားလည်လာနိုင်စေမည့် လမ်းညွှန်ချက်များ ပါဝင်ပါသည်။ ဆွေးနွေးပွဲကဏ္ဍတွင် လုပ်ငန်းများကို ၎င်းတို့ကိုယ်ပိုင်အတွေ့အကြုံများနှင့် အာဆီယံအတွင်း ဖြေရှင်းနည်းများကို ရှာဖွေရန် အတွက် အသုံးဝင်မည့် သင်ခန်းစာများကို မျှဝေပေးရန်လည်း တိုက်တွန်းပါလိမ့်မည်။ ဆွေးနွေးပွဲကဏ္ဍပေါ်တွင် လျှို့ဝှက်ချက် မဟုတ်သည့် အချက်အလက်များကိုသာ တင်ပြပေးမည် ဖြစ်ပါသည်။

1.6 တိုင်ချက်များသည် လျှို့ဝှက်အနေအထားဖြင့် ဆက်လက်ရှိနေမှာပါလား။ တိုင်ချက်အတွင်း တိုင်ကြားသူမှ ပံ့ပိုးပေးထားသည့် အချက်အလက် သို့မဟုတ် ပြဿနာအတွက် ဖြေရှင်းနည်းကို အဆိုပြုသည့်နေရာတွင် အာဆီယံအစိုးရတစ်ရပ်မှ ပံ့ပိုးပေးသည့် အချက်အလက်များကို ဘယ်သူက ကြည့်ရှုခွင့်ရှိမှာပါလဲ။

လျှို့ဝှက်ထားရှိမှုသည် အလုံးစုံအရေးပါသည့် ကိစ္စဖြစ်ပြီး တိုင်တန်းသူများ၊ တိုက်ရိုက် ပါဝင်ပတ်သက်သည့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတို့သာလျှင် တိုင်ချက်အစစ်အမှန်နှင့် အဆိုပြုသည့် ဖြေရှင်းနည်းကို သိပိုင်ခွင့်ရှိမည် ဖြစ်ပါသည်။ (ကျေးဇူးပြု၍ ယင်းကိစ္စနှင့် ပတ်သက်ပြီး ASSIST ဝက်ဘ်ဆိုဒ်ပေါ်ရှိ တာဝန်ရှိခြင်းနှင့် ပတ်သက်သည့် အသိပေး ရှင်းလင်းချက်ကို ဖတ်ရှုပေးပါ)။

1.7 ASSIST လုပ်ငန်းစဉ်ကြား အလဲအလှယ်ပြုလုပ်သည့် အချက်အလက်များကို နောက်ပိုင်းတွင် ပြည်တွင်းတရားမမှုများ သို့မဟုတ် နိုင်ငံတကာအငြင်းပွားမှုဖြေရှင်းရေး(ဥပမာ WTO နှင့်/သို့မဟုတ် အာဆီယံ)များအတွင်း သုံးလို့ရနိုင်ပါသလား။

မရပါ။ ASSIST ၏ မသက်ဆိုင်ကြောင်းအသိပေးရှင်းလင်းချက် (ကျေးဇူးပြု၍ ASSIST ဝက်ဘ်ဆိုဒ်စာမျက်နှာ အားလုံး၏ အောက်ခြေရှိ လင့်ခ်ကို ဝင်ကြည့်ပေးပါ) သည် ရှင်းပါသည်။ ASSIST လုပ်ငန်းစဉ်အတွင်း တိုင်တန်းသူ သို့မဟုတ် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ပံ့ပိုးပေးသည့် မည်သည့် ထွက်ဆိုချက်များ သို့မဟုတ် အချက်အလက်များကိုမှ နိုင်ငံအဆင့် သို့မဟုတ် နိုင်ငံတကာအဆင့် တရားရေးရာကိစ္စရပ်များတွင် သုံးခွင့်မရှိပါ။ ဥပဒေရေးရာ တရားရုံးများတွင် အမိန့်နှင့် သုံးခွင့် မရှိသော်လည်း ဖြေရှင်းချက်ကိုအဆိုပြုပေးသော အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ စီမံခန့်ခွဲရေးဆိုင်ရာ အာဏာပိုင်များ (ဥပမာ အကောက်ခွန်အရာရှိများ၊ ကုန်သွယ်ရေးအရာရှိများ၊ ပို့ကုန်လိုင်စင် ထုတ်ပေးသည့် အာဏာပိုင်များ၊ သတ်မှတ်စံများ လိုက်နာခြင်းအကဲဖြတ်သည့် အခွင့်အာဏာရှိသည့် အဖွဲ့များ စသည်) တို့အတွက် ယင်းကဲ့သို့တိုင်ချက်နှင့် ဆက်စပ်အကြောင်းအရာ တူညီသည့် ကိစ္စရပ်များ အတွင်း အဖိုးတန်အသုံးဝင်မှု ရှိပါသည်။

2. ASSIST ၏သတ်မှတ်ထားသောနယ်ပယ်

2.1 အာဆီယံစီးပွားရေးလုပ်ငန်းတစ်ခုမှ ၎င်းနိုင်ငံ၏ အစိုးရကို ပြန်၍ တိုင်ချက်ဖွင့်နိုင်ပါသလား။

မရပါ။ ASSIST သည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသည့် အာဆီယံစီးပွားရေးလုပ်ငန်းတစ်ခုနှင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံ (၉) နိုင်ငံအတွင်းမှ နိုင်ငံတစ်နိုင်ငံ၏ အစိုးရကြား အာဆီယံဒေသတွင်း နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး အရေးကိစ္စများအတွက်သာ ဖြစ်ပါသည်။ တိုင်တန်းသည့် လုပ်ငန်းစု၏ အစိုးရနှင့်သက်ဆိုင်သော ပြည်တွင်းအရေးကိစ္စများကို ASSIST မှတစ်ဆင့် တိုင်ကြား၍မရနိုင်ပါ။ အကယ်၍ ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီတစ်ခုသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံ (က)တွင် အခြေစိုက်ပြီး ၎င်း၏ ဝန်ဆောင်မှုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံ (ခ)တွင် ပေးသည်ဆိုပါစို့။ ယင်းလုပ်ငန်းမှ အာဆီယံအဖွဲ့ဝင်နိုင်ငံ (ခ)ကို တိုင်တန်းချင်သည့်အခါတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ (က)၌ ရှိနေမည့် ပင်မကုမ္ပဏီက ASSIST မှတစ်ဆင့် တိုင်ချက်ဖွင့်ပေးရမည် ဖြစ်ပါသည်။ သို့သော် ယင်းဖြစ်ရပ်ကို အမည်မဖော်လိုသည့်အဖြစ်အနေနှင့် အာဆီယံအခြေစိုက် ကုန်သွယ်မှု အဖွဲ့အစည်း၊ ကုန်သည်ကြီးများအသင်း၊ စီးပွားရေးကောင်စီ၊ စီးပွားရေးအဖွဲ့နှင့် အသိအမှတ်ပြုရှေ့နေ သို့မဟုတ် အသိအမှတ်ပြုဥပဒေအကျိုးဆောင်လုပ်ငန်း ရုံးများမှ တိုင်တန်းသူ ကိုယ်စား တိုင်ကြားပေးနိုင်ပါသည်။

2.2 အာဆီယံပြင်ပရှိ နိုင်ငံတစ်နိုင်ငံ (ဥပမာ ဩစတြေးလျ၊ တရုတ်၊ ဥရောပသမဂ္ဂ၊ ဂျပန်၊ ကိုရီးယား၊ အမေရိကန်ပြည်ထောင်စု စသည်)၏ အစိုးရကို တိုင်တန်းချင်ပါက ASSIST ကို အသုံးပြုလို့ရနိုင်ပါသလား။

မရပါ။ ASSIST သည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၌ တရားဝင်မှတ်ပုံတင်ထားသည့် အာဆီယံ စီးပွားရေးလုပ်ငန်းတစ်ခုနှင့် အခြား အာဆီယံအဖွဲ့ဝင်နိုင်ငံ ၉ နိုင်ငံအတွင်းရှိ နိုင်ငံတစ်နိုင်ငံ၏ အစိုးရကြား အာဆီယံဒေသတွင်း နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး အရေးကိစ္စများအတွက်သာ ဖြစ်ပါ သည်။

2.3 တိုင်တန်းသူအနေဖြင့် တရားမမှုအဖြစ် အမျိုးသားတရားရုံးများတွင် တင်ထားပြီးသားဖြစ်သည့် အရေးကိစ္စ သို့မဟုတ် လက်ရှိ ခုံသမာဓိဖွဲ့၍ ဆုံးဖြတ်ချက်ခံယူနေသည့် ကိစ္စရပ် သို့မဟုတ် ၎င်း၏အစိုးရမှ WTO သို့မဟုတ် အာဆီယံအတွင်း သက်ဆိုင်ရာ အငြင်းပွားမှုဖြေရှင်းရေး ယန္တရားဖြင့် ဖြေရှင်းနေသည့် ကိစ္စရပ်များနှင့် ဆက်စပ်နေသည့် တိုင်ချက်များကိုရော တိုင်တန်းလို့ရနိုင်ပါသလား။

မရပါ။ အကယ်၍ ယင်းသို့သော အခြေအနေမျိုးများဖြင့် တိုင်တန်းသူမှ တိုင်ကြားခဲ့ပါက အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့မဟုတ် ရည်ညွှန်းတိုင်ကြားသည့်နိုင်ငံမှ တိုင်ချက်ကို ကျိုးကြောင်းခိုင်လုံမှု မရှိပါဟုဆိုကာ ပယ်ချပစ်နိုင်ပါသည်။

3. တိုင်ချက်မဖွင့်မီ

3.1 ASSIST တွင် တိုင်ချက်မဖွင့်မီ တိုင်တန်းသူမှ တရားဝင်မှတ်ပုံတင်ထားသည့် အာဆီယံအဖွဲ့ဝင် အစိုးရဆီမှ အထောက်အပံ့သို့မဟုတ် ခွင့်ပြုချက်ကို ရယူရန် လိုအပ်ပါသလား။

မလိုအပ်ပါ။ ASSIST ကို အာဆီယံစီးပွားရေးလုပ်ငန်းများမှ တိုက်ရိုက်သုံးစွဲလို့ရနိုင်ပြီး၊ ၎င်းတို့ အခြေစိုက်နေရာမှ အစိုးရ၏ ခွင့်ပြုချက်ကို တောင်းခံနေစရာ မလိုအပ်ပါ။ ယင်းသို့ ဆိုထားသော်ငြား တိုင်တန်းမည့်သူများအနေဖြင့် ASSIST မှတစ်ဆင့် တိုင်တန်းမှုမပြုလုပ်ခင် ၎င်းတို့အစိုးရထံမှ ထင်မြင်ချက်နှင့် ရနိုင်မည့် အထောက်အပံ့တို့ကို တောင်းခံကြည့်ရန် တိုက်တွန်းပါသည်။

3.2 အကယ်၍ တိုင်တန်းသူမှ တိုင်ချက်မဖွင့်မီ သက်ဆိုင်ရာ အာဆီယံသဘောတူညီချက်များကို အပြည့်အဝနားမလည်လျှင်ဖြစ်စေ၊ အကြံဉာဏ်လိုအပ်လျှင်ဖြစ်စေ၊ အကြံဉာဏ်နှင့် လမ်းညွှန်ချက်များရယူရန် ယုံကြည်စိတ်ချရသည့် သတင်းရင်းမြစ်တွေက ဘာများပါလဲ။

တိုင်တန်းသူအနေဖြင့် ASSIST မှတစ်ဆင့် တိုင်တန်းမှုမပြုလုပ်ခင် ၎င်းတို့ အခြေစိုက် သည့်နေရာမှ အစိုးရ၏ ထင်မြင်ချက်များနှင့် ရနိုင်မည့်အထောက်အပံ့တို့ကို တောင်းခံကြည့်နိုင်ပါသည်။ ၎င်းတို့ အနေဖြင့် သီးခြား အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ ရှေ့နေများ၊ ဥပဒေအကျိုးဆောင်လုပ်ငန်းများ၊ ကုန်သည်ကြီးများအသင်း၊ စီးပွားရေးကောင်စီများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ ကုန်သွယ်ရေး အဖွဲ့အစည်းများ သို့မဟုတ် ပညာရေးနယ်ပယ်များထံမှပါ အကူအညီနှင့် လမ်းညွှန်ချက်များ ရှာဖွေ နိုင်ပါသည်။ တိုင်တန်းသူများသည် အာဆီယံ အရေးကိစ္စများကို နားလည်နိုင်ရန် နည်းပညာပိုင်းအရ လိုအပ်ချက်များရှိနေသော သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် ဆက်သွယ်ပြောဆိုရန် ခက်ခဲနေသော စီးပွားရေးလုပ်ငန်းများ ဖြစ်နေပါက ယင်းပုဂ္ဂိုလ်များ၏ အကူအညီနှင့် လမ်းညွှန်ချက်များကို ရယူရန် အလေးထား အကြံပြုလိုပါသည်။

3.3 အကယ်၍ တိုင်တန်းသူသည် အလွန်သေးငယ်သည့် အငယ်စား သို့မဟုတ် အလတ်စား လုပ်ငန်းစု(MSME) ဖြစ်နေလျှင် ASSIST တိုင်တန်းချက်ပြုလုပ်သည့်အခါ အထောက်အပံ့ကို ရှာဖွေဖို့ အကောင်းဆုံးနည်းလမ်းသည် မည်သည့်အရာဖြစ်ပါသနည်း။

သီးခြား အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ ရှေ့နေများ၊ ဥပဒေအကျိုးဆောင်လုပ်ငန်းများ၊ ကုန်သည်ကြီးများအသင်း၊ စီးပွားရေး ကောင်စီများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ ကုန်သွယ်ရေးအဖွဲ့အစည်းများ သို့မဟုတ် ပညာရေး နယ်ပယ်များထံမှပါ အကူအညီနှင့် လမ်းညွှန်ချက်များ ရှာဖွေနိုင်ပါသည်။ သို့မဟုတ် ASSIST မှတစ်ဆင့် တိုင်တန်းမှုမပြုလုပ်ခင် ၎င်းတို့ အခြေစိုက်သည့်နေရာမှ အစိုးရ၏ ထင်မြင်ချက်များနှင့် ရနိုင်မည့် အထောက်အပံ့တို့ကို တောင်းခံကြည့်နိုင်ပါသည်။

3.4 တိုင်တန်းသူအနေဖြင့် ၎င်း၏လုပ်ငန်းလည်ပတ်မှုကို သက်ရောက်နေသည့် ပြဿနာသည် ASSIST ၏ သတ်မှတ်ဘောင် အတွင်း ရှိလိမ့်မည်ဟု မည်ကဲ့သို့ သေချာစွာသိနိုင်ပါမည်လဲ။

ASSIST ၏ သတ်မှတ်ဘောင်ကို ASSIST ဝက်ဘ်ဆိုဒ်တွင် တင်ပြပေးထားပါသည်။ တိုင်ချက်သည် အောက်တွင် ဖော်ပြထားသည့် အမျိုးအစားများအတွင်း ပါဝင်နေပါက ပယ်ချခံရမည်ဖြစ်ပါသည်။

ယင်းသည် မည်သည့်အာဆီယံကုန်သွယ်မှု သဘောတူညီချက်၏ စည်းမျဉ်းများဖြင့် လွှမ်းခြုံထားခြင်း၊ ပတ်သက်နေခြင်းမရှိပါ။

ယင်းသည် အာဆီယံဒေသတွင်း ကုန်သွယ်မှုထက် ကျော်လွန်နေပါသည်။

ယင်းသည် စီးပွားရေးလုပ်ငန်းများအကြားရှိ အငြင်းပွားမှုသက်သက်သာ ဖြစ်နေပါသည်။

ယင်းသည် လုံလောက်၍ ယုံကြည်စိတ်ချရသော အချက်အလက်များမှ ပံ့ပိုးပေးထားခြင်းမရှိပါ။

ယင်းသည် အခြားဥပဒေရေးရာ စီမံခန့်ခွဲရေးအဖွဲ့များ သို့မဟုတ် တရားရေးသုံးသပ်မှုများ သို့မဟုတ် တရားစွဲဆိုခြင်းများနှင့် သက်ဆိုင်နေသည့် ကိစ္စရပ်များဖြစ်နေသည်။

ယင်းသည် ASSIST ၏ အောက်တွင် လက်ရှိမရနိုင်သေးသည့် ရင်းနှီးမြှုပ်နှံမှု အရေးကိစ္စများကို တိုင်ကြားလာခဲ့လျှင်တို့ဖြစ်သည်။

ထို့ကြောင့် တိုင်တန်းသူအနေဖြင့် ASSIST ဝက်ဘ်ဆိုဒ်တွင် ပံ့ပိုးပေးထားသည့် အခြေခံ အချက်အလက်များကို သေချာစွာ သုတေသနပြုလုပ်ခြင်း နှင့်/သို့မဟုတ် ၎င်းတို့ အခြေစိုက်သည့် နိုင်ငံအစိုးရသို့မဟုတ် သီးခြား အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ ရှေ့နေများ၊ ဥပဒေအကျိုးဆောင်လုပ်ငန်းများ၊ ကုန်သည်ကြီးများအသင်း၊ စီးပွားရေးကောင်စီများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ ကုန်သွယ်ရေး အဖွဲ့အစည်းများ သို့မဟုတ် ပညာရေးနယ်ပယ်များထံမှ လမ်းညွှန်ချက်နှင့် အကူအညီများ ရယူခြင်းတို့ ပြုလုပ်နိုင်ပါသည်။

3.5 ASSIST ထံသို့ တိုင်တန်းမှု မပြုလုပ်ခင် သက်သေခိုင်မာသည့်/အထောက်အထားခိုင်မာသည့် အမှုတစ်ခု တည်ဆောက်ရန် အဘယ်ကြောင့် အရေးကြီးပါသနည်း။

တိုင်တန်းချက်ကို ASSIST တွင်ပါဝင်နေသည့် သက်ဆိုင်ရာ အာဏာပိုင်များမှ ဆန်းစစ်ကြမည် ဖြစ်သောကြောင့် ယင်းသို့တည်ဆောက်ရန် အလွန်အရေးကြီးပါသည်။ စိန်ခေါ်မှုခံနေရသည့် လုပ်ထုံး လုပ်နည်း သို့မဟုတ် စီမံဆောင်ရွက်ချက်၊ သို့မဟုတ် တိုင်တန်းသူ ရင်ဆိုင်နေရသည့် ပြဿနာကို ရှင်းရှင်းလင်းလင်း တင်ပြပေးရမည်ဖြစ်ပြီး အထောက်အထား စာရွက်စာတမ်းများကို ပံ့ပိုးပေးရန်လည်း အလေးထား တိုက်တွန်းပါသည်။ တိုင်တန်းသူများအနေဖြင့် လုပ်ငန်းစဉ်ကို လွယ်ကူချောမောစေမည့် အလားအလာရှိသော ဖြေရှင်းချက်များကိုပါ တင်ပြရန် စဉ်စားနိုင်ပါသည်။ ပြည့်ပြည့်စုံစုံ တင်ပြထားသည့် တိုင်ချက်များကို ရည်ညွှန်းတိုင်ကြားခရသည့်နိုင်ငံမှ ပြဿနာအဖြေကိုရှာပေးနိုင်ရန် လက်ခံပေးနိုင်သည့် အခွင့်အလမ်းမှာ ပိုများပါသည်။

4. တိုင်ချက်တိုင်တန်းနေစဉ်

4.1 တိုင်တန်းသူအနေဖြင့် ၎င်း၏ ကုမ္ပဏီသည် အာဆီယံအခြေစိုက် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုအဖွဲ့အစည်း ဖြစ်ကြောင်းပြသရန် ကြိုတင် မှတ်ပုံတင်ထားဖို့လိုပါသလား သို့မဟုတ် တိုင်ချက်ဖွင့်လိုက်သည်နှင့် အလိုအလျောက် မှတ်ပုံတင်ထားပြီးသား ဖြစ်သွားမှာပါလား။

ကြိုတင်စာရင်းသွင်းသည့် လုပ်ငန်းစဉ်မရှိပါ။ တိုင်တန်းသူမှ ၎င်း၏ အမျိုးသားလုပ်ငန်း မှတ်ပုံတင်နံပါတ်နှင့် မှတ်ပုံတင်ထားမှု အထောက်အထားကို ပံ့ပိုးပေးရမည်ဖြစ်ပြီး ယင်းသည် ASSIST ဝက်ဘ်ဆိုဒ်ရှိ တိုင်ချက်ဖောင် ပုံစံတွင် မဖြစ်မနေ ထည့်သွင်းပေးရမည့် အရာတစ်ခုဖြစ်ပါသည်။ အမှုသည်များကိုယ်စား (အမည်မဖော်လိုသည့် တိုင်ချက်များတွင်) တိုင်ချက်ဖွင့်သည့် ရှေ့နေများ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းအဖွဲ့ များသည် ဦးစွာ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးထံတွင် မှတ်ပုံတင်ရမည်ဖြစ်ပြီး အာဆီယံ အတွင်းရေးမှူးချုပ်ရုံးထံမှ လျှို့ဝှက် အမှုနံပါတ်ကုဒ်ကို ရရှိရန် သတ်မှတ်ထားသည့် ဖောင်ပုံစံကို တင်ပေးရပါမည်။

4.2 တိုင်တန်းသူအနေဖြင့် ၎င်းမှ တိုင်ချက်ဖွင့်လိုသည့် အခါတိုင်း အွန်လိုင်းတိုင်ချက်ဖွင့်သည့် ဖောင်ပုံစံကို ဖြည့်၍ စာရင်းသွင်းပေးဖို့လိုအပ်ပါသလား သို့မဟုတ် ၎င်း အနေဖြင့် ဖောင်ပုံစံတစ်ခုတည်းနှင့် တိုင်ချက်များစွာကို ဖွင့်လို့ရနိုင်ပါသလား။

တိုင်တန်းသူအနေဖြင့် စီးပွားရေးလုပ်ငန်း (သို့မဟုတ် အမည်မဖော်လိုသည့် တိုင်ချက်များတွင် ကိုယ်စားပြုသည့်အဖွဲ့)မှ တိုင်ချက်အသစ်တစ်ခုကို ဖွင့်သည့်အကြိမ်တိုင်း အွန်လိုင်းတိုင်ချက်ဖောင်ပုံစံ၌ မဖြစ်မနေထည့်သွင်းရမည့် နေရာများအားလုံးကို ဖြည့်သွင်းပြီး တိုင်ချက်ဖွင့်ပေးရန်လိုအပ်ပါသည်။

4.3 တိုင်တန်းသူအနေဖြင့် အချို့ဗဟိုမှတ်ပုံတင်ဌာနများတွင် အာဆီယံစီးပွားရေး လုပ်ငန်းတစ်ခုအဖြစ် မှတ်ပုံတင်ထားဖို့

လိုအပ်ပါသလား။

မလိုအပ်ပါ။ ဗဟိုမှတ်ပုံတင်ဌာနလည်းမရှိပါ။ အမှုသည်များကိုယ်စား (အမည်မဖော်လိုသည့် တိုင်ချက်များတွင်) တိုင်ချက်ဖွင့်ပေးသည့် ရှေ့နေများနှင့် ဥပဒေအကျိုးဆောင်လုပ်ငန်းအဖွဲ့များ သာလျှင် ပထဝီဒွိးစွာ အာဆီယံအတွင်းရေးမှူးထံ စာရင်းပေးသွင်းရမည်ဖြစ်ပြီး အာဆီယံ အတွင်းရေးမှူးချုပ်ရုံးထံမှ လျှို့ဝှက် အမှုနံပါတ်ကုဒ်ကို ရရှိရန် သတ်မှတ်ထားသည့် ဖောင်ပုံစံကို တင်ပေးရပါမည်။

4.4 အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံမှ နိုင်ငံတစ်ခုတွင် တရားဝင် စာရင်းသွင်းထားသည့် အာဆီယံစီးပွားရေး လုပ်ငန်းတစ်ခု (ဥပမာ ကုမ္ပဏီ သို့မဟုတ် ကုန်သွယ်ရေးအဖွဲ့အစည်း) ဖြစ်ခြင်း၏ အဓိပ္ပာယ်သည် မည်သို့ဖြစ်သနည်း။

ယင်း၏ အဓိပ္ပာယ်မှာ အာဆီယံစီးပွားရေးလုပ်ငန်းသည် ၎င်းလုပ်ငန်းလည်ပတ်နေသည့် နိုင်ငံ၏ ဥပဒေအတိုင်း ဝတ္တရားမဖျက်နေထိုင်ပြီး စီးပွားရေး သို့မဟုတ် ကုန်သွယ်ရေးအဖွဲ့အစည်း/ ကုန်သည်ကြီးများအသင်း/ စီးပွားရေးကောင်စီ/ စီးပွားရေးအဖွဲ့အစည်းတစ်ခုအဖြစ် မှတ်ပုံတင် ထားခြင်းကို ဆိုလိုပါသည်။ ယင်းသည် သက်ဆိုင်ရာ အာဆီယံနိုင်ငံအတွင်းရှိ လက်ရှိပြဋ္ဌာန်းထားသော ဥပဒေအတိုင်း မှတ်ပုံတင်ထားခြင်း ဖြစ်ရပါမည်။ ယင်းသတ်မှတ်ချက်သည် အမှုသည်များကိုယ်စား တိုင်ချက်ဖွင့်မည့် ရှေ့နေများ သို့မဟုတ် ဥပဒေအကျိုးဆောင် လုပ်ငန်းအဖွဲ့များအတွက်လည်း အကျုံးဝင်ပါသည်။ ၎င်းတို့အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ တစ်နိုင်ငံတွင် မှတ်ပုံတင်ထားကြောင်းနှင့် သက်ဆိုင်ရာ အာဆီယံတရားစီရင်နယ်အတွင်း ဥပဒေကို ကျင့်သုံးရန် တရားဝင် ပညာရှင် လိုင်စင်ရှိကြောင်း အထောက်အထားပြရန် လိုအပ်ပါသည်။

4.5 အကယ်၍ တိုင်တန်းသူသည် အာဆီယံပြင်ပ နိုင်ငံတစ်ခုမှ နိုင်ငံပေါင်းစုံကော်ပိုရေးရှင်း လုပ်ငန်းကြီးတစ်ခု၏ တရားဝင်မှတ်ပုံတင်ထားသော အာဆီယံအခြေစိုက်ရုံး(ဥပမာ ရုံးခွဲ၊ ကုမ္ပဏီခွဲ၊ ကိုယ်စားလှယ်ရုံး၊ စက်ရုံ၊ ဖြန့်ချိရေးစင်တာ စသည်)ဖြစ်နေပါက တိုင်တန်းသူ၏ အာဆီယံမဟုတ်သည့် နိုင်ငံရှိ ရုံးချုပ်မှနေ၍ တိုင်တန်းမှုကို ပြုလုပ်နိုင်ပါသလား။

မရပါ။ တိုင်တန်းချက်ကို အာဆီယံနိုင်ငံတစ်နိုင်ငံအတွင်း လုပ်ငန်းလုပ်ကိုင်နေသည့် စီးပွားရေး လုပ်ငန်းကသာ တိုင်ချက်ဖွင့်ရပါမည်။ သို့သော် ရုံးချုပ်အနေဖြင့် အာဆီယံစီးပွားရေးလုပ်ငန်းမှ တိုင်ချက်ကို တင်သည့်အချိန်တွင် အကြံဉာဏ်သို့မဟုတ် နည်းပညာပံ့ပိုးမှုများ ပေးနိုင်ပါသည်။

4.6 အာဆီယံစီးပွားရေးလုပ်ငန်းကိုယ်စား အတိုင်ပင်ခံ၊ ရှေ့နေ သို့မဟုတ် အကြံပေးတစ်ဦးမှ တိုင်ချက် ဖွင့်လို့ရနိုင်ပါသလား။ ရနိုင်မည်ဆိုပါက မည်သည့် လုပ်ငန်းမှတ်ပုံတင်နံပါတ် သို့မဟုတ် မှတ်ပုံတင် အထောက်အထားကို ပြသပေးရမှာပါလဲ။

ရနိုင်ပါသည်။ တိုင်တန်းချက်ကို အာဆီယံစီးပွားရေးလုပ်ငန်းကိုယ်စား အတိုင်ပင်ခံ ရှေ့နေသို့မဟုတ် အကြံပေးတစ်ဦးမှ တိုင်ချက်ဖွင့်ပေးနိုင်ပါသည်။ သို့သော် ယင်းသို့ဖြစ်ပါက အာဆီယံစီးပွားရေး လုပ်ငန်း(AE)၏ လုပ်ငန်းမှတ်ပုံတင်နံပါတ်နှင့် တရားဝင် မှတ်ပုံတင်အထောက်အထားကို ပေးရ မည်သာဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တိုင်တန်းချက်သည် အာဆီယံစီးပွားရေး လုပ်ငန်း၏ တိုင်တန်းချက်ဖြစ်သောကြောင့် ဖြစ်ပါသည်။ တိုင်တန်းသူသည် တိုင်တန်းမှုပြုလုပ်နေစဉ်တွင် အာဆီယံစီးပွားရေး လုပ်ငန်းအတွက် အလုပ်လုပ်ပေးခြင်းမရှိသည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့များ၏ အကြံပြုချက်နှင့် အကူအညီများ ရယူနိုင်ပါသည်။ သို့သော် တိုင်တန်းချက်ကို အမည်မဖော်လိုသည့် တိုင်ချက်အဖြစ် ဖွင့်ခဲ့ပါက လုပ်ငန်း မှတ်ပုံတင်နံပါတ်သည် အာဆီယံစီးပွားရေးလုပ်ငန်း၏ မှတ်ပုံတင်နံပါတ်မဟုတ်ဘဲ အာဆီယံစီးပွားရေး လုပ်ငန်းကိုယ်စား တိုင်ချက်တင်သွင်းသည့် (ကုန်သွယ်ရေးအဖွဲ့အစည်းများ၊ ကုန်သည်ကြီးများအသင်း၊ စီးပွားရေးကောင်စီများ၊ စီးပွားရေး အဖွဲ့အစည်းများ စသည်တို့အတွက်) နှင့် တရားဝင်မှတ်ပုံတင် အထောက်အထား(ရှေ့နေများနှင့် ဥပဒေအကျိုးဆောင်လုပ်ငန်းအဖွဲ့များ အတွက်)တို့သည် အဖွဲ့အစည်း၏ မှတ်ပုံတင်နံပါတ်နှင့် တရားဝင် မှတ်ပုံတင် အထောက်အထားများ ဖြစ်ရမည်ဖြစ်ပါသည်။

4.7 လူပုဂ္ဂိုလ်တစ်ဦးမှ ASSIST တွင် တိုင်ချက်ဖွင့်လို့ ရနိုင်ပါသလား။

မရပါ။ လက်ရှိအချိန်တွင် ASSIST ကို တရားဝင်မှတ်ပုံတင်ထားသည့် စီးပွားရေးလုပ်ငန်းများ (ဥပမာ ဥပဒေအကျိုးဆောင် လုပ်ငန်းများ) အတွက်သာ အသုံးပြုနိုင်ပါသေးသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် (ဥပမာ သာမန်လူများ) မရသေးပါ။ သို့သော် အခြားလိုအပ်ချက်အားလုံး ပြည့်မီနေမည်ဆိုပါက ရှေ့နေတစ်ဦးတည်းမှ ၎င်း၏ အမှုသည် (ဥပမာ အာဆီယံအခြေစိုက် လုပ်ငန်းစု)ကိုယ်စား အမည်မဖော်လိုသည့်တိုင်ချက်ကို တိုင်ကြားပေးနိုင်မည် ဖြစ်ပါသည်။

4.8 တိုင်တန်းသူအနေဖြင့် ၎င်း၏ကုမ္ပဏီနာမည်ကို အသုံးမပြုဘဲ အမည်မသိဖြင့် တိုင်ချက်ဖွင့်လို့ရနိုင်ပါသလား။ အကယ်၍ တိုင်နိုင်ပါက တိုင်လို့ရနိုင်မည့် အခြားနည်းလမ်းမှာ အဘယ်နည်း။

ရပါသည်။ တိုင်တန်းသူအနေဖြင့် ဆန္ဒရှိပါက အမည်မသိတိုင်ချက်ကို မည်သည့်အကြောင်းရင်းအတွက်မဆို တိုင်ကြားနိုင်ပြီး ၎င်းမည်သူမည်ဝါဖြစ်ကြောင်းကို အိမ်ရှင်နိုင်ငံနှင့်/ သို့မဟုတ် ရည်ညွှန်း တိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံထံ မဖော်ပြဘဲ ထားလို့ရပါသည်။ ယင်းသို့ပြုလုပ်ရန်အတွက် တိုင်တန်းသူသည် ကုန်သွယ်ရေးအဖွဲ့အစည်း သို့မဟုတ် တူညီသော ကိုယ်စားပြုအဖွဲ့အစည်း(ဥပမာ ကုန်သည်ကြီးများအသင်း၊ စီးပွားရေးကောင်စီ၊ စီးပွားရေးအဖွဲ့အစည်း၊ ရှေ့နေသို့မဟုတ် ဥပဒေလုပ်ငန်းအဖွဲ့)တစ်ခုကို အသုံးပြုပြီး ၎င်းကိုယ်စား တိုင်ကြားခိုင်းနိုင်ပါသည်။ အာဆီယံအခြေစိုက် ကုန်သွယ်ရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားပြုအဖွဲ့သည် ၎င်းတို့ကိုယ်စား တိုင်ချက်ဖွင့်ပေးရသည့် သက်ဆိုင်ရာ အာဆီယံစီးပွားရေးလုပ်ငန်း၏ အမည်ကို ရည်ညွှန်းဖော်ပြပေးစရာ မလိုအပ်ဘဲ ၎င်းတို့၏ ကိုယ်ပိုင်လုပ်ငန်းမှတ်ပုံတင်နံပါတ်(ဥပမာ ၎င်းတို့လုပ်ငန်းလည်ပတ်နေသည့် အာဆီယံ တရားစီရင်ရေးနယ်ပယ် အတွင်းရှိ လုပ်ငန်းမှတ်ပုံတင် နံပါတ် သို့မဟုတ် ရှေ့နေများ၊ ဥပဒေအကျိုးဆောင် လုပ်ငန်းအဖွဲ့များအတွက် ဥပဒေလိုင်စင်)ကိုသုံးပြီး ရိုးရှင်းစွာ တိုင်ချက်ဖွင့်နိုင် ပါသည်။ ရှေ့နေများနှင့် ဥပဒေအကျိုးဆောင်လုပ်ငန်း အဖွဲ့များသည် အာဆီယံအတွင်းရေးမှူးချုပ်ရုံးထံ ကြိုတင်စာရင်းပေးရန် လိုအပ်ပြီး အမည်မသိတိုင်တန်းချက် တိုင်ကြားသည့်အခါ အသုံးပြုရန်အတွက် လျှို့ဝှက်အမှုနံပါတ်ကုဒ်ကို ရယူရန် သက်ဆိုင်သည့် ဖောင်ပုံစံကို ဖြည့်ပေးရပါမည်။ ဤနည်းလမ်းသည် တူညီသည့် ကုန်သွယ်မှုပြဿနာများရှိနေသည့် တိုင်တန်းသူများစွာမှ တိုင်ချက်များစွာ တိုင်တန်းနေရသည့်အဖြစ်ကို ရှောင်ရှားနိုင်ရန်လည်း ရည်ရွယ်ပါသည်။ မှတ်သားထားရန်လိုအပ်သည်မှာ အာဆီယံစီးပွားရေးလုပ်ငန်းများမှ အမည်မဖော်လိုသည့် တိုင်ကြားမှုအတွက် ကိုယ်စားလှယ်အဖွဲ့များမှ ဝန်ဆောင်မှုပေးသည့်

အခါ ဝန်ဆောင်ခကြေးများပေးရန် လိုအပ်ပါမည်။

4.9 တိုင်တန်းသူတစ်ဦး သို့မဟုတ် တိုင်တန်းသူများစွာအနေဖြင့် မည်သည့်အချိန်တွင် မည်သည့် အကြောင်းကြောင့် တရားဝင်မှတ်ပုံတင်ထားသည့် အာဆီယံကုန်သွယ်မှုအဖွဲ့အစည်း သို့မဟုတ် ကုန်သည်ကြီးများအသင်း၊ စီးပွားရေးကောင်စီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းမှ တစ်ဆင့် တိုင်ချက်ဖွင့်ရန် စဉ်းစားသင့်ပါသနည်း။

အကယ်၍ ကုမ္ပဏီများစွာသည် တူညီသည့် ကုန်သွယ်မှုပြဿနာများ သို့မဟုတ် အရေးကိစ္စများ ရှိနေပြီး ၎င်းတို့၏ ကိုယ်စားပြုစီးပွားရေးအဖွဲ့အစည်း (ဥပမာ ကုန်သွယ်မှု အဖွဲ့အစည်းများ၊ ကုန်သည်ကြီးများ အသင်း၊ စီးပွားရေးကောင်စီ၊ စီးပွားရေးအဖွဲ့အစည်း စသည်) ကိုသုံး၍ ၎င်းတို့ကိုယ်စား အဖြေရှာပေးရန် တိုင်ချက်ဖွင့်လိုသည့်အခါ ဤနည်းလမ်းကို သုံးသင့်ပါသည်။ အခြားအခြေအနေတစ်ခုမှာ အထိအခိုက် မခံသည့် အရေးကိစ္စကြောင့် လုပ်ငန်းစုအနေဖြင့် ၎င်းတို့ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော် မပြောလိုသည့်အခါ ၎င်းတို့ကိုယ်စား ၎င်း၏ စီးပွားရေးအဖွဲ့အစည်းကို တိုင်ချက်ဖွင့်ခိုင်းလိုသည့် အခါမျိုးတွင်အကျူးဝင်ပါသည်။ ဒုတိယဖြစ်ရပ်မျိုးတွင် မှန်ကန်စွာမှတ်ပုံတင်ထားသည့် အာဆီယံ အခြေစိုက် လိုင်စင်ရပြီးသော ရှေ့နေများ၊ ဥပဒေအကျိုးဆောင်လုပ်ငန်းများကို အသုံးပြုနိုင်ပြီး ၎င်းတို့ အနေဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးထံသို့ မှတ်ပုံတင်ဖို့လိုအပ်ချက်အတိုင်း လိုက်နာ ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

4.10 တိုင်တန်းသူအနေဖြင့် တိုင်ချက်ဖွင့်သည့်အခါ မည်သည့် စာရွက်စာတမ်းမဆို(ဥပမာ ဥပဒေ၊ အာဏာပိုင်များနှင့် စာအဆက်အသွယ်လုပ်ထားမှုများ၊ လိုင်စင်များ၊ ဓာတ်ပုံ အထောက်အထားများ၊ ဥပဒေမှတ်တမ်းများ၊ စသည်)ကို စနစ်အတွင်းသို့တင်သွင်းနိုင်ပါသလား။

ရပါသည်။ ASSIST အွန်လိုင်းတိုင်ချက်ဖောင်ပုံစံတွင် ညွှန်းဆိုထားသည့် တွဲဖက်စာရွက် စာတမ်းများအတွက် စနစ်၏သတ်မှတ် Mb ပမာဏအတွင်း ရှိနေသေးသမျှ ကြိုက်သည့်ပုံစံဖြင့် တင်သွင်းနိုင်ပါသည်။ အချို့ချွင်းချက်ကိစ္စများတွင် ဗဟိုအုပ်ချုပ်ရေးမှူးထံ ထပ်တိုး အချက် အလက်များအား အီးမေးလ်ဖြင့် ပေးပို့ရန် တိုင်တန်းသူကိုပန်ကြားနိုင်ပါသည်။

4.11 ASSIT ဝက်ဘ်ဆိုဒ်(ဥပမာ အွန်လိုင်းတိုင်ချက်ဖောင်ပုံစံ) ပေါ်တွင် တိုင်ချက်မူကြမ်းကို နောက်ပိုင်းတွင် အပြီးသတ်ရန်အတွက် သိမ်းထားလို့ ရနိုင်ပါသလား။

မရပါ။ တိုင်တန်းသူအနေဖြင့် တိုင်ချက်ကို အွန်လိုင်းပြင်ပမှာ ပြင်ဆင်ထားသင့်ပြီး တိုင်ချက် တင်သည့်အချိန်တွင် အွန်လိုင်းတိုင်ချက်ဖောင်ပုံစံ၌ အချက်အလက်များကို မိတ္တူပွားထည့်သွင်း ပေးသင့်ပါသည်။

4.12 အကယ်၍ တူညီသည့် ကုန်သွယ်မှုပြဿနာများကို နိုင်ငံများစွာ၌ ကြုံတွေ့နေရပါက တိုင်ချက်တစ်စောင်တည်း ဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများစွာကို တိုင်ချက်ဖွင့်လို့ရနိုင်ပါသလား။

မရပါ။ တိုင်ချက်တစ်ခုချင်းစီသည် တစ်ကြိမ်လျှင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကိုသာ တိုင်ကြားနိုင်ပါသည်။ တူညီသည့် ပြဿနာတစ်ခုတည်းကို နိုင်ငံတစ်နိုင်ငံထက်ပိုသည့်နေရာများတွင် ကြုံတွေ့နေရလျှင် တိုင်တန်းသူသည် တိုင်ချက်များစွာကို တင်ဖို့လိုအပ်ပါလိမ့်မည်။

4.13 တိုင်တန်းသူအနေဖြင့် တိုင်ချက်မိတ္တူကို ASSIST အောက်ရှိ အခြားသက်ဆိုင်သူများထံ အီးမေးလ်ဖြင့် ပေးပို့ရန် လိုအပ်ပါသလား။

မလိုပါ။ ဆက်သွယ်ပြောဆိုမှု အားလုံးသည် ASSIST ပလက်ဖောင်းမှတစ်ဆင့် အွန်လိုင်းမှသာ လုပ်ဆောင်ရမည် ဖြစ်ပါသည်။

4.14 တိုင်ချက်ကို အင်္ဂလိပ်စာ မဟုတ်သည့် ဘာသာစကားဖြင့် တိုင်၍ ရနိုင်ပါသလား။ အကယ်၍ မရပါက ဖြစ်ရပ်မှန်ပြသည့် တရားဝင်အချက်အလက်အချို့(ဥပမာ ကုမ္ပဏီမှတ်ပုံတင်ထားမှု အထောက်အထား သို့မဟုတ် နိုင်ငံ၏ဥပဒေမိတ္တူ)ကို တိုင်တန်းသူ၏ ဘာသာစကား သို့မဟုတ် ကုန်သွယ်မှုပြဿနာ ဖြစ်ပွားနေသည့် နိုင်ငံ၏ ဘာသာစကားဖြင့် ပေးပို့နိုင်ပါသလား။

အင်္ဂလိပ်ဘာသာစကားသည် စနစ်အတွင်းရှိ တရားဝင်ဆက်သွယ်ပြောဆိုရမည့် ဘာသာစကားဖြစ်ပြီး တိုင်တန်းသူသည် အင်္ဂလိပ်စာဖြင့်သာ ရေးသားပေးရပါမည်။ တိုင်တန်းသူမှ ပူးတွဲတင်ပေးသည့် အထောက်အထား စာရွက်အားလုံးမှာလည်း (ဥပမာ အမှုဆိုင်ရာ အချက်အလက်များ၊ နည်းစနစ်ပိုင်း အစီရင်ခံစာများ စသည်) အင်္ဂလိပ်လိုသာ ရေးသားရပါမည်။ သို့သော် မှတ်ပုံတင် အထောက်အထား၊ နိုင်ငံ၏ဥပဒေများ၊ အသိအမှတ်ပြု စာရွက်စာတမ်းများ၊ လိုင်စင်သို့မဟုတ် တူညီသည့် စာရွက်စာတမ်းများကဲ့သို့ နိုင်ငံတော်ရုံးသုံးစာဖြင့် ရေးသားထားသည့် တရားဝင် စာရွက်စာတမ်းများကိုမူ တိုင်ချက်ကို ပံ့ပိုးပေးသည့် အနေဖြင့် စနစ်အတွင်း တင်သွင်းပေးလို့ရပါသည်။ သို့သော် ယင်းစာရွက်စာတမ်းများအတွက် အင်္ဂလိပ် ဘာသာပြန်ပါ တစ်ပါတည်း ပါဝင်ဖို့လိုပါသည်။ ရည်ညွှန်းတိုင်ကြားခံရသည့် နိုင်ငံ၏ဆက်သွယ်ရေး တာဝန်ခံကလည်း ဖြေရှင်းနည်းကို အင်္ဂလိပ်ဘာသာဖြင့် ပံ့ပိုးပေးမည် ဖြစ်ပါသည်။

5. တိုင်ချက် တင်ပြီးသည့်အချိန်

5.1 တိုင်တန်းသူအနေဖြင့် ခြေရာခံအိုင်ဒီနံပါတ် နှင့် သို့မဟုတ် တိုင်ချက်တင်ခဲ့သည့် အီးမေးလ်ကို ပျောက်သွားခဲ့သည်ဖြစ်စေ၊ မေ့သွားခဲ့သည်ဖြစ်စေ၊ ဖြစ်ခဲ့ပါက မည်သည်ကိုလုပ်သင့်ပါသလဲ။

တိုင်တန်းသူသည် ASSIST တွင် ဖော်ပြထားသည့် အာဆီယံအတွင်းရေးမှူး၏ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်ထံ ဆက်သွယ်သင့်ပါသည်။

5.2 တိုင်ချက်ကို ဗဟိုအုပ်ချုပ်ရေးမှူး(CA) သို့မဟုတ် ရည်ညွှန်းတိုင်ကြားခံရသည့် နိုင်ငံ၏ဆက်သွယ်ရေး တာဝန်ခံ တစ်ဦးဦးက

ပယ်ချခဲ့လျှင် ဘာဆက်ဖြစ်မည်နည်း။

တိုင်ချက်တစ်ခု ငြင်းပယ်ခံလိုက်ရလျှင် ယင်းသက်ဆိုင်ရာ လုပ်ငန်းစဉ်သည် နည်းစနစ်အပိုင်းအရ အပြီးသတ်သွားပြီဖြစ်ပြီး တိုင်ချက်ကိုပါ ဖယ်ရှားလိုက်မည် ဖြစ်သည်။ သို့သော် တိုင်တန်းသူအနေဖြင့် ၎င်း၏တိုင်ချက်တွင် ထပ်တိုးအချက်အလက် သို့မဟုတ် အချက်အလက်အသစ်များ ပံ့ပိုးပေးပြီး ASSIST ၏ အောက်မှ တိုင်ချက်အသစ်တိုင်တန်းခြင်း သို့မဟုတ် ယင်းကိစ္စရပ်အား အခြားအငြင်းပွားမှုဖြေရှင်းရေး ယန္တရားများထံ တင်ပြခြင်းကဲ့သို့ သင့်တော်သည့်အဖြေရှာနိုင်မည့် အခြားနည်းလမ်းများကို ရှာဖွေခြင်းများ ပြုလုပ်နိုင်ပါသည်။ ("ဖြေရှင်းနည်းပံ့ပိုးပေးပြီးသည့်အခါ" ကဏ္ဍအောက်ရှိ ပံ့ပိုးပေးထားသော အချက်အလက်များကို ကြည့်ရှုပါ။)

5.3 ဗဟိုအုပ်ချုပ်ရေးမှူး သို့မဟုတ် ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံအနေဖြင့် တိုင်ကြားသူ(အာဆီယံစီးပွားရေးလုပ်ငန်း)ထံမှ နောက်ထပ် အချက်အလက်များကို ထပ်တောင်းပိုင်ခွင့် ရှိပါသလား။

၎င်းတို့သည် ထပ်တောင်းပိုင်ခွင့်ရှိပါသည်။ ဗဟိုအုပ်ချုပ်ရေးမှူးအနေဖြင့် ASSIST စနစ်ရှိ ပြည့်စုံခြင်းမရှိသည့် လုပ်ဆောင်ချက်ကို သုံး၍ တိုင်ချက်ကို စီးပွားရေးလုပ်ငန်းထံသို့ ပြန်လည်ပေးပို့ပြီး နောက်ထပ် အချက်အလက်များကို တောင်းခံနိုင်ပါသည်။ ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံသည် အာဆီယံစီးပွားရေးလုပ်ငန်းထံမှ ထပ်တိုးအချက်အလက်များကို ဗဟိုအုပ်ချုပ်ရေးမှူးမှတစ်ဆင့်သာ တောင်းခံနိုင်ပြီး ယင်းကိုလည်း စနစ်မှမဟုတ်သော (ဥပမာ အီးမေးလ်၊ တယ်လီဖုန်း ဆက်သွယ်မှုများ) အနေဖြင့်သာ ဆောင်ရွက်ရပါမည်။ ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံသည် အာဆီယံစီးပွားရေးလုပ်ငန်းထံ တိုက်ရိုက်ချိတ်ဆက်၍ မရနိုင်ပါ။

5.4 တိုင်တန်းသူအနေဖြင့် တိုင်ချက်ဖွင့်ပြီးသည့်နောက် ထပ်တိုးအချက်အလက်များကို မိမိဆန္ဒအလျောက် ပေးပို့နိုင်ပါသလား။ ပေးပို့နိုင်ပါက မည်သည့် လုပ်ထုံးလုပ်နည်းဖြင့် လုပ်ရမည်နည်း။

မရပါ။ တိုင်တန်းချက်ကို ဗဟိုအုပ်ချုပ်ရေးမှူး သို့မဟုတ် ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံမှ လက်ခံခြင်း၊ ပယ်ချခြင်းများ ပြုလုပ်ပြီးသည်နှင့် တိုင်တန်းသူသည် ထပ်တိုးအချက်အလက်များကို ပေးပို့၍မရနိုင်တော့ပါ။ ယင်းသို့ ထပ်မံပေးပို့လိုပါက တိုင်တန်းသူသည် တိုင်ချက်ကို ရုတ်သိမ်းပြီး ထပ်တိုးအချက်အလက်များဖြင့် တိုင်ချက်အသစ်ကို ထပ်၍ဖွင့်ရမည် ဖြစ်ပါသည်။

5.5 တိုင်တန်းသူမှ တိုင်ချက်ကို တင်ပြီးသည်နှင့် ချက်ချင်း ပြန်ရုတ်သိမ်းလို့ရပါသလား။ ရလျှင် မည်သည့် လုပ်ထုံးလုပ်နည်းဖြင့် လုပ်ရမည်နည်း။

ရပါသည်။ တိုင်တန်းချက် လုပ်ငန်းကို ဆောင်ရွက်နေစဉ်အချိန်မရွေး တိုင်တန်းသူမှသာလျှင် တိုင်ချက်ကိုရုတ်သိမ်းနိုင်ပါသည်။ ယင်းသို့ ပြုလုပ်ရန်အတွက် တိုင်တန်းသူသည် ASSIST ဖြစ်စဉ်ပြဇယားထဲသို့ ဝင်ရောက်ရမည်ဖြစ်ပြီး တိုင်ချက်အစောင်ကို ဖွင့်ကာ "ရုတ်သိမ်းရန်" လုပ်ဆောင်ချက်သင်္ကေတကို နှိပ်ပေးရပါမည်။ ASSIST အောက်ရှိ သက်ဆိုင်သည့် ပတ်သက်သူအားလုံးကို ရုတ်သိမ်းသည့်အကြောင်း ASSIST စနစ်မှ အလိုအလျောက် အကြောင်းကြားမည် ဖြစ်ပါသည်။

5.6 အာဆီယံ လုပ်ငန်းစုအနေဖြင့် ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံ သို့မဟုတ် တာဝန်ရှိ အာဏာပိုင်များထံ တိုက်ရိုက် ဆက်သွယ်၍ရနိုင်ပါသလား။

ဆက်သွယ်၍မရပါ။ ဤလုပ်ငန်းစဉ်အတွင်း မည်သည့်အဆင့်မှာမှ တိုက်ရိုက်ဆက်သွယ်မှုမျိုးမရှိပါ။

5.7 ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံတစ်ဦးသည် အများဆုံး ရက် ၂၀ အပြီး အချိန်ထပ်တိုးပေးဖို့ ဘယ်နှစ်ကြိမ်တောင်းဆိုနိုင်ပါသလဲ။

အွန်လိုင်းကို အသုံးပြု၍ တစ်ကြိမ်သာ တောင်းနိုင်ပါသည်။

5.8 တိုင်တန်းသူအနေဖြင့် တိုင်ချက်ကို ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံမှ လက်ခံပြီးသည့်ရက်မှ စတင်၍ အလုပ်လုပ်ရက် ၃၀ မှ ၅၀ (ဥပမာ ပြက္ခဒိန် သီတင်းပတ် ၆ - ၁၀ ပတ်)အတွင်း ASSIST ထံမှ အဖြေကိုပြန်လည်မကြားရပါက တိုင်တန်းသူအနေဖြင့် ဘာလုပ်သင့်ပါသလဲ။

ယင်းသို့ဖြစ်ခဲ့ပါက တိုင်တန်းသူသည် ASSIST ၏ ဗဟိုအုပ်ချုပ်ရေးမှူးထံသို့ အီးမေးလ်မှတစ်ဆင့် (အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ASSIST ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အတွက် ဆက်သွယ်ရန် အသေးစိတ်ကို ASSIST ဝက်ဘ်ဆိုဒ်တွင် ကြည့်ပါ) ဆက်သွယ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု၏ နောက်ဆုံး အခြေအနေကို စုံစမ်းခြင်းဖြစ်စေ၊ ၎င်းနိုင်ငံ၏ အိမ်ရှင်နိုင်ငံမှ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်ထံ ဆက်သွယ်၍ အဘယ်ကြောင့် အချိန်နောက်ကျနေသည်ကို ၎င်းကိုယ်စား ရည်ညွှန်းတိုင်ကြားခံရသည့် နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံထံ မေးမေးရန် ပန်ကြားခြင်းဖြစ်စေပြုလုပ်နိုင်ပါသည်။

6. ဖြေရှင်းချက်များပံ့ပိုးပေးခြင်း

6.1 တိုင်တန်းသူအနေဖြင့် ဖြေရှင်းနည်းကို မရခဲ့ပါက ဘာလုပ်နိုင်ပါသလဲ။

ယင်းသို့ဖြစ်ခဲ့ပါက တိုင်တန်းသူသည် ASSIST ဗဟိုအုပ်ချုပ်ရေးမှူးထံ အီးမေးလ်မှတစ်ဆင့် ဆက်သွယ်ပြီး တိုင်ချက်၏ နောက်ဆုံး အခြေအနေကို စုံစမ်းခြင်းဖြစ်စေ၊ ၎င်း၏ အိမ်ရှင်နိုင်ငံမှ ဆက်သွယ်ရေး တာဝန်ခံထံ လုပ်ငန်းစဉ် အဆင်ပြေအောင်ကြားဝင် ဆောင်ရွက်ပေးရန် ဆက်သွယ် နိုင်ပါသည်။ တိုင်တန်းသူသည် အငြင်းပွားမှု ဖြေရှင်းရေးယန္တရားများ(ဥပမာ ၎င်းနေထိုင်ရာ အစိုးရ သို့မဟုတ် ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ အမျိုသားတရားစီရင်ရေး သို့မဟုတ် ခုံသမာဓိများမှ တစ်ဆင့် အာဆီယံဆိုင်ရာ ချဲ့ထွင်ထားသော အငြင်းပွားမှုဖြေရှင်းရေး ယန္တရားများသုံးခြင်း၊ သို့မဟုတ် ၎င်း၏ ဌာနေနိုင်ငံအစိုးရအား WTO အဖွဲ့ဝင်အဖြစ်နှင့် ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံကို ရင်ဆိုင်စေပြီး WTO အငြင်းပွားမှုဖြေရှင်းရေးယန္တရားများကို သုံးခြင်း)အပါအဝင် အခြားရွေးချယ်စရာ နည်းလမ်းများကိုလည်း ရှာဖွေနိုင်ပါသည်။

6.2 တိုင်တန်းသူအနေဖြင့် ဖြေရှင်းနည်းကို ကျေနပ်မှုမရှိခဲ့ပါက မည်သို့လုပ်နိုင်ပါသနည်း။

ယင်းသို့ဖြစ်ခဲ့ပါက တိုင်တန်းသူသည် မှန်ကန်သည့် ထပ်တိုးအချက်အလက် သို့မဟုတ် အချက်အလက် အသစ်များဖြင့် ASSIST ကိုသုံးပြီး တိုင်ချက်အသစ်ဖွင့်ခြင်း သို့မဟုတ် ၆.၁ တွင်ဖော်ပြခဲ့သည် အငြင်းပွားမှုဖြေရှင်းသည့် ယန္တရားများကို အသုံးပြုခြင်းကဲ့သို့ အခြား နည်းလမ်းရွေးချယ်စရာများကို ရှာခြင်းများ ပြုလုပ်နိုင်ပါသည်။

6.3 တိုင်တန်းသူမှ ဖြေရှင်းနည်းမရခဲ့လျှင်ဖြစ်စေ၊ ဖြေရှင်းနည်းကို ကျေနပ်ခြင်းမရှိလျှင်ဖြစ်စေ၊ ဆက်လက် လုပ်ဆောင်ပေးရန် အယူခံဝင်နိုင်ပါသလား။

မရနိုင်ပါ။ ASSIST သည် အချုပ်အနှောင်ကင်းပြီး ကိုယ်ထူကိုယ်ထ ဆန္ဒအလျောက် ဆောင်ရွက်ထားသည့် ယန္တရားဖြစ်ပါသည်။ ယင်းသည် အစိုးရ၏ ဆုံးဖြတ်ချက်အား တိုင်ကြားသူမှ အယူခံဝင်နိုင်သော ဥပဒေရေးရာလုပ်ဆောင်ချက်မျိုးနှင့် မသက်ဆိုင်ပါ။

6.4 တိုင်တန်းသူမှ ဖြေရှင်းနည်းမရခဲ့လျှင်ဖြစ်စေ၊ ဖြေရှင်းနည်းကို ကျေနပ်ခြင်းမရှိလျှင်ဖြစ်စေ၊ တူညီသည့် တိုင်ချက်ကို ထပ်မံဖွင့်လို့ ရနိုင်ပါသလား။

ရပါသည်။ နည်းစနစ်အရ ရနိုင်ပါသည်။ သို့သော် အချိန်နှင့် ရင်းမြစ်များ အလဟဿဖြစ်၍ အကျိုးမရှိဖြစ်ဖို့သာ များပါသည်။ သို့သော် အကယ်၍ တိုင်တန်းသူမှ ယင်းသို့လုပ်ရန် ဆုံးဖြတ်ခဲ့ပါက တိုင်တန်းချက်တွင် ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံမှ ထည့်သွင်းစဉ်းစားနိုင်မည့် ထပ်တိုးခိုင်မာသည့် အထောက်အထားများ သို့မဟုတ် ဥပဒေရေးရာ လျှောက်လဲချက်များကို ပံ့ပိုးပေးပြီး တိုင်ချက်ကို ပိုမိုခိုင်မာအောင်ပြုလုပ်ပေးရန် အလေးအနက်ထား တိုက်တွန်းပါသည်။



"မကြာခဏအမေးများသော မေးခွန်းများ" စာမျက်နှာကို ASSIST ဝက်ဘ်ဆိုဒ်၏ https://ASSIST.asean.org/read/faq/30/ ပေါ်ရှိ "FAQ" စာသားသင်္ကေတ အောက်တွင် ASSIST ၏ အသုံးပြုသူများ သို့မဟုတ် အဓိကပါဝင် လုပ်ဆောင်သူများ အတွက် မေးမြန်းချက်များ ရရှိနိုင်ပါသည်။

ပုံဖော်ဖန်တီးယူထားသည့် ဖြစ်ရပ်လေ့လာမှုများ

အချို့သောဖြစ်ရပ်လေ့လာမှုများသည် ASSIST စနစ်၏ လုပ်ဆောင်မှုနှင့်လည်ပတ်မှုကိုစမ်းသပ်ရန်အတွက် တည်ဆောက်ထားပါသည်။ ဤဖန်တီးယူထားသည့် ဇာတ်ညွှန်းဖြစ်ရပ်များတွင် ASSIST ၏ ရည်ရွယ် သတ်မှတ်ဘောင်အတွင်းရှိ တိုင်ကြားသူစီးပွားရေးလုပ်ငန်း၊ ဗဟိုအုပ်ချုပ်ရေးမှူးနှင့် နိုင်ငံအဆင့် ဆက်သွယ်ရေး တာဝန်ခံများနှင့် ဆက်သွယ်ပြောဆိုဆောင်ရွက်မှု လက်တွေ့ဖြစ်ရပ်အသေးစိတ်ကို ပုံဖော်ထားမှု အပေါ် ပေါင်းထည့်ထားပါသည်။ ဤ ဖြစ်ရပ်လေ့လာမှု ၅ ခုတွင် ပါဝင်သည့် အချက်အလက်များသည် ဖန်တီးယူထားသည့် အကြောင်းအရာဖြစ်ပြီး မည်သည့်အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်ပတ်သက်သည့် မည်သည့် ပြဌာန်းချက် သို့မဟုတ် အခြေအနေတို့ အပေါ်ထင်ဟပ်ထားခြင်းမဟုတ်ပါ။ အမှန်တစ်ကယ် ကုမ္ပဏီများ၊ နိုင်ငံများ၊ ကုန်စည်၊ ဝန်ဆောင်မှု၊ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုန်သွယ်မှုများကို မည်သူမည်ဝါ ဖြစ်ကြောင်းခွဲခြားရွေးထုတ်ပြီး ရည်ရွယ်ခြင်း သို့မဟုတ် သွယ်ဝိုက်ပြောဆိုခြင်း မရှိပါ။

အောက်ပါ လေ့လာမှုသင်ခန်းစာများအပေါ်အခြေခံထားသော တစ်ဆင့်ပြီးတစ်ဆင့် သင်ခန်းစာများသည် ASSIST ၏လုပ်ငန်းစဉ်ကို ပိုမို နားလည်နိုင်အောင် ရေးဆွဲ ထားခြင်းဖြစ်ပါသည်။ သင်ခန်းစာများသည် ဤစုစည်းထားသော အသုံးချမှု ရင်းမြစ်၏ နောက်ဆုံး အပိုင်း ထဲတွင် ရရှိနိုင်ပြီး ASSIST ဝက်ဘ်ဆိုဒ် https://assist.asean.org/read/proces/20 ပေါ်တွင်လည်း ရရှိနိုင်ပါသည်။
ပထမ ဖြစ်ရပ်ဇာတ်လမ်းသည် ASSIST အောက်ထဲသို့မကျရောက်သည့် တိုင်ကြားချက်တစ်ခုဖြစ်ပြီး၊ ဒုတိယနှင့် တတိယဖြစ်ရပ် ဇာတ်လမ်းများသည် ကုန်စည်ဆိုင်ရာကုန်သွယ်မှု၏ပြဿနာရပ်များကို သဏ္ဌာန်လုပ်ယူထားခြင်း ဖြစ်ပြီး နောက်ဆုံးဖြစ်ရပ်ဇာတ်လမ်း ၂ ခုသည် ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုပြဿနာရပ်များကို ဖန်တီးယူ ထားခြင်းဖြစ်သည်။

ဖြစ်ရပ် ၁ :

တိုင်ကြားချက်သည် အာဆီယံစီးပွားရေးလုပ်ငန်းတစ်ခုမှ ဖွင့်ခြင်းဖြစ်ပြီး ASSIST ၏ ဗဟိုအုပ်ချုပ်ရေးမှူးမှ ပယ်ချခဲ့ခြင်းဖြစ်သည်။

ပယ်ချခြင်းအတွက်အကြောင်းပြချက်

တိုင်ကြားချက်အကြောင်းအရာသည် ASSIST ၏ သတ်မှတ်ဘောင်ပြင်ပသို့ကျရောက်နေပြီး အာဆီယံစီးပွားရေး လုပ်ငန်းမှကျိုးကြောင်းခိုင်လုံစွာ စွဲချက်တင်ထားခြင်းမဟုတ်သည့်အတွက်ဖြစ်သည်။

ဖြစ်ရပ် ၂:

အာဆီယံအခြေစိုက် ကုန်သွယ်ရေးအသင်းအဖွဲ့တစ်ခုသည် ၎င်း၏ အဖွဲ့ဝင် အာဆီယံစီးပွားရေးလုပ်ငန်းတစ်ခု ကိုယ်စား တိုင်ကြားချက် ဖွင့်ခြင်း ဖြစ်ပြီး ကျိုးကြောင်းခိုင်လုံစွာ (ဆိုလိုသည်မှာ ပြီးပြည့်စုံပြီး ASSIST ၏ သတ်မှတ်ဘောင်အတွင်းကျရောက်ခြင်း) စွဲချက်တင်ထားသောကြောင့် ASSIST ၏ဗဟို အုပ်ချုပ်ရေးမှူးမှ လက်ခံခဲ့ပြီး ရည်ညွှန်းတိုင်ကြားခံနိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံမှ ပယ်ချခဲ့ခြင်းဖြစ်သည်။

ပယ်ချခြင်းအတွက်အကြောင်းပြချက်

တိုင်ကြားချက်ကို ရည်ညွှန်းတိုင်ကြားခံနိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံမှပယ်ချခဲ့သည့်အကြောင်းမှာ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့အစည်း (WTO) ထံသို့ ရည်ညွှန်းတိုင်ကြားခံနိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံရှိသည့် နိုင်ငံအပေါ် တိုင်တန်းသည့် အလားတူ အငြင်းပွားမှုကိစ္စရပ်ကို တိုင်ကြားချက်တင်သွင်းလာသည့် အာဆီယံစီးပွားရေး လုပ်ငန်း၏ မှတ်ပုံတင်ထားသော နိုင်ငံမှ တရားစွဲဆိုထားပြီးဖြစ်သောကြောင့်ဖြစ်သည်။ ယင်းသည် တိုင်ကြားချက်ကို ASSIST သတ်မှတ်ဘောင်ပြင်ပသို့ရောက်စေပြီး ရည်ညွှန်းတိုင်ကြားခံနိုင်ငံ ဆက်သွယ်ရေး တာဝန်ခံ၏ ပယ်ချရန် လုပ်ပိုင်ခွင့်ရှိပါသည်။ အရှုံးအနိုင်ပေါ်နိုင်သည့်အခြေအနေတွင် ရည်ညွှန်း တိုင်ကြားခံရသော နိုင်ငံမှပယ်ချခဲ့ခြင်းသည် ASSIST စနစ် အတွင်းရှိ ASEAN အဖွဲ့ဝင်နိုင်ငံများ၏ လွတ်လပ်သောအချုပ်အချာ အာဏာ အတွင်း ကျရောက်နေပြီး လုံလောက် သော အကြောင်းပြချက်ကို တွန်းအားပေး ဖြစ်ပေါ် စေသောကြောင့်ဖြစ်သည်။

ဖြစ်ရပ် ၃ :

တိုင်ကြားချက်သည် အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းမှ ၎င်း၏ အမှုသည် အာဆီယံစီးပွားရေးလုပ်ငန်း ကိုယ်စား ဖွင့်သော တိုင်ချက်တစ်ခုဖြစ်ပြီး ကျိုးကြောင်းခိုင်လုံစွာ (ဆိုလိုသည်မှာ ပြီးပြည့်စုံပြီး ASSIST ၏ သတ်မှတ်ဘောင် အတွင်းကျရောက်ခြင်း) စွဲချက်တင်ထားသောကြောင့် ဗဟို အုပ်ချုပ်ရေးမှူးမှ လက်ခံခဲ့ပြီး ရည်ညွှန်းတိုင်ကြားခံရသည့် နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံမှ လက်ခံခဲ့ပြီး အဆိုပြုခဲ့သောဖြေရှင်းချက်ကို အာဆီယံစီးပွားရေးလုပ်ငန်းမှလက်ခံခဲ့သော ဖြစ်ရပ်ဖြစ်သည်။

လက်ခံခြင်းအတွက် အကြောင်းပြချက်

ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံသည် ASSISTမှတဆင့် အာဆီယံရှေ့နေနှင့် ထိပ်တိုက်ဆွေးနွေးရန် ဆန္ဒရှိကြောင်းလက်ခံခဲ့သည့် တိုင်ကြားချက်ဖြစ်ပြီး၊ ပြည်တွင်း သက်ဆိုင်ရာ အမျိုးသား အာဏာပိုင် များနှင့် ဆက်သွယ်ဆောင်ရွက်ကာ အာဆီယံရှေ့နေသို့ ASSIST မှ တဆင့် အဖြေကိုပံ့ပိုးပေးပါသည်။

အရှုံးအနိုင်ပေါ်နိုင်သည့်အခြေအနေတွင် အိမ်ရှင်နိုင်ငံမှ စိတ်ဝင်တစား တက်ကြွစွာပါဝင်ခြင်းမရှိပေ။ သို့သော် ASSIST၏ လုပ်ထုံး လုပ်နည်းများထဲမှ အာဆီယံရှေ့နေထံမှ ထပ်ဆောင်း သတင်းအချက်အလက်များကို ဗဟိုအုပ်ချုပ်ရေးမှူးမှ ကနဦးတောင်းခံခြင်းများ အပါအဝင် အခြားဖြစ်နိုင်ခြေအဆင့်များအားလုံးသည် ASSIST မှ ရှေ့ဆက်မည့် အပြည့်အဝသုံးသပ်ခြင်းကို ရည်ရွယ်သည့် အသွင်တူ ပြုလုပ်ခြင်းကို ဖြစ်စေပါသည်။

ဖြစ်ရပ် ၄:

တိုင်ကြားချက်သည် အာဆီယံစီးပွားရေးလုပ်ငန်းမှ ဖွင့်သော တိုင်ချက်တစ်ခုဖြစ်ပြီး ကျူးကြော်းခိုင်လုံစွာ (ဆိုလိုသည်မှာ ပြီးပြည့်စုံပြီး ASSIST ၏ သတ်မှတ်ဘောင်အတွင်းကျရောက်ခြင်း) စွဲချက်တင်ထားသောကြောင့် ဗဟို အုပ်ချုပ်ရေးမှူးမှ လက်ခံခဲ့ပြီး ရည်ညွှန်းတိုင်ကြားခံရသည့် နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံမှ လက်ခံခဲ့ပြီး အဆိုပြုခဲ့သောဖြေရှင်းချက်ကို အာဆီယံစီးပွားရေးလုပ်ငန်းမှ လက်ခံခဲ့သော ဖြစ်ရပ်ဖြစ်သည်။

လက်ခံခြင်းအတွက် အကြောင်းပြချက်

ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံသည် ASSISTမှတဆင့် သီးသန့် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံစီးပွားရေးလုပ်ငန်းနှင့် ထိပ်တိုက်ဆွေးနွေးရန် ဆန္ဒရှိကြောင်းလက်ခံခဲ့သည့် တိုင်ကြားချက်ဖြစ်ပြီး၊ ပြည်တွင်း သက်ဆိုင်ရာ အမျိုးသား အာဏာပိုင် များနှင့် ဆက်သွယ်ဆောင်ရွက်ကာ အာဆီယံရှေ့နေသို့ ASSIST မှ တဆင့် အဖြေကိုပံ့ပိုးပေးပါသည်။

အရှုံးအနိုင်ပေါ်နိုင်သည့်အခြေအနေတွင် ဝန်ဆောင် မှုဆိုင်ရာသဘောတူညီချက် အာဆီယံမူဘောင်(AFAS) နှင့် ဝန်ဆောင်မှုဆိုင်ရာ အထွေထွေသဘောတူညီချက် (GATS)တို့တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသော နိုင်ငံတကာ ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်ရေး၏ နည်းလမ်း ၁ (သို့မဟုတ် နယ်စပ် ဖြတ်ကျော် ပေးပို့ရောင်းချခြင်း ဟုဆိုသော)၊ အလားတူဖြစ်ရပ်မျိုးတွင် နိုင်ငံတစ်နိုင်ငံ၏ နယ်မြေမှ အခြားနိုင်ငံတစ်ခု၏ နယ်မြေအတွင်းသို့ ဝန်ဆောင်မှုတစ်ခုကို ပေးပို့ရောင်းချ ခြင်း သို့မဟုတ် တစ်နည်းအားဖြင့် ကုန်သွယ်မှုဆိုင်ရာ ဖြစ်ရပ်များအားလုံး အတွက် ဝန်ဆောင်မှုသည် နယ်စပ်ကို ဖြတ်ကျော်သွားသည့် အခြေအနေမျိုးကို ထင်ဟပ်ပြသရန် ဖွဲ့စည်းတည်ရှိနေပါသည်။

ဖြစ်ရပ် ၅ :

တိုင်ကြားချက်သည် အာဆီယံစီးပွားရေးလုပ်ငန်းတစ်ခုမှ (၎င်းလက်ခွဲကုမ္ပဏီ၏ မိခင်ကုမ္ပဏီ) ဖွင့်ခဲ့သော တိုင်ချက်ဖြစ်ပြီး ဗဟိုအုပ်ချုပ်ရေးမှူးမှလက်ခံခဲ့သော ကျူးကြော်းခိုင်လုံစွာ (ဆိုလိုသည်မှာ ပြီးပြည့်စုံပြီး ASSIST ၏ သတ်မှတ်ဘောင်အတွင်းကျရောက်ခြင်း) စွဲချက်တင်ထားသောကြောင့် ဗဟို အုပ်ချုပ်ရေးမှူးမှ လက်ခံခဲ့ပြီး ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံမှ ပယ်ချခဲ့သော ဖြစ်ရပ်ဖြစ်သည်။

ပယ်ချခြင်းအတွက်အကြောင်းပြချက်

ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံမှ ပယ်ချခဲ့ခြင်းမှာ ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံသည် သက်ဆိုင်ရာအာဆီယံကတိကဝတ်များကို လိုက်နာနေပြီး အာဆီယံစီးပွားရေး လုပ်ငန်းမှ သက်သေအထောက်အထားမရှိသည့် စွပ်စွဲချက်သည် ကျူးကြော်းခိုင်လုံမှု မရှိကြောင်း ၎င်းသည် တွေ့ရှိခဲ့သောကြောင့်ဖြစ်သည်။ အရှုံးအနိုင်ပေါ်နိုင်သည့်အခြေအနေတွင် ဝန်ဆောင်မှုဆိုင်ရာ သဘောတူညီချက် အာဆီယံမူဘောင် (AFAS) နှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေ သဘောတူညီချက် (GATS) တို့တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသော ဝန်ဆောင်မှုများဆိုင်ရာကုန်သွယ်ရေး၏ နည်းလမ်း (၃) (နိုင်ငံရပ်ခြားတွင်ရုံးခွဲ/ လက်ခွဲရှိခြင်း) ၊ အလားတူဖြစ်ရပ်မျိုးတွင် အခြားမည်သည့်နိုင်ငံတစ်ခုခု၏ နယ်မြေအတွင်းရှိ ရုံးခွဲ/ လက်အောက်ခံခွဲမှတစ်ဆင့် နိုင်ငံတစ်ခု၏ ဝန်ဆောင်မှုကို ပံ့ပိုးရောင်းချသူအဖြစ် ကျရောက်နေသောကြောင့် ဖြစ်သည်။

ဤဖြစ်ရပ်သည် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံတွင်ရှိသော ၎င်းလက်ခွဲကုမ္ပဏီ၏ မိခင်ကုမ္ပဏီ ကိစ္စအဖြစ် ကိစ္စရပ်ရေးရာဖြစ်ပေါ်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ သို့မဟုတ် DCP တည်ရှိနေသောနေရာရှိ ထိုနေရာသည် အမှန်တကယ် ပြဿနာ သို့မဟုတ် မကျေနပ်ချက် ရှိနေသည့် နေရာဖြစ်သည်။

ဖြစ်ရပ် ၁:

ဗဟိုအုပ်ချုပ်ရေးမှူးမှ ပယ်ချလိုက်သည့် တိုင်ကြားချက်

တိုင်ကြားသူ

ဦးအလွန်စိတ်ပျက် သည် *Blue Sapphire Consulting Group* (အာဆီယံစီးပွားရေးလုပ်ငန်း) ၏ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်ပြီး

စီးပွားရေးဘာသာရပ်ဖြင့် ဘွဲ့ရထားသူတစ်ယောက်ဖြစ်ပါသည်။ သူသည် AMS-Y (ရည်ညွှန်းတိုင်ကြားသည့်နိုင်ငံ) ရှိ အတိုင်ပင်ခံလုပ်ငန်းတစ်ခုမှ အလုပ်ကမ်းလှမ်းခြင်းခံထားရသူဖြစ်ပြီး ဖန္ဒမ်ပင် သို့ပြောင်းရွှေ့ပြီး အပြီးနေထိုင်ရန်ရည်ရွယ်ထားပါသည်။

တိုင်ကြားမှုအသေးစိတ်များ

ကမ္ဘောဒီးယားနိုင်ငံကုမ္ပဏီသည် ဦးစိတ်ပျက်၏ အလုပ်လုပ်ခွင့်ပါမစ်ကို ရရှိရန် အချိန်တစ်လခန့်ကြာမည်ဟု ရည်ညွှန်းပြောဆိုခဲ့ပါသည်။ သို့သော်လည်း လုပ်ထုံးလုပ်နည်းသည် အချိန်ပိုယူခဲ့ပြီး AMS-Yရှိ အစိုးရမှ ပါမစ်အကိုထုတ်မပေးဘဲထားသည်မှာယခုဆိုလျှင်အချိန် ၃ လခန့်ရှိခဲ့ပြီးဖြစ်သည်။ ယင်းသည် ဦးစိတ်ပျက်၏ အလုပ်ရမည့်အခွင့်အရေးကို ထိခိုက်စေပါသည်။ ဦးစိတ်ပျက်သည် ၎င်း၏ ကုမ္ပဏီသည် AMS-X တွင်ရှိနေသော်လည်း အလုပ်လုပ်ကိုင်ခွင့်ပါမစ်ကို ထုတ်ပေးရန်နှောင့်နှေးနေခြင်းအတွက် ကမ္ဘောဒီးယားအစိုးရအပေါ် ASSIST တိုင်ချက်ကို ဖွင့်လိုပါသည်။ ဦးစိတ်ပျက်၏တိုင်ချက်အခြေခံမှာ အာဆီယံဒေသအတွင်း ကျွမ်းကျင် လုပ်သားများအား လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာ မှုကို ခွင့်ပြုထားသည့် ပင်ကိုယ်လူပုဂ္ဂိုလ်များ၏ ရွှေ့လျားသွားလာမှုဆိုင်ရာ အာဆီယံသဘော တူညီချက်နှင့် ဝန်ဆောင်မှုတို့ဆိုင်ရာ အာဆီယံသဘောတူညီချက် မူဘောင်ကို (AFAS)အခြေခံထားပါသည်။

ASSIST ဗဟိုအုပ်ချုပ်ရေးမှူးမှ သုံးသပ်ချက်

ASSIST ၏ ဗဟိုအုပ်ချုပ်ရေးမှူးမှ (ဆိုလိုသည်မှာ အာဆီယံအတွင်းရေးမှူးချုပ်ရုံး) သုံးသပ်ပြီး ၎င်းကို ပယ်ချလိုက်သည်။ ဤဖြစ်ရပ်သည် ကုမ္ပဏီတစ်ခု၏ ပြဿနာအစား လူတစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေးပြဿနာ အဖြစ် ပြသနေပြီး ထို့ကြောင့် ပင်ကိုယ်လူပုဂ္ဂိုလ်များ၏ ရွှေ့လျားသွားလာမှုဆိုင်ရာ အာဆီယံသဘော တူညီချက်၊ ပုဒ်မ ၂.၂ တွင်ဖော်ပြထားသည့် စီမံချက်ဖြစ်သည့် ပင်ကိုယ်လူပုဂ္ဂိုလ်များ ရအခြားသောအာဆီယံအဖွဲ့ဝင် နိုင်ငံ၏ အလုပ်ဈေးကွက်ကို လက်လှမ်းမှီနိုင်ရေးရှာဖွေမှုကို သက်ရောက်ခြင်းမရှိသလို နိုင်ငံသား၊ နေထိုင်ခွင့်၊ သို့မဟုတ် ရာသက်ပန် အလုပ်ထမ်းဆောင်ခြင်း စီမံဆောင်ရွက်ချက်အပေါ်လည်းအကျုံးမဝင်ပါ။

ASSIST သည် *ASEAN စီးပွားရေးလုပ်ငန်းများမှ(ဥပမာ - မှန်မှန်ကန်ကန်စာရင်းသွင်းမှတ်ပုံတင်ထားသော တရားဝင်* သီးခြားရပ်တည်နေသောအဖွဲ့များ*၊ ပင်ကိုယ်လူပုဂ္ဂိုလ်များမဟုတ်သော) အစရှိုးထားသော တိုင်ကြားချက်များအတွက် အသုံးပြုနိုင်ပြီး ASEAN အဖွဲ့ဝင်နိုင်ငံ နှင့် မူလလူပုဂ္ဂိုလ်အကြား အပြန်အလှန်တုံ့ပြန်ဖလှယ်မှုကို ရည်ညွှန်းသော ကိစ္စရပ်အား* ကိုင်တွယ် *ဖြေရှင်းရန်* တရားဝင်သီးခြားရပ်တည် နေသောအဖွဲ့ *(ဥပမာ- AE) ကို လုပ်ယူဖန်တီးအသုံးပြုခြင်းသည် ASSIST ၏ အကျုံးဝင်မှု နယ်ပယ်ဘောင်ကို ချဲ့ထွင်လာစေဖို့ လုံလောက်မှုမရှိပါ။*

အရှုံးအနိုင်ပေါ်နိုင်သည့်အခြေအနေတွင် ဦးစိတ်ပျက်သည် AMS-Y ၏ ပြည်ထဲရေးဝန်ကြီးဌာန နှင့်/သို့မဟုတ် အလုပ်သမားဝန်ကြီးဌာနတို့နှင့်တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်သင့်ပါသည်။ ASSIST သည် အသုံးပြုနိုင်သည့် ယန္တရားမဟုတ်ပါ။

ရလဒ်

ပယ်ချမှုသည် ကျိုးကြောင်းခိုင်လုံပြီး လုံလောက်သောတရားမျှတမှုအဖြစ်ထွက်ပေါ်လာပါသည်။ ASSIST သည် ဤလုပ်ငန်းစဉ်ကို မည်သည့် တိုင်ကြားချက်မှ စွဲတင်ထားခဲ့ဖူးခြင်းမရှိသကဲ့သို့ ယူဆမည် ဖြစ်သည်။

ဖြစ်ရပ် ၂:

အာဆီယံ အခြေစိုက် ကုန်သွယ်ရေးအသင်းအဖွဲ့ မှ တိုင်ချက်ဖွင့်ခြင်းနှင့် ရည်ညွှန်းတိုင်ကြားခံရသည့် နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံမှ ပယ်ချခြင်း

တိုင်ကြားသူ

အာဆီယံစီးပွားရေးလုပ်ငန်းသည် AMS-X တွင် မှတ်ပုံတင်ထားသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ အာဆီယံဆေးရွက်ကြီးနှင့်ဆက်စပ်ပစ္စည်းများကုန်သွယ်ရေးအသင်း၊ အာဆီယံအခြေစိုက် ကုန်သွယ်ရေး အသင်းသည် AMS-X မှ AMS-Y သို့ စီးကရက်တင်ပို့ရာတွင် သက်ရောက်နေသော AMS-Y ၏ ဘဏ္ဍာရေးနှင့် အကောက်ခွန်စီမံဆောင်ရွက်ချက်များနှင့် ပတ်သက်၍ AMS-Y (ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံ) အား ASSIST တိုင်ချက်တစ်ခု ကို အာဆီယံစီးပွားရေးလုပ်ငန်းကိုယ်စား ဖွင့်ပါသည်။

တိုင်ချက်အသေးစိတ်

အဆိုပါစီမံဆောင်ရွက်ချက်များတွင် AMS-Y မှ အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်း အလေ့အထများ၊ ယစ်မျိုးခွန်၊ ကျန်းမာရေးခွန်၊ VAT စနစ်၊ လက်လီလိုင်စင်လိုအပ်ချက်များနှင့် စီးကရက်တင်သွင်းသူများကို စည်းကြပ်သော သွင်းကုန်အာမခံတို့ပါဝင်သည်။ AMS-Y သည် ထိုစီမံဆောင်ရွက်ချက်များအား တစ်စိတ်တစ်ပိုင်း နှင့် မသင့်လျော်သော အပြုအမူဖြင့် စီမံနေပြီး ထိုနည်းဖြင့် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့အစည်း၏ သဘောတူညီချက် ဖြစ်သော အကောက်ခွန် တန်ဖိုးဖြတ်ခြင်း၏ အလားတူစကားရပ်ဖြင့် အာဆီယံဆဲတွင် ထည့်သွင်း ထားသော အာဆီယံကုန်စည်ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက် (ATIGA) ၏ ပုဒ်မ ၅၇ ကို ချိုးဖောက်နေပါသည်။ AMS-Y သည် အခွန်တန်ဖိုးသတ်မှတ်ရာတွင် အရောင်းအဝယ်စာချုပ်ပါတန်ဖိုးကို မူလအခြေခံအဖြစ်အသုံးမပြုဘဲ ATIGA ၏ Article 57 တွင် ပြဋ္ဌာန်းထားသော အခွန်တန်ဖိုးသတ်မှတ်ခြင်း အစီအစဉ်ကို လိုက်နာရန်ပျက်ကွက်ပြီး ၎င်းအစားသဘောတူညီချက်တွင် အခြေခံမထားသော တန်ဖိုးသတ်မှတ်ခြင်းနည်းလမ်းကို အသုံးပြုသည်။

ထို့အပြင် AMS-Y၏ နှစ်မျိုးအသုံးပြုနိုင်သောလိုင်စင်စနစ်တွင် စီးကရက်လက်လီရောင်းချသူများသည် ပြည်တွင်း ရောင်းချရန်နှင့် တင်သွင်းသော စီးကရက်များကိုရောင်းချရန် မတူညီသောသီးခြားလိုင်စင်များကိုင်ထားရန် လိုအပ်ခြင်းသည် အကောက်ခွန်နှင့် ကုန်သွယ်ရေးဆိုင်ရာ အထွေထွေသဘောတူညီချက် (GATT) 1994 ၏ ပုဒ်မ ၃ ပါအချက်အားထည့်သွင်းထားသော ATIGA ၏ Article 6 နှင့် တစ်သမတ်တည်းမကျဘဲ

သွင်းကုန်ပစ္စည်းများအား အလေးထားလက်ခံရမည့်အစား ပြည်တွင်းအလားတူကုန်စည်များကိုသာ အလေးထားသောကြောင့်ဖြစ်သည်။

ASSIST ၏ဗဟိုအုပ်ချုပ်ရေးမှူးမှ သုံးသပ်ခြင်း

တိုင်ချက်သည် ကျိုးကြောင်းခိုင်လုံစွာစွဲချက်တင်ထားပြီး ASSIST ၏ ဗဟိုအုပ်ချုပ်ရေးမှူးမှ-ASEAN အတွင်းရေးမှူးချုပ်ရုံး ခွင့်ပြုထားသည်။ ဗဟိုအုပ်ချုပ်ရေးမှူးမှ တိုင်ကြားချက်အသေးစိတ်ကို ရည်ညွှန်းတိုင်ကြားခံနိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံ(AMS-Y) နှင့် အိမ်ရှင်နိုင်ငံ ဆက်သွယ်ရေးတာဝန်ခံ (AMS-X) ထံသို့ ဆက်လက်ပေးပို့ပါသည်။

ရည်ညွှန်းတိုင်ကြားခံနိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံမှသုံးသပ်ခြင်းနှင့်ဆုံးဖြတ်ခြင်း

ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံ (AMS-Y) သည် တိုင်ကြားချက်ကို ပယ်ချခြင်း အကြောင်းမှာ တိုင်ကြားသူ၏အမှုသည် WTO အငြင်းပွားမှုများဖြေရှင်းခြင်းယန္တရားအောက်တွင် AMS-X က AMS-Y ကိုရည်ညွှန်းတိုင်တန်း လာသောအမှုနှင့် အလားအတူပင် ဖြစ်ကြောင်း ပြန်လည်ငြင်းဆိုထားပါသည်။

အမှန်မှာ ၂၉ရက် စက်တင်ဘာလ ၂၀၀၈တွင် AMS-X သည် စီးကရက် တင်ပို့ခြင်း တွင်ကျင့်သုံးခဲ့သော AMS-Y၏ အကောက်ခွန်တန်ဖိုးဖြတ်ခြင်းနှင့် လုံးဝတူညီသော အငြင်းပွားမှုတစ်ခုကို ဖြေရှင်းရန် ဆွေးနွေးမည့် အဖွဲ့တစ်ဖွဲ့ကိုတည်ထောင်ဖို့ တောင်းဆိုခဲ့သည်။

- နိုဝင်ဘာလ၊ ၁၇ ရက်၊ ၂၀၀၈ ခုနှစ်၏အစည်းအဝေးတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၏ (WTO) အငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာအဖွဲ့ (DSB)က ဆွေးနွေးမှုအဖွဲ့တစ်ခုကိုတည်ထောင်ခဲ့ပြီး ၎င်းအစီရင်ခံစာကို နိုဝင်ဘာလ ၁၅ရက် ၂၀၁၀ ခုနှစ်တွင် အဖွဲ့ဝင်များထံဖြန့်ဝေခဲ့သည်။

- ဖေဖော်ဝါရီလ ၂၂ ရက် ၂၀၁၁ ခုနှစ် တွင် AMS-Y သည် ၎င်းဆုံးဖြတ်ချက်ကို အယူခံဝင်အဖွဲ့ထံသို့ အယူခံဝင်ရန် ဆွေးနွေးပွဲအစီရင်ခံစာတွင် ပါဝင်သော ဥပဒေနှင့် ဥပဒေဆိုင်ရာရှင်းလင်းခြင်းများကို အငြင်းပွားမှုဖြေရှင်းခြင်း အဖွဲ့ထံသို့ (DSB) သို့အကြောင်းကြားခဲ့သည်။

- ဇွန်လ ၁၇ရက် ၂၀၁၁ခုနှစ်တွင် အယူခံအဖွဲ့အစီရင်ခံစာကို အဖွဲ့ဝင်များသို့ဖြန့်ဝေပြီး ဇူလိုင်လ ၁၅ရက် ၂၀၁၁ခုနှစ်၏ ဆွေးနွေးပွဲတွင် အယူခံအဖွဲ့အစီရင်ခံစာတွင် ပြုပြင်ခဲ့သည့်အတိုင်း DSB သည် အယူခံအဖွဲ့ အစီရင်ခံစာနှင့် ဆွေးနွေးပွဲအစီရင်ခံစာကို သဘောတူလက်ခံခဲ့သည်။

- ဇန်နဝါရီလ ၂၈ရက် ၂၀၁၃ခုနှစ်တွင် DSB ဆွေးနွေးပွဲ၌ AMS-Y သည် အကောင်အထည်ဖော်ရေးဖြစ်စဉ်တွင် နောက်ဆုံး ကျန်ရှိနေသော အဆင့်များအားပြီးမြောက်ခဲ့ကြောင်း အစီရင်ခံခဲ့သည်။

- သို့သော် AMS-X မှ AMS-Yသည် DSB ၏ထောက်ခံချက်များနှင့် စည်းကမ်းများကို ပြည့်ဝစွာ အကောင်အထည် ဖော်ခဲ့သည်ဟု မယူဆခဲ့ပါ။ ဖေဖော်ဝါရီလ ၂၇ရက် ၂၀၁၃ခုနှစ်၏ DSB ဆွေးနွေးပွဲတွင် AMS-X သည် WTO ၏ကျန်ရှိနေသော မတူညီကွဲလွဲမှုများကို ဖြေရှင်းခြင်းဖြစ်စဉ်ကို အကြောင်းကြားထားခြင်းမရှိကြောင်းအပေါ် စိုးရိမ် ပူပန်မှုကို ဖော်ပြပြီး ၎င်းမှသင့်တော်သောအဆင့်များ မကြာမီလုပ်ဆောင်မည်ဖြစ်ကြောင်း ထပ်မံဖြည့်စွက်ခဲ့သည်။

- ဇွန်လ ၁၈ရက် ၂၀၁၄ခုနှစ် DSB ဆွေးနွေးပွဲတွင် AMS-Y က DSB ၏ထောက်ခံချက်များနှင့် စည်းကမ်းများကို အကောင်အထည်ဖော်ရန် နောက်ထပ်အရေးယူဆောင်ရွက်မှုများ မလိုအပ်တော့ကြောင်း အစီရင်ခံခဲ့သည်။ AMS-X ကသဘောမတူပဲ AMS-Y သည် လိုက်နာရန် ပျက်ကွက်သည်ဟုထင်မြင်ခဲ့သည်။

AMS-X နှင့် AMS-Y ကြား WTO အငြင်းပွားမှုသည် အမှန်တကယ်ဖြေရှင်းခြင်း၊ မရှင်းခြင်းနှင့်ပတ်သက်၍ သဘောတူညီမှုတစ်ခုမှ မရရှိခဲ့သော်လည်း ASSIST တွင် တိုင်ကြားချက်စွဲချက်တင်ခဲ့သော ကိစ္စတွင် AMS-Y မှ တိုင်ကြားသူက ASSIST မှတင်သွင်းလာသည့် တိုင်ကြားချက်အရ ကိုးကားခဲ့သော အာဆီယံ တာဝန်ဝတ္တရားများ အပါအဝင် WTO မူဘောင်အတွင်းတွင် မှန်ကန်စွာ တာဝန်နှင့်အညီထည့်သွင်း စဉ်းစား အရေးယူ ဆောင်ရွက်ခဲ့သော တိုင်ကြားချက်တစ်ခုဖြစ်သည်။

ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံသည် ASSIST လုပ်ငန်းစဉ်တွင် အာဆီယံအခြေစိုက် ကုန်သွယ်ရေး အသင်းထံသို့ ဖြေရှင်းချက်ကို ပေးရန် တိုက်ဆိုင်ဆွေးနွေးလိုခြင်းရှိမရှိကို ဆုံးဖြတ်ရာတွင် အချုပ် အခြာအာဏာရှိသည်။

ရလဒ်

ပယ်ချမှုသည် ကျိုးကြောင်းခိုင်လုံပြီး လုံလောက်သောတရားမျှတမှုအဖြစ်ထွက်ပေါ်လာပါသည်။ ASSIST သည် ဤလုပ်ငန်းစဉ်တွင် တိုင်ကြားချက်အားပယ်ချခဲ့ပြီး ဖြေရှင်းချက်အားပံ့ပိုးခြင်းမပြုခဲ့ပါဟုယူဆပါသည်

ဖြစ်ရပ် ၃:

အာဆီယံအသိအမှတ်ပြုရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းမှ ဖွင့်သော တိုင်ကြားစာနှင့် တိုင်ကြားမှုအတွက် ဖြေရှင်းချက်ကို အဆိုပြုပြီး လက်ခံခဲ့ခြင်း

တိုင်ကြားသူ

ARISE နှင့် မိတ်ဖက်များ (အာဆီယံစီးပွားရေးလုပ်ငန်း) သည် AMS-X တွင် မှန်ကန်စွာမှန်ပုံတင်ထားသော ဥပဒေအကျိုးဆောင်လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ASSIST အောက်တွင် ယင်းသည် ၎င်း၏အမှုသည် AMS-X တွင် မှန်ကန်စွာ မှန်ပုံတင်ထားသော ကုမ္ပဏီကိုယ်စား AMS-Y ရှိ (တိုင်ကြားခံရသည့် ဆက်သွယ်ရေးတာဝန်ခံ သို့မဟုတ် DCP)၏ ၎င်း ကျန်းမာရေး ဝန်ကြီးဌာန၏ အစားအသောက်ဆိုင်ရာ ၂၀၁၅ စည်းမျဉ်းဥပဒေ၏ အခန်း ၁၀၀၀၊ ပုဒ်မ ၁၀၀ အောက်ရှိ စားအုန်းဆီနှင့် စားအုံးဆီပါဝင်သော စားသောက်ကုန်များ အပေါ်စည်းကြပ်သော ယစ်မျိုးခွန် အသစ်နှင့်ဆက်စပ်နေသည့် တိုင်ကြားချက်ကို ဖွင့်ခဲ့ပါသည်။

တိုင်ကြားချက် အသေးစိတ်

ဤစီမံချက်သည် AMS-Y မှ ကျင့်သုံးသော သကြားဓာတ်နှင့် ပြည့်ဝဆီခြင့်မားသော အစားအစာများပေါ်တွင် အခွန်သတ်မှတ်ခြင်းသည် စက်ံပူရှိ မြင့်တက်လာသောအဝလွန်ခြင်းပြဿနာကို ကိုင်တွယ်နိုင်ရန် မိတ်ဆက်ပေးသည့် နည်းဗျူဟာအစိတ်အပိုင်းတခုဖြစ်သည်။

ARISE နှင့် မိတ်ဖက်များသည် ခိုင်မာစွာပြောဆိုသည်မှာ AMS-Y၏ စီမံဆောင်ရွက်ချက်သည် စားအုန်းဆီကိုသာ သီးခြား ပစ်မှတ်ထား နေပြီး စားအုန်းဆီ၏အစိတ်အပိုင်းဖြစ်သည့် ပြည့်ဝဆီ၊ စားအုန်းဆီပါဝင်သော စားသောက် ကုန်များသာမက၊ ဟင်းသီးဟင်းရွက် သို့မဟုတ် တိရစ္ဆာန်မှရသောအဆီများဖြစ်သည့် ပြည့်ဝ ဆီများပါဝင်သော ကုန်ပစ္စည်းများကို လွန်ကြူးစွာစားသောက်ခြင်းကို ဟန့်တားရမည့်အစား ထုတ်ကုန်တစ်ခုလုံး ကိုယ်စားပြု အနေဖြင့် စားအုန်းဆီအပေါ် ခွဲခြားသတ်မှတ်ခြင်းဖြစ်သည်။

ARISE နှင့် မိတ်ဖက်များသည် ASSIST ရှိ၎င်းတို့၏တိုင်ကြားချက်ထဲ ခိုင်မာစွာပြောဆိုထားသည်မှာ AMS-Y မှလက်ခံကျင့်သုံးနေသောစီမံချက်သည် အာဆီယံကုန်စည် ကုန်သွယ်ရေးဆိုင်ရာသဘောတူညီချက် (**ATIGA)** (ပြည်တွင်းအခွန်အကောက်နှင့် စည်းမျဉ်းဥပဒေဆိုင်ရာ နိုင်ငံသားများခံစားခွင့်အပေါ်) နှင့် ဆန့်ကျင်နေပြီး စားအုန်းဆီတစ်ခုလုံးအပေါ် ခွဲခြားသတ်မှတ်ခြင်းရှိသော်လည်း တိုင်ကြားခံရသည့် နိုင်ငံမှထုတ်လုပ်သည့် သို့မဟုတ် ရောင်းချသည့် အခြားသော “အလားတူ” ကုန်ပစ္စည်း များ (ဥပမာ- ပဲပုပ်၊ နေကြာစေ့၊ မုန့်ညင်းစေ့၊ ပြောင်း၊ မြေပဲ သို့မဟုတ် တိရစ္ဆာန်အဆီတို့မှ ရသော ပြည့်ဝအဆီများ ပါဝင်သည့်စားသောက်ကုန်များ) သို့ သက်ရောက်ခြင်းမရှိကြောင်းဖော်ပြထားပါသည်။

ASSIST ၏ဗဟိုအုပ်ချုပ်ရေးမှူးမှ သုံးသပ်ခြင်း

တိုင်ကြားချက်သည် အာဆီယံအသိအမှတ်ပြုရှေ့နေမှ ကျိုးကြောင်းခိုင်လုံစွာဖြင့် စွဲချက်ထားခဲ့သော်လည်း ASSIST၏ ဗဟိုအုပ်ချုပ်ရေးမှူးသည် ထပ်ဆောင်းအချက်အလက်များကို တိုင်ကြားသူထံမှ အဆိုပြုချက်များအား သေချာစွာ ဆန်းစစ်ရန် အလို့ငှာ ထပ်မံတောင်းဆိုပြီး တိုင်ကြားချက်ကို လက်ခံပါသည်။

အထူးသဖြင့် ဗဟိုအုပ်ချုပ်ရေးမှူးသည် တိုင်ကြားချက်ကို ATIGA နှင့်ကိုက်ညီမှုမရှိသော အဆိုအရ AMS-Y စီမံဆောင်ရွက်ချက်အပေါ် အချက်အလက်များကို တွဲ၍ ပြန်လည်တင်သွင်းရန် တောင်းဆိုထားသည်။

တိုင်ကြားချက်ကို နောက်ဆက်တွဲများ နှင့် ပြန်လည်တင်သွင်းခြင်း

ARISE နှင့် မိတ်ဖက်များသည် တိုင်ကြားချက်နှင့် ကျန်းမာရေးဝန်ကြီးဌာန၏ အစားအသောက်ဆိုင်ရာ ၂၀၁၅ နည်းဥပဒေ၏ အခန်း ၁၀၀၀၊ ပုဒ်မ ၁၀၀ (အင်္ဂလိပ်ဘာသာစကားဖြင့်) မိတ္တူနှင့် AMS-Y စီမံဆောင်ရွက်ချက်သည် ခွဲခြားလုပ်ဆောင်မှုရှိကြောင်း ယူဆချက်အစိတ်အပိုင်းများ၏စွပ်စွဲချက်များကို တရားဝင် အသေးစိတ်ဖော် ပြထားချက်နှင့် တိုင်ကြားချက်ကိုလက်ခံရန်နှင့် ဖြေရှင်းချက်ကို ပံ့ပိုးရန်အလို့ငှာ ထည့်သွင်းစဉ်းစားသင့်သည့် အာဆီယံစီးပွားရေးလုပ်ငန်း၏ အကြောင်းပြချက် များကို နောက်ဆက်တွဲများ အနေဖြင့် ပြန်လည်တင်သွင်းပါသည်။

ဗဟိုအုပ်ချုပ်ရေးမှူးမှလက်ခံသည်

ပြန်လည်တင်သွင်းမှုအပေါ်အခြေခံ၍ တိုင်ကြားချက်သည် ယခုပြည့်စုံပြီး ဗဟိုအုပ်ချုပ်ရေးမှူးမှ တိုင်ကြားချက်ကို ASSIST၏ သတ်မှတ်ဘောင်အတွင်း ကျရောက်သောသကဲ့သို့ ကျိုးကြောင်းခိုင်လုံစွာ စွဲချက်တင်ထားသောကြောင့် လက်ခံလိုက်သည်။ ASSISTတရားစွဲခြင်းအစီအစဉ်သည် စတင်ပြီး တိုင်ကြားချက်သည် AMS-Y (ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံ) ထံသို့ တင်သွင်းခဲ့ပြီး AMS-X (အိမ်ရှင်နိုင်ငံ ဆက်သွယ်ရေးတာဝန်ခံ) ထံသို့မိတ္တူကိုပေးပို့ပါသည်။

ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံ မှ လက်ခံကြောင်းသဘောတူသည်

ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံ (ဆိုလိုသည်မှာ AMS-Y ၏ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန) တိုင်ကြားချက်ကို သုံးသပ်ပြီး ၎င်း၏ ပြည်တွင်း သက်ဆိုင်ရာအာဏာပိုင်များဖြစ်သည့် ဝန်ကြီးချုပ်၏ရုံး၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးမွေးမြူရေး-အစားအစာ နှင့် တိရစ္ဆာန်ဆေးကုအာဏာပိုင်၊ နှင့် AMS-Y ၏ ကျန်းမာရေးမြှင့်တင်ရေးအဖွဲ့တို့နှင့် တရားဝင်မဟုတ်ဘဲ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ကာ ဗဟိုအုပ်ချုပ်ရေးမှူးထံသို့ ၎င်းသည် တိုင်ကြားချက်ကို လက်ခံပြီး ASSIST လုပ်ထုံးလုပ်နည်းအရ တိုက်ဆိုင်ဆွေးနွေးရန်ဆန္ဒရှိကြောင်း အကြောင်းပြန်ခဲ့ပါသည်။

အဖြေကိုရှာဖွေခြင်း

DCP နှင့် RAs တို့ ကြားအတွင်းဆွေးနွေးမှုများအရ ထွက်ပေါ်လာသည်မှာ စင်စစ် AMS-Y မှလက်ခံကျင့်သုံးနေသည့် စီမံချက်သည် သကြားနှင့် ပြည့်ဝဆီ ကြွယ်ဝသည့် အမျိုးမျိုးသောအစားအစာများကို ယစ်မျိုးခွန်ကိုတိုး၍ စည်းကြပ်ခြင်းသည် AMS-Y ၏ မဟာဗျူဟာအရ ၎င်း၏နိုင်ငံသားများအကြား မြင့်တက်လာသည့် အဝလွန် ပြဿနာကို ဖြေရှင်းရန်အတွက် အန္တရာယ်ရှိသည်ဟု ယူဆရသော ပစ္စည်းများကို လွန်ကဲစွာစားသုံးခြင်းအား ဟန့်တားရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ဤအချက်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ကူးစက်ပျံနှံခြင်းမရှိသောရောဂါများ ဆီးချိုရောဂါနှင့် အဝလွန်ရောဂါ စသဖြင့်အား ကာကွယ်ခြင်းနှင့်ထိန်းချုပ်ခြင်း ၂၀၁၃-၂၀၂၀ ဆိုင်ရာ

ကမ္ဘာလုံးဆိုင်ရာလုပ်ဆောင်မှုအစီအစဉ်အတွက်နှင့် ကမ္ဘာတစ်ဝန်းရှိ အချို့သော နိုင်ငံများ၏ အလားတူ လုပ်ဆောင်ချက်များနှင့် သဘောတရားခြင်းထပ်တူညီပါသည်။

သို့သော်ငြားလည်း AMS-Y စီမံချက်သည် ကုန်စည်အများထဲမှ တစ်ခုကိုသာ သေချာစွာရွေးချယ်ခဲ့ခြင်း (ဥပမာ - အခြားအရာများအနက် စားအုံးဆီကိုရွေးခြင်း) နှင့် အာဟာရနှင့် ကျန်းမာရေးမူဝါဒရှုထောင့်မှ (လွန်ကဲစွာ စားသုံးပါက) အစိုးရမှ အန္တရာယ်ရှိသည်ဟုယူဆထားသောပစ္စည်းများ (ဥပမာ-ပြည့်ဝဆီများ) ကို "ကြားနေ ဟန်ပုံစံ" ဖြင့် ပစ်မှတ်ထားခဲ့ခြင်းမရှိခဲ့ပါ။

ထို့ကြောင့် AMS-Y ၏ RA နှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် DCP သည် ကျန်းမာရေးဝန်ကြီးဌာန၏ အစားအစာ နည်းဥပဒေ ၂၀၁၅၊ အခန်း ၁၀၀၊ အပိုင်း ၁၀၀၊ ဟင်းသီးဟင်းရွက်နှင့် တိရိစ္ဆာန်မှထွက်သော မည်သည့် အဆီများ မဆို ပြည့်ဝဆီများပါဝင်သည့် ကုန်ပစ္စည်းများကိုသာအကျိုးသက်ရောက်စေသော တိကျသော ကုန်စည်များအား ကိုးကားဖော်ပြချက်တစ်ခုခုကို ပယ်ဖျက်ရန် ၎င်း၏ ဆိုင်းငံ့နေသော ပြင်ဆင်ချက် ပါဝင်သော စီမံချက်ကို ချက်ခြင်း ဆိုင်းငံ့ထားရန် အဆိုပြုထားပါသည်။ စက်ဘူနိုင်ငံမှ မှ ၎င်း၏ စီမံချက်သည် ဥပဒေအရ သို့မဟုတ် တရားဝင်လုပ်ဆောင်နေသော မည်သည့် ခွဲခြား သတ်မှတ်ခြင်းကိုမဆို သက်ရောက်မှု သို့မဟုတ် ရည်ရွယ် ထားခြင်း၊ သိပ္ပံနည်းအရ ခိုင်လုံသော ဖြစ်တည်မှုနှင့် ၎င်း၏ ကျန်းမာရေးကို အကာအကွယ်ပေးရေး ရည်ရွယ်ချက် နှင့် ပြည့်ဝဆီများပါဝင်သည့် "အလားတူ" ကုန်စည်များ အားလုံးအပေါ် အကျိုးသက်ရောက်နေခြင်းကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် မည်သည့်အခါမျှ ရည်ရွယ်ထားခြင်းမရှိကြောင်း မီးမောင်းထိုးပြထားပါသည်။

ဖြေရှင်းချက်အားအဆိုပြုခြင်းနှင့်လက်ခံခြင်း

ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံသည် အဆိုပြုထားသည့်ဖြေရှင်းချက်ကို ဗဟို အုပ်ချုပ်ရေးမှူးထံသို့ ဆက်သွယ်ပြောကြားကာ တစ်ပြန်လှည့် သက်ဆိုင်ရာအာဏာပိုင်များနှင့် အိမ်ရှင် ဆက်သွယ်ရေးတာဝန်ခံထံသို့ ASSIST မှတစ်ဆင့်အကြောင်းကြားပါသည်။

အဆိုပြုထားသည့်ဖြေရှင်းချက်ကို သုံးသပ်ပြီးသောအခါ ARISE နှင့်မိတ်ဖက်များသည် ဗဟိုအုပ်ချုပ်ရေးမှူးထံသို့ ASSIST မှတဆင့် အဆိုပြုထားသောဖြေရှင်းချက်အပေါ် ၎င်း၏ စိတ်ကျေနပ်မှုကို ဖော်ပြပြီး ပြန်ကြားခဲ့ကာ ထိုမှတဆင့် ယင်းကိုလက်ခံခဲ့ပါသည်။

ASSIT သည် ဤလုပ်ထုံးလုပ်နည်းကို တိုင်ကြားတစ်ခုသည် လက်ခံခြင်းရှိခဲ့ပြီး ရည်ညွှန်းတိုင်ကြား ခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံမှ ဖြေရှင်းချက်ကို ပံ့ပိုးပေးခဲ့ပြီး တိုင်ကြားသူမှလက်ခံခဲ့သည်ဟု ယူဆ လိမ့်မည်ဖြစ်သည်။

ဖြစ်ရပ် ၄:

အာဆီယံစီးပွားလုပ်ငန်းမှ ဖွင့်သော တိုင်ကြားစာနှင့် တိုင်ကြားမှုအတွက် ဖြေရှင်းချက်ကို အဆိုပြုပြီး လက်ခံခဲ့ခြင်း

တိုင်ကြားသူ

အာဆီယံစီးပွားရေးလုပ်ငန်း Star 88 ကုမ္ပဏီ လိမိတက်သည် AMS-X တွင်မှန်ကန်စွာ မှတ်ပုံတင်ထားသည့် သင်္ဘောဖြင့်ကုန်စည်ပို့ဆောင်ခြင်း ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

သင်္ဘောပိုင်ရှင်တစ်ယောက်အနေဖြင့် AMS-X ရှိ သွင်းကုန်-ပို့ကုန် ကုမ္ပဏီတစ်ခုနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလကတည်းက နှစ်နှစ်ကာလသက်တမ်းရှိ သဘောတူညီချက်တစ်ခုကို ရယူခဲ့ကြပါသည်။ ယင်းသဘောတူညီချက်၏သတ်မှတ်ချက်မှာ AMS-X မှ AMS-Y ထံသို့ သံနှင့် အလူမီနံယံများ တင်ပို့ခြင်းနှင့် AMS-Y မှ AMS-X ထံသို့ ရာဘာနှင့် ချည်မျှင်များ တင်သွင်းခြင်းတို့တွင် Star 88 ကုမ္ပဏီ လိမိတက်၏ ရေယာဉ်စုကို အသုံးပြုမည်ဟု သဘောတူညီထားခြင်း ဖြစ်ပါသည်။ ဤသွင်းကုန်-ပို့ကုန်လုပ်ငန်းအား တူညီသည့် ရေယာဉ် ဖြင့် AMS-X မှ AMS-Y သို့ အသွားအပြန်ခရီးကြောင်းများတွင် အသုံးပြုရန် သဘောတူထားခဲ့ပါသည်။ ယင်း၏ရည်ရွယ်ချက်မှာ အသွားအပြန်ခရီးနှစ်ခုလုံးတွင် ကုန်အပြည့်တင်သွားခြင်းဖြင့် လောင်စာနှင့် လူအင်အား အသုံးပြုမှုနှုန်းကို ချွေတာရာရောက်စေပြီး၊ AMS-X နှင့် AMS-Y နှစ်နိုင်ငံလုံးတွင်ရှိသည့် ဖောက်သည်များအတွက် ကုန်ကျစားရိတ်သက်သာပြီး ပြိုင်ဆိုင်မှုရှိသော နယ်စပ်ဖြတ်ကျော်ကိုအခြေခံသော ဝန်ဆောင်မှုကို ပံ့ပိုးပေး နိုင်စေပါသည်။

တိုင်ကြားချက် အသေးစိတ်

ဩဂုတ်လ ၂၀၁၈ ခုနှစ်တွင် Star 88 ကုမ္ပဏီ လိမိတက်သည် AMS-Y ရှိ ကုန်သွယ်ရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် အမှတ် ၁၃ ဥပဒေဟုခေါ်သည့် ရေကြောင်းကုန်စည်ပို့ဆောင်ခြင်း ဥပဒေအသစ်ဖြစ်သည့် အမျိုးသားရေကြောင်း ပို့ဆောင်ရေးကုမ္ပဏီမှ အချို့သောကုန်စည်များကိုသာ တင်သွင်းခြင်း (သို့မဟုတ်) တင်ပို့ခြင်းအတွက်သာ သယ်ယူပို့ဆောင်ခွင့်ပြုသောပြဋ္ဌာန်းချက်ကို ထုတ်ပြန်ခဲ့ကြောင်း မကြာသေးမီက မှတ်သားခဲ့ရပါသည်။

ရည်ညွှန်းတိုင်ကြားသည့်နိုင်ငံကြား ၎င်း၏ ရေကြောင်း ဖြင့်ကုန်စည်ပို့ဆောင်ခြင်း ဝန်ဆောင်မှုကို ဟန့်တား ပိတ်ပင်သလို ဖြစ်နေပါသည်။ Star 88 ကုမ္ပဏီ လိမိတက်သည် အလွန်ပင်စိုးရိမ်ပူပန်ခဲ့ပြီး ဤရေး ဆွဲလိုက်သည့် ဥပဒေသည် အာဆီယံစီးပွားရေး အသိုက်အဝန်း(AEC)၏ သတ်မှတ်ချက်ဖြစ်သော လွတ်လပ်စွာ ကုန်သွယ်ခွင့်နှင့် ဆန့်ကျင်နေပြီး၊ သက်ဆိုင်ရာ အာဆီယံစီးပွားရေး သဘောတူညီချက်များ (ဥပမာ ဝန်ဆောင်မှုဆိုင်ရာ အာဆီယံ သဘောတူညီချက် မူဘောင် သို့မဟုတ် AFAS) အောက်ရှိ တိုင်ကြားခံရသည့်နိုင်ငံမှ လိုက်နာရမည့် ကတိကဝတ်နှင့် တာဝန်ဝတ္တရားများကို အမှန်တစ်ကယ် ဆန့်ကျင်နေသည်ဟု ယုံကြည်ထားပါသည်။

ရေကြောင်းဖြင့် ကုန်စည်ပို့ဆောင်ခြင်း ဥပဒေအသစ်တွင် ကုန်ပစ္စည်း ၄ မျိုး(ဆိုလိုသည်မှာ သံ၊ အလူမီနီယံ၊ ရာဘာနှင့် ချည်) တို့သည် သတ်မှတ်လိုက်သည့် ကုန်ပစ္စည်းများစာရင်းအကြားတွင် ပါဝင်နေသည်။ ဤဥပဒေသစ်သည် Star 88 ကုမ္ပဏီ လိမိတက်၏ လုပ်ငန်းကို သေချာပေါက် အရှုံးပေါ်စေခဲ့ပြီး အိမ်ရှင်နိုင်ငံနှင့် Star 88 ကုမ္ပဏီ လိမိတက်သည် ASSIST အောက်တွင် AMS-Y မှ ထုတ်ပြန်ထားသည့် သတ်မှတ်ချက်အရ ကုန်စည်ပို့ဆောင်ခြင်းဥပဒေသစ်နှင့်ပတ်သက်၍ တိုင်ချက်တစ်စောင်ကို ဖွင့်ခဲ့ပါသည်။ AE မှကန့်ကွက်ခဲ့သည်မှာ ဤဥပဒေအသစ်သည် ပြည်တွင်းလုပ်ငန်းများကို ပြည်ပယှဉ်ပြိုင်မှုမှ ကာကွယ်ပေးခြင်းနည်းလမ်းတစ်ခုအဖြစ် သိသိသာသာ မြင်နိုင်ပြီး၊ ယင်းသည် လွတ်လပ်စွာကုန်သွယ်မှု အခြေခံသဘောတရားများ၊ ဤဥပဒအေရ သက်ရောက်မှုရှိနေသည့် ကုန်စည်များနှင့်ဆက်နွယ်၍ နယ်စပ်ဖြတ်ကျော်ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ ပေးနေသည့် *AMS-X* နိုင်ငံ၏ ရေကြောင်းကုန်စည်ပို့ဆောင်ရေး ကုမ္ပဏီများကိုဆိုးရွားစွာ သက်ရောက်မှုများ ရှိနိုင်သော နိုင်ငံတကာပင်လယ်ရေကြောင်း ဝန်ဆောင်မှုလုပ်ငန်းများနှင့် သက်ဆိုင်သည့် ထုံးတမ်းဥပဒေများနှင့် မကိုက်ညီဘဲဖြစ်နေပါသည်။

ထို့အပြင် *AMS-Y* မှ ချမှတ်လိုက်သည့် ဤစီမံဆောင်ရွက်ချက် အသစ်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းထံသို့ *AMS-Y* မှ ပေးထားသည့် ကတိကဝတ်များကို သိသာထင်ရှားစွာ ဖောက်ဖျက်ခဲ့ခြင်းဖြစ်ပြီး၊ အာဆီယံဒေသအတွင်း နယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်သည့် ဝန်ဆောင်မှုများ ပေးနေသော နိုင်ငံခြားရေကြောင်းကုန်စည် ပို့ဆောင်ရေးကုမ္ပဏီများကို ၎င်း၏ ရေပိုင်နက်အတွင်း စွေးကွက် အခွင့်အလမ်းနှင့် နိုင်ငံသားနှင့်နိုင်ငံခြားသား တန်းတူခံစားခွင့်တွင် ကန့်သတ်ချက်များ မရှိစေဘဲ လုပ်ဆောင်စေမည်ဟု *AMS-Y* မှ ကတိခံထားသည့် *AFAS* အောက်ရှိ သက်ဆိုင်ရာကတိကဝတ်လုပ်ငန်းစဉ်ကို သိသာထင်ရှားစွာချိုးဖောက်ရာ ရောက်နေပါသည်။

ASSIST ၏ဗဟိုအုပ်ချုပ်ရေးမှူးမှ သုံးသပ်ခြင်း

ASSIST ၏ဗဟိုအုပ်ချုပ်ရေးမှူး - အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် ကနဦးသုံးသပ်ချက်ပြုလုပ်ပြီး တိုင်ကြားချက်သည် ASSIST ၏ သတ်မှတ်ဘောင်အတွင်းကျရောက်ပြီး ကျိုးကြောင်းခိုင်လုံစွာ စွဲချက်တင် ထားသောကြောင့် လက်ခံခဲ့သည်။

အာဆီယံစီးပွားရေးလုပ်ငန်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအတွင်းတွင် မှတ်ပုံတင်ထားသော စီးပွားရေးလုပ်ငန်း တစ်ခုဖြစ်ကြောင်း သက်သေပြရန်အလို့ငှာ ၎င်း၏ ကုမ္ပဏီမှတ်ပုံအမှတ်နှင့် ကုမ္ပဏီ/လုပ်ငန်း မှတ်ပုံတင်၏ အီလက်ထရွန်နစ် မိတ္တူကို ပြည်တွင်းဘာသာစကားနှင့် အင်္ဂလိပ်ဘာသာပြန်ဆိုထားသော (တရားဝင်မဟုတ်သော) နှစ်ခုစလုံးကို ပံ့ပိုးပေးပါသည်။ အာဆီယံစီးပွားရေးလုပ်ငန်းသည် AMS-Y မှ ကတိခံထားသည့် AFAS အောက်ရှိ သက်ဆိုင်ရာ အာဆီယံ ကတိကဝတ်လုပ်ငန်းစဉ်ကို သိသာထင်ရှားစွာချိုးဖောက်ထားသည့် ကုန်သွယ်ရေး ဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ် အမှတ် ၁၃ ဥပဒေ၏မိတ္တူကို နောက်ဆက်တွဲပေးပို့ပါသည်။ AE သည် တိုင်ကြားချက် ပုံစံစာရွက်တွင် ပြဿနာရပ်၏ ဥပဒေသစ်နှင့် ၎င်းစွပ်စွဲချက်၏ ပါဝင်အကြောင်းအရာ အသေးစိတ်ကို ဖော်ပြပေးမှုကို ဗဟိုအုပ်ချုပ်ရေးမှူးမှ လုံလောက်သည်ဟု လက်ခံယူဆပါသည်။

AMS-Y (ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံ)ထံသို့ တင်သွင်းထားသည့် တိုင်ကြားချက်၏ အသေးစိတ်ကို AMS-X (အိမ်ရှင်နိုင်ငံဆက်သွယ်ရေးတာဝန်ခံ သို့မဟုတ် HCP) ထံသို့ သိရှိစေရန်အတွက် မိတ္တူပေးပို့ပါသည်။

ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံ မှ လက်ခံကြောင်းသဘောတူသည်

AMS-Y ၏ ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံ (ဆိုလိုသည်မှာ AMS-X ၏ ကုန်သွယ်ရေး ဝန်ကြီးဌာန) တိုင်ကြားချက်ကို သုံးသပ်ပြီး ၎င်း၏ ပြည်တွင်း သက်ဆိုင်ရာအာဏာပိုင်များဖြစ်သည့် နိုင်ငံတစ်ကာ ကုန်သွယ်ရေး အထွေထွေညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပင်လယ်ရေကြောင်းဆိုင်ရာနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန အဖွဲ့တို့နှင့် တရားဝင်မဟုတ်ဘဲ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ကာ ဗဟိုအုပ်ချုပ်ရေးမှူးထံသို့ ၎င်းသည် တိုင်ကြားချက်ကို လက်ခံပြီး ASSIST လုပ်ထုံးလုပ်နည်းအရ တိုက်ဆိုင်ဆွေးနွေးရန်ဆန္ဒရှိကြောင်း အကြောင်းပြန်ခဲ့ပါသည်။

အဖြေကိုရှာဖွေခြင်း

DCP နှင့် တာဝန်ရှိအာဏာပိုင်များကြားအတွင်း ဆွေးနွေးချက်များအပေါ်မူတည်၍ ဥပဒေအသစ်ဖြစ်သည့် သံ၊ အလူမီနီယံ၊ ချည်နှင့်ရာဘာတို့အပါအဝင် အချို့သောကုန်ပစ္စည်းများကို တင်သွင်း၊ တင်ပို့သူများအနေဖြင့် AMS-Y ၏ ပြည်တွင်းရေယာဉ်များ (ဥပမာ AMS-Y တွင်အခြေစိုက်သည့် ပင်လယ်ရေကြောင်းကုန်စည်ပို့ဆောင်ရေး ကုမ္ပဏီများ ပိုင်သည့် ရေယာဉ်များ)ကိုသာ အသုံးပြုရမည် ဟူသည့် ဥပဒေကို AMS-Y သည် ဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ပြည်တွင်း ကုန်သည်များ အကြားတွင်လည်း ယင်းနည်း ဥပဒေအသစ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဟန့်တားခြင်း သို့မဟုတ် ဖယ်ကြဉ်ထားခြင်းကဲ့သို့ ဖြစ်စေသောကြောင့် ကန့်သတ် ကုန်ပစ္စည်းများ၏ ဝယ်လက်များစွာမှာ ၎င်းတို့စာချုပ်များကို အပြီးသတ်ရန် ဆိုင်းငံ့နေကြသဖြင့် နိုင်ငံတော်ဝင်ငွေကိုရော ပို့ကုန်ပမာဏကိုပါ သက်ရောက်နေသောကြောင့် ဝေဖန်မှုနှင့် သဘောမတူညီမှုများ လည်းရှိနေပါသည်။

သို့သော် AMS-Y အနေဖြင့် ယင်းနည်းဥပဒေကို လွတ်လပ်သော ကုန်သွယ်မှု အခြေခံစည်းမျဉ်းများကို ချိုးဖောက်ပြီး နိုင်ငံခြား ရေယာဉ်များကို ပိတ်ပင်သည့် ပြည်တွင်းလုပ်ငန်းကာကွယ်ရေးစီမံချက်တစ်ခုအဖြစ် မြင်စေရန် မရည် ရွယ်ကြောင်း ဖော်ပြထားပါ သည်။ ၎င်းစီမံချက်သည် AMS-Y ရေပြင်ရှိ ကုန်စည်ပို့ဆောင်မှုလုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းကျော်ကို နိုင်ငံခြားရေယာဉ်များက ကိုင်တွယ်ထားသဖြင့် ပြည်တွင်းရေကြောင်း ကုန်စည်ပို့ဆောင်မှု လုပ်နိုင်စွမ်းကို ပိုတိုးမြှင့်ရန် AMS-Y ၏ ရေကြောင်းကုန်စည်ပို့ဆောင်မှု လုပ်ငန်းအား အားပေးအားမြှောက်ပြုရန် ကနဦးတွင် ရည်ရွယ်ခဲ့ခြင်းဖြစ်ကြောင်း မီးမောင်း ထိုးပြထားပါသည်။ ဥပမာအားဖြင့် ရာဘာလုပ်ငန်း၌ ၉၀ ရာခိုင်နှုန်းသော ရေကြောင်းဖြင့်ကုန်စည်တင်ပို့မှုများကို နိုင်ငံခြားရေယာဉ်များကသာ ဆောင်ရွက်နေကြပါ သည်။ ပြည်တွင်းရေကြောင်းကုန်စည်တင်ပို့နိုင်အားသည် ၂၀၁၇ ခုနှစ်တွင် တန် သန်း ၅၀ ခန့်မှန်းထားခဲ့ချိန်တွင် နိုင်ငံခြား ရေယာဉ် များက ထိုနှစ်မှာပင် တန် သန်း ၈၀၀ တင်ပို့ခဲ့သောကြောင့် ပမာဏမှာ များစွာကွာဟနေပါသည်။

AMS-Y မှ ထပ်လောင်းပြောကြားထားသည်မှာ ဤနည်းဥပဒေ၏ အဓိကရည်ရွယ်ချက်သည် *AMS-Y* ရေပြင်၌ ပင်လယ်ရေကြောင်း ကုန်သွယ်မှု၏ မြင့်တက်လာသော ပမာဏမှ ပြည်တွင်းရေကြောင်းကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှု ကုမ္ပဏီများသည် သိသိသာသာ ပိုမိုအကျိုးအမြတ်ရလာစေရန် ဖြစ်ပါသည်။ လက်ရှိအချိန်တွင် စာချုပ်များနှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှု၏ ပမာဏအများစုကို နိုင်ငံခြားရေကြောင်းကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှု ကုမ္ပဏီများကသာ လွှမ်းမိုးထားကြပါသည်။ သို့သော် *AMS-Y* အနေဖြင့် ယင်းရည်မှန်းချက်ကို ရရန် ရုတ်တရက် ဖြတ်ချပစ်ခြင်းထက် တဖြည်းဖြည်းချင်းပြောင်းလဲယူရန် လိုအပ်ကြောင်း သဘောတူ လက်ခံပါသည်။ ထို့ကြောင့် ဥပဒေအသစ်၏ ကျင့်သုံးခြင်းကို အချိန်အကန့်အသတ်မရှိ ရွှေ့ဆိုင်းရန် (ပယ်ဖျက်ရန် မရှိသော်လည်း) ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

ဖြေရှင်းချက်အားအဆိုပြုခြင်းနှင့်လက်ခံခြင်း

ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံသည် အဆိုပြုထားသည့်ဖြေရှင်းချက်ကို ဗဟို အုပ်ချုပ်ရေးမှူးထံသို့ ဆက်သွယ်ပြောကြားကာ တစ်ပြန်လှည့် သက်ဆိုင်ရာအာဏာပိုင်များနှင့် အိမ်ရှင် ဆက်သွယ်ရေးတာဝန်ခံထံသို့ ASSIST မှတစ်ဆင့်အကြောင်းကြားပါသည်။

အဆိုပြုထားသည့်ဖြေရှင်းချက်ကို သုံးသပ်ပြီးသောအခါ Star 88 ကုမ္ပဏီ လိမိတက်သည် ဗဟိုအုပ်ချုပ်ရေးမှူးထံသို့ ASSIST မှတဆင့် အဆိုပြုထားသောဖြေရှင်းချက်အပေါ် ၎င်း၏ စိတ်ကျေနပ်မှုကို ဖော်ပြပြန်ကြားခဲ့ပြီး ထိုမှတဆင့် ယင်းကိုလက်ခံခဲ့ပါသည်။

ASSIT သည် ဤလုပ်ထုံးလုပ်နည်းကို တိုင်ကြားတစ်ခုသည် လက်ခံခြင်းရှိခဲ့ပြီး ရည်ညွှန်းတိုင်ကြား ခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံမှ ဖြေရှင်းချက်ကို ပံ့ပိုးပေးခဲ့ပြီး တိုင်ကြားသူမှလက်ခံခဲ့သည်ဟု ယူဆ လိမ့်မည်ဖြစ်သည်။

ဖြစ်ရပ် ၅:

အာဆီယံစီးပွားရေးလုပ်ငန်းမှဖွင့်သော တိုင်ကြားချက် (၎င်းလက်ခွဲကုမ္ပဏီ၏ မိခင်ကုမ္ပဏီ) နှင့် ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေးတာဝန်ခံမှပယ်ချခြင်း

တိုင်ကြားသူ

AirTel Co., Ltd. AMS-X တွင် မှန်ကန်စွာမှတ်ပုံတင်ထားသော ကြေးနန်းဆက်သွယ်ရေး ကုမ္ပဏီတစ်ခုဖြစ်*ပါ*သည်။ ၎င်းသည် AMS-Y တွင်အခြေစိုက်သည့် *AirTel Holdings, Inc.* ၏လက်အောက်ခံခွဲကုမ္ပဏီတစ်ခုဖြစ်ပါသည်။

AirTel Co.,Ltd*မှထုတ်ပေး*သော စုစုပေါင်းရှယ်ယာ၏ ၈၀ ရာခိုင်နှုန်းကို AMS-X အစုရှယ်ယာဝင်များမှ ပိုင်ဆိုင်ကြပြီး ၎င်း၏ အကြီးတန်းစီမံခန့်ခွဲမှုအဆင့်ရှိရာထူးများသည် AMS-Y နိုင်ငံသားများမှ စိုးမိုးထားပါသည်။ AirTel Co.,Ltd ၏ လုပ်ငန်းလည်ပတ်မှုလိုင်စင်ကို AMS-Y ၏ နိုင်ငံတော်အဆင့် ဆက်သွယ်ရေးအာဏာပိုင်မှ စက်တင်ဘာလ ၂၀၁၈ တွင် AirTel Co.,Ltd မှ ပိုင်ဆိုင်ထားသော ကြေးနန်းဆက်သွယ်ရေးလိုင်စင်သည် သက်တမ်းကုန်ဆုံးသွားသည် ဆိုသော အကြောင်းပြချက်ဖြင့် ပြန်လည်ရုတ်သိမ်းခဲ့သည်။ အမှန်အားဖြင့် ဩဂုတ်လ ၂၀၁၈တွင် AMS-Y သည် နိုင်ငံခြားပိုင် လုပ်ငန်းများအား ပုံစံ (ခ) နှင့် ပုံစံ (ဂ) လိုင်စင်များအတွက် လျောက်ထားရန် ခွင့်ပြုခြင်းမရှိတော့သည့် ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းလိုင်စင် ဥပဒေနံပါတ်-၁၅၀၀ ကို ပြင်ဆင်ခဲ့ပြီး ဖြစ်ပါသည်။

ပုံစံ (ခ) ကြေးနန်းလိုင်စင်အမျိုးအစားသည် ၎င်း၏ ကိုယ်ပိုင်ကွန်ရက်ရှိလျှင်သော်လည်းကောင်း၊မရှိလျှင်သော် လည်းကောင်း အများပြည်သူ၏ အစိတ်အပိုင်းတစ်ခု သို့မဟုတ် အစိတ်အပိုင်းများစွာကို ပစ်မှတ်ထား၍ ဝန်ဆောင်မှုပေးသော လုပ်ငန်းလုပ်ကိုင်သူအတွက် ဖြစ်သည်။ ပုံစံ (ဂ) ကြေးနန်းလိုင်စင် သည် ကွန်ရက်ရှိ၍ အများပြည်သူအတွက် ဝန်ဆောင်မှုများ သို့မဟုတ် မျှတသော ယှဉ်ပြိုင်မှုအတွက် အရေးပါသော သိသာထင်ရှားသည့်အကျိုးသက်ရောက်မှုတစ်ခု၊ ပြည်သူ့အကျိုးစီးပွား သို့မဟုတ် စားသုံးသူကာကွယ်ရေးတို့ အတွက် အထူးလိုအပ်သည့် ဝန်ဆောင်မှုများ၏ လုပ်ငန်းလုပ်ကိုင်သူအတွက်ဖြစ်သည်။ ပုံစံ (ခ) နှင့် ပုံစံ (ဂ) လိုင်စင်တို့အတွက် လျောက်ထားသော ကုမ္ပဏီသည် AMS-Y နိုင်ငံသားများမှ အနည်းဆုံးရှယ်ယာ ၅၁ ရာခိုင်နှုန်း နှင့် ကုမ္ပဏီ၏ အကြီးတန်းအဆင့် စီမံခန့်ခွဲမှု၏ လေးပုံသုံးပုံကို ကိုင်ထားသည့် ကုမ္ပဏီဖြစ်ရမည် ဖြစ်ပြီး ဥပဒေကြောင်းအရ ကတိကဝတ်များကို လက်မှတ်ရေးထိုးရန် လျှောက်လွှာရှင်ကုမ္ပဏီ၏ ကိုယ်စားလှယ်တစ်ဦး အဖြစ် အာဏာရှိသော ပုဂ္ဂိုလ်သည် AMS-Y နိုင်ငံသားတစ်ယောက်ဖြစ်ရမည် ဖြစ်သည်။ AirTel Co.,Ltd သည် လိုင်စင် လျှောက်ထားသည့်အချိန်တွင် အစိုးရလုပ်ငန်းစဉ်အတိုင်း ရိုးရှင်းစွာ လိုက်နာလုပ်ဆောင်ပြီးAMS-Y မှ ဤအသစ် ပြုပြင်ရေးဆွဲလိုက်ခြင်းကို မည်သည့်သတိပေးချက်မှ ပေးခဲ့ခြင်းမရှိသောကြောင့် AirTel Co.,Ltd ကို မမျှမတ ပြုမူ ဆက်ဆံသည်ဟု ၎င်းတို့အနေဖြင့် ခံစားရပါသည်။ ၎င်းသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နိုင်ငံခြားလုပ်ငန်းလိုင်စင်ရရှိထားသော နိုင်ငံခြား အစုရှယ်ယာဝင် အများစုပါဝင်သည့် နိုင်ငံခြားကုမ္ပဏီ၏ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ထားပါသည်။

AirTel Co.,Ltd ၏ လိုင်စင်ပြန်လည်ရုတ်သိမ်းခြင်း နှင့် လုပ်ငန်းလိုင်စင် နည်းဥပဒေပြင်ဆင်ထုတ်ပြန် ချက်သည် AMS-X တွင် AirTel Holdings,Inc ရှယ်ယာများကို ၅.၆၇ ရာခိုင်နှုန်း ကျဆင်းသွားစေသည့် အကြောင်းမှာ AMS-Y သည် ကမ္ဘာ့ ဒုတိယအကြီးဆုံး ကြေးနန်းဆက်သွယ်ရေးဈေးကွက်ဖြစ်သောကြောင့် ဖြစ်သည်။ ၎င်း၏ လိုင်စင် ပြန်လည်ရုတ်သိမ်းခြင်းသည် ကြေးနန်းဆက်သွယ်ရေး ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ခွဲခြား ဆက်ဆံခြင်း ဖြစ်ပြီး သက်ဆိုင်ရာ ဝန်ဆောင်မှုဆိုင်ရာ သဘောတူညီချက် အာဆီယံမူဘောင် AFAS အောက်ရှိ AMS-Y မှလိုက်နာလုပ်ဆောင်ရမည့် သတ်မှတ်ထားသော ကတိကဝတ်များ နှင့် တာဝန်၊ဝတ္တရားများကို ချိုးဖောက်ခြင်း ဖြစ်သည်။

တိုင်ကြားချက် အသေးစိတ်

AirTel Co., Ltd. သည် ASSIST မှတဆင့် ၎င်း၏တိုင်ကြားစာကို စွဲချက်တင်ရန်ဆုံးဖြတ်ခဲ့ပါသည်။ သို့သော် ASSIST အောက်တွင် AMS-Y မှ ပြဋ္ဌာန်းထားသည့် သို့မဟုတ် ထိန်းသိမ်းထားသည့် စီမံဆောင်ရွက်ချက်အတွက် AMS-Y တွင် တရားဝင် မှတ်ပုံတင်ထားသော အာဆီယံစီးပွားရေးလုပ်ငန်းတစ်ခုမှ စွဲချက်တင်၍မရပါ။ ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်ရေးနှင့်ပတ်သက်၍ ဤမူသည် နည်းလမ်း (၃) အောက်ရှိ နိုင်ငံရပ်ခြားတွင်ရုံးခွဲ/လက်ခွဲရှိခြင်းအပေါ် စွဲချက်တင်ခြင်းအား လွှမ်းခြုံထားခြင်းမရှိပါ။ AMS-Y တွင်တရားဝင်မှတ်ပုံတင်ထားပြီး ရုံးခွဲ/လက်ခွဲရှိနေသည့် အာဆီယံစီးပွားရေးလုပ်ငန်းမှသာ AMS-Y စီမံဆောင်ရွက်ချက်အပေါ်တိုင်ကြားနိုင်ပါသည်။ ထို့ကြောင့် AirTel Co., Ltd. သည် ၎င်း၏ မိခင်ကုမ္ပဏီဖြစ်သည့် AMS-X တွင် အခြေစိုက်ကာ တရားဝင်မှတ်ပုံတင်ထားသော AirTel Holdings, Inc., ကို AMS-Y ကို တိုင်ကြားသည့်ဖြစ်ရပ်ကို စတင်ရန်ဆုံးဖြတ်ခဲ့ပါသည်။

ထို့ကြောင့် အာဆီယံစီးပွားလုပ်ငန်း AirTel Holdings, Inc., သည် AMS-X တွင် မှန်ကန်စွာမှတ်ပုံတင်ထားသောကုမ္ပဏီ တစ်ခုဖြစ်ပြီး ASSIST အောက်တွင် AMS-Y တွင်မှတ်ပုံတင်ထားသော ၎င်းလက်အောက်ခံခွဲကုမ္ပဏီ AirTel Co., Ltd. ၏ လုပ်ငန်းလိုင်စင်ကို ရုပ်သိမ်းသွားသည့်အပေါ် တိုင်ကြားချက်ကိုဖွင့်ခဲ့ပါသည်။
AirTel Holdings, Inc. မှခိုင်မာစွာပြောဆိုသည်မှာ AirTel Co., Ltd. ၏ လုပ်ငန်းလိုင်စင်ကို ရုပ်သိမ်းခြင်းနှင့် ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းလိုင်စင် ဥပဒေကိုပြင်ဆင်ခြင်းတို့သည် AMS-Y၏ ဆက်သွယ်ရေးကဏ္ဍတွင် တရားဥပဒေနှင့်မညီသော အပြုအမူဖြစ်ပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတို့ အပေါ် ခွဲခြားဆက်ဆံမှုနှင့် နိုင်ငံခြားကုမ္ပဏီများကို ရုံးခွဲဖွင့်ခွင့်ကို (ဆိုလိုသည်မှာ ဆက်သွယ်ရေးဝန်ဆောင်မှု ၏ ပြဋ္ဌာန်းချက် နည်းလမ်း ၃) ခွင့်ပြုရန် AMS-Y မှ ကတိကဝတ်ပြုထားသော AFAS အောက်ရှိ သတ်မှတ် ထားသည့် အာဆီယံ ကတိကဝတ် လုပ်ငန်းစဉ်များကို သိသာထင်ရှားစွာ ချိုးဖောက်ထားခြင်းဖြစ်ပြီး တစ်နည်းအားဖြင့် အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံအတွင်းတွင် တရားဝင် မှတ်ပုံတင်ထားသော နိုင်ငံခြားလုပ်ငန်းရှင်များကို တရားဝင်အခွင့်အရေး ပေးခြင်းအတွက် ရုံးခွဲတည်ထောင်ထားခြင်းမှတစ်ဆင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းစီးပွားရေးများကို တန်းတူအခွင့်အရေးပေးရေးနှင့် ဈေးကွက်လက်လှမ်းမှီနိုင်ရေးအပေါ် မည်သည့်ကန့်သတ်ချက်မှမရှိဘဲ ပြုလုပ်ပေးရန်ဖြစ်သည်။

ASSIST ၏ဗဟိုအုပ်ချုပ်ရေးမှူးမှ သုံးသပ်ခြင်း

ASSIST ၏ဗဟိုအုပ်ချုပ်ရေးမှူး - အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသည် ကနဦးသုံးသပ်မှုကိုပြုလုပ်ပြီး တိုင်ကြားချက်သည် ASSIST ၏ သတ်မှတ်ဘောင်အတွင်းကျရောက်ပြီး ကျိုးကြောင်းခိုင်လုံစွာ စွဲချက်တင် ထားသောကြောင့် လက်ခံခဲ့သည်။

အာဆီယံစီးပွားရေးလုပ်ငန်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအတွင်းတွင် မှတ်ပုံတင်ထားသော စီးပွားရေးလုပ်ငန်း တစ်ခုဖြစ်ကြောင်း သက်သေပြရန်အလို့ငှာ ၎င်း၏ ကုမ္ပဏီမှတ်ပုံအမှတ်နှင့် ကုမ္ပဏီ/လုပ်ငန်း မှတ်ပုံတင်၏ အီလက်ထရွန်နစ် မိတ္တူကို ပြည်တွင်းဘာသာစကားနှင့် အင်္ဂလိပ်ဘာသာပြန်ဆိုထားသော (တရားဝင်မဟုတ်သော) နှစ်ခုစလုံးကို ပံ့ပိုးပေးပါသည်။ အာဆီယံစီးပွားရေးလုပ်ငန်းသည် AMS-Y မှ ကတိခံထားသည့် AFAS အောက်ရှိ သက်ဆိုင်ရာ အာဆီယံ ကတိကဝတ်လုပ်ငန်းစဉ် အထူးသဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုကဏ္ဍကို သိသာထင်ရှားစွာချိုးဖောက်ထားသည့် AMS-Y 2010 ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းလိုင်စင် ဥပဒေ အမှတ် ၁၅၀၀ နှင့် ပြန်လည်ပြင်ဆင်ထားသော ဥပဒေ၏မိတ္တူကို နောက်ဆက်တွဲပေးပို့ပါသည်။

AMS-Y (ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံ) ထံသို့ တင်သွင်းထားသည့် တိုင်ကြားချက်၏ အသေးစိတ်ကို AMS-X (အိမ်ရှင်နိုင်ငံဆက်သွယ်ရေးတာဝန်ခံ သို့မဟုတ် HCP) ထံသို့ သိရှိစေရန်အတွက် မိတ္တူပေးပို့ပါသည်။

ရည်ညွှန်းတိုင်ကြားခံနိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံမှ သုံးသပ်ခြင်း နှင့် ဆုံးဖြတ်ခြင်း
AMS-Y ၏ ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံ (ဆိုလိုသည်မှာ AMS-X ၏ ကုန်သွယ်ရေး ဝန်ကြီးဌာန) သည်တိုင်ကြားချက်ကို သုံးသပ်ပြီး ၎င်း၏ ပြည်တွင်း သက်ဆိုင်ရာ အာဏာပိုင်များ ဖြစ်သည့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံအဆင့် ဆက်သွယ်ရေးအာဏာပိုင် နှင့် စီပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အဖွဲ့တို့နှင့် တရားဝင်မဟုတ်ဘဲ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ကာ ဗဟိုအုပ်ချုပ်ရေးမှူးထံသို့ ၎င်းသည် တိုင်ကြားချက်ကို ပယ်ချရန်ဆန္ဒရှိကြောင်း အကြောင်းပြန်ခဲ့ပါသည်။

AMS-Y ၎င်းလိုက်နာရမည့် သက်ဆိုင်ရာ အာဆီယံ ကတိကဝတ်များ ကိုလိုက်နာပြီး တိုင်ချက်သည် ကျိုးကြောင်းခိုင်လုံမှုမရှိကြောင်းလုံလောက်သည့် အခြေခံကို ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ ဆက်သွယ်ရေး တာဝန်ခံသည် တွေ့ရှိပါသည်။ AFAS ၏ သတ်မှတ်ထားသော ကတိကဝတ်များအောက်တွင်ရှိသော်လည်း AMS-Y သည် နိုင်ငံခြားပိုင်ဆိုင်မှုအပေါ်တွင် ကန့်သတ်ထားခြင်း မရှိကြောင်း ၎င်းမှ ပြန်လည်ငြင်းဆိုပါသည်။ “ ရေပြင်ညီ ကတိကဝတ်များ” အတွင်း တွင် ဖော်ပြထားချက်အရ ဈေးကွက်လက်လှမ်းမှီခြင်းအား ကန့်သတ်ရန်အလို့ငှာ ဖက်စပ်လုပ်ဆောင်ခြင်းပုံစံ/ သို့မဟုတ် ကိုယ်စားလှယ်ရုံးဖြင့် နိုင်ငံခြားဝန်ဆောင်မှုပံ့ပိုးသူ(များ)၏ ရုံးခွဲဖွင့်လှစ်ခြင်း ကဲ့သို့သောအချက်များကို လုပ်ဆောင်ရာတွင် အောက်ပါသတ်မှတ်ချက်များကို လိုက်နာသင့်သည်။။
(၁) ကုမ္ပဏီ၏ ၄၉ ရာခိုင်နှုန်းထက်မပိုသော မတည်ငွေရင်းရှယ်ယာကို နိုင်ငံခြားစီးပွားဖက်(များ)မှ ပိုင်ဆိုင်နိုင်ပါ သည်။
(၂) ကုမ္ပဏီ၏ အကြီးတန်းအဆင့် စီမံခန့်ခွဲမှု၏ အနည်းဆုံး လေးပုံ သုံးပုံ နှင့် ဥပဒေကြောင်းအရ ကတိကဝတ်များကို ကုမ္ပဏီ၏ ကိုယ်စားလှယ်အနေဖြင့် လက်မှတ်ရေးထိုးရန် အာဏာရှိသော ပုဂ္ဂိုလ်သည် AMS-Y နိုင်ငံသားများဖြစ်ရမည်။
ထို့ကြောင့် ၂၀၁၈ ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းလိုင်စင်ဥပဒေနံပါတ်-၁၅၀၀ ပြင်ဆင်ချက်သည် AMS-Y ၏ သတ်မှတ်ထားသော ဝန်ဆောင်မှုဆိုင်ရာ ကတိကဝတ်များကို ချိုးဖောက်ခြင်းမဟုတ်ပါ။

အသစ်ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး AMS-Y ထံမှ အကြောင်းကြားချက်တစ်စုံတစ်ရာ မရရှိပါဟူသော AE ၏ ပြောဆိုချက်အပေါ် ပြန်ကြားမှုမှာ

၂၀၁၈၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ၎င်းဥပဒေကို အတည်ပြုပြီးသည့်နောက် AMS-Y အစိုးရသည် ဥပဒေပြင်ဆင်ချက်ကို တရားဝင်အစိုးရဝက်ဆိုဒ်များ နှင့် သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ပြီး ဖြစ်ကြောင်း AMS-Y မှ ပြန်ကြားခဲ့သည်။

ရလာဒ်

ရည်ညွှန်းတိုင်ကြားခံရသည့်နိုင်ငံ၏ဆက်သွယ်ရေးတာဝန်ခံ၏ ပယ်ချလိုက်သော အကြောင်းပြချက်ကို ဗဟိုအုပ်ချုပ်ရေးမှူး သို့ပေးပို့ပြီး ယင်းမှ ဘာသာစကားနှင့် သတင်းအချက်ပြည့်စုံမှုကို သုံးသပ်ပါသည်။ ဗဟိုအုပ်ချုပ်ရေးမှူးသည် ပယ်ချလိုက်သည့် အကြောင်းပြချက်သည် ကျိုးကြောင်းခိုင်လုံမှုရှိပြီး လုံလောက်သော အကြောင်းပြချက်ရှိကြောင်းထွက်ပေါ်လာဖြင့် လက်ခံခဲ့ပါသည်။

ဗဟိုအုပ်ချုပ်ရေးမှူးသည်-

(၁) အာဆီယံစီးပွားရေးလုပ်ငန်းသို့ ဆုံးဖြတ်ချက်ကို အသိပေးအကြောင်းကြားသည်။

(၂) အာဆီယံစီးပွားရေးလုပ်ငန်းသို့ ASSIST ၏ တရားစွဲခြင်းကိစ္စရပ်သည် ပိတ်သိမ်းလိုက်ပြီးဖြစ်ကြောင်း အကြောင်း ကြားသည်။

(၃) အာဆီယံစီးပွားရေးလုပ်ငန်းသို့ ၎င်း၏ ရွေးချယ်နိုင်မှုများကို (ဆိုလိုသည်မှာ ဥပဒေအကြောင်းအရ လုပ်ဆောင်ခြင်း၊ ခုံသမာဓိဖြင့်ဖြေရှင်းခြင်း၊ ဝန်ဆောင်မှုကို ပြန်လည်ရုပ်သိမ်းခြင်း၊ စသဖြင့်) အကြောင်းကြားပြီး ဗဟိုအုပ်ချုပ်ရေးမှူးထံသို့ အဆိုပါနည်းလမ်းတစ်ခုခုဖြင့် ဆက်လက်ဆောင်ရွက်ရန် ရည်ရွယ်ကြောင်းကို အကြံပြုရမည်ဖြစ်သည်။

ASSIST မှဤဖြစ်စဉ်ကို တိုင်ကြားချက်သည် ပယ်ချခံရပြီး ဖြေရှင်းချက်မပံ့ပိုးပေးခဲ့သည့် ဖြစ်ရပ်ဟု ယူဆမည်ဖြစ်သည်။



ASSIST လေ့လာမှုသင်ခန်းစာများ



လေ့လာမှုသင်ခန်းစာများသည် ASSIST ဝက်ဘ်ဆိုဒ်၏
https://assist.asean.org/read/proces/20 ပေါ်တွင်လည်း ရရှိနိုင်ပါသည်။

ဓါတ်ပုံ Deborah Tomasowa for US-ACTI



ဖြစ်ရပ်အား တစ်ဆင့်ပြီးတစ်ဆင့် လေ့လာသုံးသပ်ချက် သင်ခန်းစာ(၁)

ASEAN စီးပွားရေး လုပ်ငန်းတစ်ခုမှ တိုင်ကြားချက်ဖွင့်ခြင်းနှင့် ဗဟို အုပ်ချုပ်ရေးမှူး မှ ပယ်ချလိုက်ခြင်း။

ဖြစ်ရပ်အား အကျဉ်းချုပ်ဖော်ပြချက်။ ။ ဤအကြောင်းအရာသည် တိုင်ကြားသူ မှ စွဲချက်တင်တိုင်ကြားမှုသည် တရားဝင်နည်းလမ်းကျ ခြင်းမရှိသောကြောင့် ASSIST ၏ ဗဟိုအုပ်ချုပ်ရေးမှူးမှ ပယ်ချခဲ့သော အကြောင်းအရာတစ်ခုဖြစ်သည်။ အရှုံးအနိုင် ပေါ်နိုင်သည့် အခြေအနေတွင် ပယ်ချမှုဖြစ်ပေါ်ခဲ့ခြင်းမှာ တိုင်ကြားချက်သည် ASSIST၏ သတ်မှတ် ထားသော အတိုင်းအတာ၏ ပြင်ပသို့ ကျရောက်နေသော ကြောင့် ဖြစ်သည်။

တိုင်ကြားချက်သည် ရည်ရွယ်တိုင်ကြားသည့်နိုင်ငံအတွင်း တိုင်ကြားသူ၏ အလုပ်လုပ်ကိုင်ခွင့်နှောင့်နှေးကြန့်ကြာမှုနှင့်ဆက်စပ်နေသောကြောင့်ဖြစ်သည်။ တိုင်ကြားသူသည် ပြည်တွင်းနိုင်ငံရှိ အကြံပေးကုမ္ပဏီ တစ်ခု၏ ဘောဂေဗဒဘွဲ့လွန်ဒီဂရီရရှိထားသော ညွှန်ကြားရေးမှူးတစ်ဦးဖြစ်ပြီး၊ ရည်ရွယ်တိုင်ကြားသည့်နိုင်ငံရှိ အကြံပေးကုမ္ပဏီတစ်ခု၌ အလုပ်ကမ်းလှမ်းခြင်းခံထားရသူဖြစ်ပြီး ထိုနိုင်ငံသို့ အပြီးပြောင်းရွှေ့နေထိုင်ရန် ရည်ရွယ်ထားပါသည်။ သို့သော်လည်း လုပ်ထုံးလုပ်နည်းများက အချိန်ကြန့်ကြာနေပြီး၊ ရည်ရွယ်တိုင်ကြားသည့်နိုင်ငံမှ ခွင့်ပြုချက်ထုတ်မပေးဘဲ ထားသည်မှာ ယခုဆိုလျှင် သုံးလနီးပါးခန့်ရှိပြီ ဖြစ်သည်။ ယင်းအဖြစ်အပျက်သည် တိုင်ကြားသူ၏ အလုပ်အကိုင်ရရှိမည့်အခွင့်အရေးများကို ထိခိုက်စေပါသည်။ ထို့ကြောင့် သူ၏ အလုပ်လုပ်ကိုင်ခွင့် (Work Permit) ထုတ်ပေးမှုနှောင့်နှေးခြင်းအတွက် ပြည်တွင်းနိုင်ငံရှိ သူ၏ကုမ္ပဏီမှတဆင့် ရည်ရွယ်သည့်နိုင်ငံအား ASSIST တွင် တိုင်ကြားရန် ရည်ရွယ် လိုက်သည်။ ဦးစိတ်ပျက်၏ တိုင်ကြားစာအခြေခံမှာ အာဆီယံဒေသအတွင်း ကျွမ်းကျင်လုပ်သားများအား လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာ မှုကို ခွင့်ပြုထားသည့် ပင်ကိုယ်လူပုဂ္ဂိုလ်များ၏ ရွှေ့လျားသွားလာမှုဆိုင်ရာ အာဆီယံသဘောတူညီချက်နှင့် ဝန်ဆောင်မှုတို့ဆိုင်ရာ အာဆီယံ သဘောတူညီချက် မူဘောင်ကို (AFAS)အခြေခံထားပါသည်။

ဧာတ်ဆောင်များ နှင့် အတိုကောက်စကားရပ်များ စာရင်း

- တိုင်ကြားသူ = အာဆီယံစီးပွားရေးလုပ်ငန်း (AE)
- အာဆီယံအတွင်းဝန်များရုံး = ASSIST ၏ ဗဟိုအုပ်ချုပ်ရေးမှူး (CA)
- အိမ်ရှင်ပြည်တွင်းနိုင်ငံ = အာဆီယံ အဖွဲ့ဝင်နိုင်ငံ X (AMS-X) ရှိ အိမ်ရှင်ပြည်တွင်းနိုင်ငံမှ ဆက်သွယ်ရမည့်ပုဂ္ဂိုလ် (HCP)
- ရည်ရွယ်တိုင်ကြားမည့်နိုင်ငံ = အာဆီယံအဖွဲ့ဝင်နိုင်ငံ Y(AMS-Y)ရှိ ရည်ရွယ်တိုင်ကြားမည့်နိုင်ငံမှ ဆက်သွယ်ရမည့် ပုဂ္ဂိုလ် (DCP)

သင့်လုပ်ငန်းသည် ASEAN အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံတွင် မှတ်ပုံတင်ထားသော လုပ်ငန်းတစ်ခု ဖြစ်လျှင်၊ နောက်ပြီး သင့်အနေဖြင့် ဝန်ဆောင်ခအခမဲ့ဖြင့် စည်းနှောင်မှုမရှိသည့် အကြံပေးဝန်ဆောင်မှု နှင့် မြန်ဆန်ထိရောက်သောဖြေရှင်းနည်းကို ရယူလိုလျှင် အောက်ဖော်ပြပါလင့်ခ်သို့ သွားပါ။ http://assist.asean.org.

အောက်ပါစာမျက်နှာသည် ASSIST ၏ ပင်မ စာမျက်နှာဖြစ်သည်။



အဆင့် (၂)။

‘တိုင်ကြားချက်ကိုတင်ပါ - File a Complaint’ ဆိုသောစာတမ်းကို ရွေးချယ်ပါ။ (ASEAN လုပ်ငန်း စုသင်္ကေတ)

သင်၏ကိုယ်ပိုင်ကုမ္ပဏီအောက်မှ (အမည်မဖော်လိုသည့်တိုင်ကြားစာ) တိုင်ချက်ဖွင့်ထားပြီး သင့် လုပ်ငန်းသည် အာဆီယံ အခြေစိုက် ကုန်သွယ်ရေးအဖွဲ့အစည်း သို့မဟုတ် သင်၏ရွေးချယ်မှုဖြစ်သည့် ကုန်သည်ကြီးများအသင်း၊ စီးပွားရေးကောင်စီ၊ စီးပွားရေးအဖွဲ့ချုပ် သို့မဟုတ် တရားဝင်အသိအမှတ်ပြုထားသောရှေ့နေ သို့ မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်း ကဲ့သို့သော အခြား သောကိုယ်စားလှယ် အဖွဲ့အစည်းများ အားကိုယ်စားပြုမှုမရှိပါက၊ ‘တိုင်ကြားချက်ကို တင်ပါ။’ ဟူသော တက်ဘ်ပေါ်ရှိ ‘ASEAN စီးပွားရေးလုပ်ငန်း’ သင်္ကေတကိုနှိပ်ပါ။



‘ASEAN စီးပွားရေးလုပ်ငန်း’ သင်္ကေတကို နှိပ်လိုက်သောအခါ အောက်တွင် ဖော်ပြထားသော စာမျက်နှာသည် ထွက်ပေါ်လာမည် ဖြစ်သည်။





သင်ကြုံတွေ့နေရသော ကုန်သွယ်ရေးပြဿနာကို ASSIST ထံသို့ လုံလောက်သော အချက်အလက်များ ပံ့ပိုးနိုင်ရန်အလို့ငှာ အထက်ပါပုံစံတွင် ဖြည့်စွက်ပါ။ ခရေပွင့်သင်္ကေတ (*) ပါရှိသော အကွက်များကို မဖြစ်မနေထည့်သွင်းပေးရမည် ဖြစ်သည်။ သင့်အနေဖြင့် ကွက်လပ်တွင် မည်သည်ကို ထည့်သွင်းရမည်ကို သေချာမသိပါက (i) သင်္ကေတများမှ ကွက်လပ်တစ်ခုချင်းစီအတွက် မည်သည်ကိုဖြည့်သွင်းရမည်ဟု အသေးစိတ်ညွှန်ကြားချက်များ ဖော်ပြထားပါသည်။ ပုံစံစာရွက်ထဲတွင် မှန်ကန်သော အချက်အလက်များဖြည့်သွင်းနိုင်မှုကိုသေချာစေရန်ကျေးဇူးပြု၍ (i) သင်္ကေတများကို နှိပ်ပါ။

'ဖော်ပြချက်'အကွက်ထဲတွင် သင်သည် မှန်ကန် သင့်လျော်စွာ ဖြည့်သွင်းရန်မှာ အလွန်ပင်အရေးကြီးပါသည်။ တိုင်ကြားစာထဲတွင် ပေးထားသော ဖော်ပြချက်သည် သီးသန့်အကြောင်းအရာများအောက်မှ သဘောတူညီချက်(များ)အတွင်းရှိ ပြဿနာကို ရှင်းလင်းအောင်ဖော်ပြထားကြောင်း လုံလောက်သည်ဟု CA မှ အတည်ပြုရန် လိုအပ်သည်။ ထို့ကြောင့် သင်၏တိုင်ကြားစာကို အတည်ပြုရန် ဆုံးဖြတ်ရာတွင် CA ကိုအကူအညီဖြစ်စေရန်အလို့ငှာ ကျေးဇူးပြု၍ သင်၏တိုင်ကြားစာကို ဥပဒေရေးရာ အကြောင်းပြချက်များနှင့် မှန်ကန်သော အထောက်အထား တို့နှင့်အတူ ဂရုတစိုက်ပြင်ဆင်တင်ပြပါ။

အဆင့် (၃)။

တိုင်ကြားချက်ပုံစံစာရွက်တွင် ဖြည့်ပါ။

အောက်ပါပုံစံသည် ဤသီးသန့်ဖြစ်ရပ်လေ့လာမှုအတွက် ပြီးပြည့်စုံသော နမူနာပုံစံတစ်ခု ဖြစ်ပါသည်။





ဤဖြစ်ရပ်လေ့လာမှုဌ AE ၏တိုင်ကြားမှု ဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

“ကျွန်တော်သည် AMS-X မှ အကြံပေးကုမ္ပဏီတစ်ခုရဲ့ ညွှန်ကြားရေးမှူးတစ်ယောက်ဖြစ်ပါတယ်။ ကျွန်တော့်အား AMS-Y ရှိ အကြံပေးကုမ္ပဏီတစ်ခုက အလုပ်တစ်ခုအတွက် ကမ်းလှမ်းထားပြီး ထိုနေရာသို့ အပြီးရွှေ့ပြောင်းနေထိုင်ရန်ရည်ရွယ်ထားပါတယ်။

AMS-Y ရှိ ကုမ္ပဏီမှအလုပ်ကမ်းလှမ်းချက်အရ ကျွန်တော်၏ အလုပ်လုပ်ကိုင်ခွင့်ရရန်အတွက် ၊တစ်လအချိန်ယူနိုင်တယ်လို့ ကျွန်တော့်ကို သူတို့ အကြောင်းကြားလာပါတယ်။ ဒါပေမဲ့ လုပ်ငန်းစဉ်က အချိန် ပိုကြာနေပြီး AMS-Y မှ ခွင့်ပြုချက်ကို ထုတ်မပေးဘဲထားတာ အခုဆိုရင် သုံးလနီးပါးရှိနေပြီဖြစ်ပါတယ်။ ဤအရာက ကျွန်တော် အလုပ်ရမဲ့ အခွင့်အရေးကို ထိခိုက်နေတာပါတယ်။

ဒါကြောင့် ကျွန်တော့်ရဲ့ အလုပ်လုပ်ကိုင်ခွင့် ထုတ်ပေးရန် နှောင့်နှေးခြင်းအတွက် AMS-X ရှိ ကျွန်တော့်ကုမ္ပဏီမှတစ်ဆင့် AMS-Y ကို ASSIST၏ တိုင်ကြားချက်ဖြင့် တင်ပြရန်ဆန္ဒရှိပါတယ်။ ကျွန်တော့်၏တိုင်ကြားချက်သည် ပင်ကိုယ်လူပုဂ္ဂိုလ်များ၏ ရွေ့လျားသွားလာမှုဆိုင်ရာ အာဆီယံ သဘောတူညီ ချက်နှင့် ဝန်ဆောင်မှုတို့ဆိုင်ရာ အာဆီယံသဘောတူညီချက်မူဘောင်ကို အခြေခံထားပါသည်။ ဤသို့ဖြင့် ASSIST အောက်တွင် တိုင်ကြားစာစွဲချက်တင်ရန် လိုအပ်ချက်အဖြစ် AMS-X ရှိ ကျွန်တော်ကုမ္ပဏီ၏လုပ်ငန်း မှတ်ပုံတင် ကို တွဲ၍တင်ပြပါသည်။"

'သင်၏တိုင်ကြားချက်ကို တင်သွင်းပါ - Submit Your Complaint ' ဆိုသည်ကို နှိပ်၍ တိုင်ကြားချက်ကို တင်သောအချိန်တွင် အဆင့် (၄) ရှိ အောက်ပါစာမျက်နှာသည် ထွက်ပေါ်လာမည် ဖြစ်သည်။

အဆင့် (၄)။ ASSIST မှ အကြောင်းကြားစာကို ရရှိသည်။

ASSIST ဝက်ဘ်ဆိုဒ်ပေါ်တွင် တိုင်ကြားစာကို ဖြည့်စွက်ပြီးပြီးခြင်း အောက်ပါစာမျက်နှာ ပေါ်လာမည်ဖြစ်ပြီး၊ သင်၏တိုင်ကြားချက်ပုံစံစာရွက်တွင် သင်ဖြည့်စွက်ထားခဲ့သော အီးမေးလ်လိပ်စာသို့ အတည်ပြုပေးသည့်အီးမေးလ်ကို သင့်ထံသို့ အကြောင်းကြားမည်ဖြစ်သည်။



အထက်ပါအကြောင်းကြားစာတွင် ASSIST နှင့်သင့်တိုင်ကြားချက်ကို အတည်ပြုရန် သင်၏ အီးမေးလ်အကောင့်ထဲရှိ ပံ့ပိုးပေးထားသော လင့်ခ်ကို သင်သည် နှိပ်သင့်ပါသည်ဟု ရည်ညွှန်းပြခြင်းဖြစ်သည်။

အဆင့် (၅)။ သင်၏အီးမေးလ်အကောင့်ထဲမှ တိုင်ကြားစာကို အတည်ပြုပါ။

(က) တိုင်ကြားစာပုံစံထဲတွင် သင်ဖြည့်စွက်ထားသော အီးမေးလ်အကောင့်ထဲသို့ သွားပါ။ ASSIST မှပေးထားသော လင့်ခ်ကို နှိပ်ခြင်းအားဖြင့် သို့မဟုတ် အင်တာနက် ရှာဖွေလေ့လာခြင်း (BROWSER) ထဲသို့ လင့်ခ်ကိုကူးယူခြင်းအားဖြင့် သင်၏ တိုင်ကြားစာကို အတည်ပြုရန် တောင်းဆိုထားသော အီးမေးလ်တစ်စောင်ကို သင်သည် ရရှိမည်ဖြစ်သည်။ သင်ပေးထားသည့်အီးမေးလ်လိပ်စာသည် သက်တမ်းရှိနိုင်လုံကြောင်း ASSIST ဘက်မှ အတည်ပြုရန် လည်း လိုအပ်ပါသည်။ သင်၏တိုင်ကြားစာနံပါတ်ကို ၎င်းအီးမေးလ်ထဲတွင် ပေးထားမည် ဖြစ်သည်။ ဤ ဖြစ်စဉ်တွင် သင်၏တိုင်ကြားစာနံပါတ်သည် ၁၆၉၂၀၁၉၀ ဖြစ်သည်။

အောက်ပါအီးမေးလ်သည် ASSIST မှ သင်ရရှိမည့် အီးမေးလ်ဖြစ်သည်။





Gmail — ASEAN Enterprise <aseanenterprise0@gmail.com>

[ASSIST] Thanks to confirm your complaint #16920181030 submission

No Reply ASSIST <assist@asean.org> Tue, Oct 30, 2018 at 1:21 PM
Reply-To: "assist@asean.org" <assist@asean.org>

ASSOCIATION OF SOUTHEAST ASIAN NATIONS — **ASSIST** — ASEAN Solutions for Investments, Services and Trade

Dear **Mr Very Upset ,**

Thank you for having filed a complaint on **ASSIST**, the system of ASEAN Solutions for Investments, Services and Trade.

Please **confirm** your complaint **16920181030 on the following link** (or by copy-pasting the following link onto your Internet browser):
http://assist.asean.org/user/confirm_email

After your confirmation, ASSIST will monitor your complaint and you will be able to access it on the following webpage
http://assist.asean.org/user/login by using your e-mail / tracking ID: aseanenterprise0@gmail.com / **16920181030**

ASEAN Enterprise / Trade Association / Law Firm : Blue Sapphire Consulting Group (type Enterprise)
Company size : 10 to 50
Phone : +96131415
Website : www.bluesapphirecg.com
Address : Red Sparrow Street No. 13 City V Country X
City : City V / Zip Code : 12130
Country : AMS-X

Contact person : Mr Very Upset
Phone : +96131415
Position : Director
Email : aseanenterprise0@gmail.com
Address : Red Sparrow Street No. 13 City V Country X
City : City V / Zip Code : 12130
Country : AMS-X

Confidential case code (for law firm or lawyer only):
Country of Legal Registration : AMS-X
Legal Registration Number : 123456
Type of Business : Service provider
Business Sector : Services / Consultancy
Type of problem encountered : Other Services
Destination Country : AMS-Y

Description:
I am a director of a consultancy firm in AMS-X. I have been offered a job in a consultancy firm in AMS-Y and intend to move and live there on a permanent basis. Pursuant to the job offer by the company in AMS-Y, they informed me that it would take about one month for it to secure my work permit. However, the procedure is taking much longer and it is now nearly three months that the permit is withheld by AMS-Y. This is jeopardizing my chances of getting the job. Thus, I wish to raise an ASSIST complaint against AMS-Y, through my company in AMS-X, for delaying the issuing of my work permit. The basis of my complaint is that there is the ASEAN Agreement on Movement of Natural Persons, which allows for free movement of skilled persons within ASEAN, as well as the ASEAN Framework Agreement on Services. I hereby attach my company's business registration in AMS-X as the requirement to lodge a complaint under ASSIST.

Thanking you, ASSIST is at your service.

assist.asean.org

Simulated_Company_Registration_of_Blue_Sapphire_Consulting_Group.pdf
50K

(ခ) အထက်ပါအီးမေးလ်တွင် တောင်းဆိုထားသည့်အတိုင်း ပေးထားသော လင့်ခ်ကို နှိပ်ပါက အောက်ပါစာမျက်နှာ ပေါ်လာမည်ဖြစ်သည်။



အထက်ပါအကြောင်းကြားချက်သည် သင်၏ တိုင်ကြားစာကို CA မှ ဆန်းစစ်ပေးမည်ဖြစ်ပြီး သင့်အား အကြောင်းကြားချက်ဖြစ်သော
၁။ လက်ခံခဲ့ပြီးခြင်းနှင့် ရည်ရွယ်တိုင်ကြားသည့် နိုင်ငံသို့ တင်ပြခဲ့ခြင်းရှိ၊ မရှိကိုလည်းကောင်း၊ (သို့မဟုတ်)
၂။ မပြည့်စုံခဲ့ခြင်းအတွက်ပြန်လည် ပြင်ဆင်ရန် သင့်ထံပြန်လည်ပေးပို့ခဲ့ခြင်းရှိ၊ မရှိကိုလည်းကောင်း၊ (သို့မဟုတ်)
၃။ ASSISTဏ၏ သတ်မှတ်ချက်အတိုင်းအတာပြင်ပသို့ရောက်နေခြင်း သို့မဟုတ် ကျိုးကြောင်းခိုင်လုံခြင်းမရှိသည့်အတွက် ပယ်ချခဲ့ခြင်းရှိ၊ မရှိကိုလည်းကောင်းစသည်တို့ကို အများဆုံး အလုပ်လုပ်ရက် (၁၀) ရက်အတွင်း သင့်ထံသို့ အီးမေးလ်ဖြင့် ပေးပို့မည် ဖြစ်သည်။

သင့်အီးမေးလ်အကောင့်သို့ သွားပါ။

အဆင့် (၆)။ သင်၏ အီးမေးလ်လိပ်စာ နှင့် တိုင်ကြားစာသည် ခိုင်လုံပါသည်ဟူသော ASSIST မှ အီးမေးလ်ကို ရရှိမည်။

(က) သင်၏ အီးမေးလ်အကောင့်သို့သွားပါ ပြီးနောက် ASSIST မှ အီးမေးလ်အသစ်တစ်ခုကို တွေ့ရမည် ဖြစ်သည်။ ၎င်းအီးမေးလ်သည် သင့်အနေဖြင့် သင်၏တိုင်ကြားစာကို အတည်ပြုပြီးကြောင်း CA မှ ၎င်း၏ ခိုင်လုံမှုကို စစ်ဆေးလိမ့်မည်နှင့် ASSIST ထဲတွင် တိုင်ချက်တင်ထားကြောင်းကို ရည်ညွှန်းဖော်ပြခြင်းဖြစ်သည်။ ASSIST အနေဖြင့် တိုင်ကြားချက်ကို လက်ခံခြင်း၊ မပြည့်စုံခြင်း သို့မဟုတ် ပယ်ချခြင်း စသည်တို့ကို ဖော်ပြသော တုံ့ပြန်မှုတစ်ခုကို အလုပ်ချိန် (၁၀) ရက်အတွင်း အကြောင်းပြန်မည်ဖြစ်သည်။

Gmail — ASEAN Enterprise <aseanenterprise0@gmail.com>

[ASSIST] Thanks for your email confirmation for the complaint #16920181030

No Reply ASSIST <assist@asean.org> Tue, Oct 30, 2018 at 1:24 PM
Reply-To: "assist@asean.org" <assist@asean.org>

ASSOCIATION OF SOUTHEAST ASIAN NATIONS — **ASSIST** — ASEAN Solutions for Investments, Services and Trade

Dear **Mr Very Upset ,**

Thanks for the confirmation of your complaint ID No. **16920181030**.

ASSIST will review your complaint and check its validity and that it has been lodged correctly. You will receive a response indicating whether the complaint is validly lodged, or requires revision, or whether it does not fall within the scope of ASSIST, within a maximum of 10 working days from the date of filing.

You are able to access your complaint at any time on the following webpage: http://assist.asean.org/user/login by using your e-mail/tracking ID: aseanenterprise0@gmail.com/16920181030

ASEAN Enterprise / Trade Association / Law Firm : Blue Sapphire Consulting Group (type Enterprise)
Company size : 10 to 50
Phone : +96131415
Website : www.bluesapphirecg.com
Address : Red Sparrow Street No. 13 City V Country X
City : City V / Zip Code : 12130
Country : AMS-X

Contact person : Mr Very Upset
Phone : +96131415
Position : Director
Email : aseanenterprise0@gmail.com
Address : Red Sparrow Street No. 13 City V Country X
City : City V / Zip Code : 12130
Country : AMS-X

Confidential case code (for law firm or lawyer only):
Country of Legal Registration : AMS-X
Legal Registration Number : 123456
Type of Business : Service provider
Business Sector : Services / Consultancy
Type of problem encountered : Other Services
Destination Country : AMS-Y

Description:
I am a director of a consultancy firm in AMS-X. I have been offered a job in a consultancy firm in AMS-Y and intend to move and live there on a permanent basis. Pursuant to the job offer by the company in AMS-Y, they informed me that it would take about one month for it to secure my work permit. However, the procedure is taking much longer and it is now nearly three months that the permit is withheld by AMS-Y. This is jeopardizing my chances of getting the job. Thus, I wish to raise an ASSIST complaint against AMS-Y, through my company in AMS-X, for delaying the issuing of my work permit. The basis of my complaint is that there is the ASEAN Agreement on Movement of Natural Persons, which allows for free movement of skilled persons within ASEAN, as well as the ASEAN Framework Agreement on Services. I hereby attach my company's business registration in AMS-X as the requirement to lodge a complaint under ASSIST.

Thanking you, ASSIST is at your service.

assist.asean.org

Simulated_Company_Registration_of_Blue_Sapphire_Consulting_Group.pdf
50K

အထက်ပါအီးမေးလ်တွင် ဖော်ပြထားသည့်အတိုင်း သင်သည် ယခုတွင် ဖော်ပြထားသော ASSIST ဝက်ဘ်ဆိုဒ်မှ မီနူးဘားပေါ်ရှိ ‘တိုင်ကြားမှုနောက်ကို လိုက်ပါ - Follow a Complaint’ ဆိုသည့်တက်ဘ်ကို ညွှန်ပြနေသည့်လင့်ခ်ကို နှိပ်ခြင်းဖြင့် ဖြစ်စဉ်တိုးတက်မှုကို စောင့်ကြည့် မှတ်သားနိုင်ပြီဖြစ်သည်။

အဆင့် (၇)။ သင့် တိုင်ကြားချက်၏ဖြစ်စဉ်တိုးတက်မှုကို စောင့်ကြည့်လေ့လာပါ။

(က) အောက်ပါလင့်ခ် http://assist.asean.org/user/login သို့သွားပါ၊ သို့မဟုတ် ASSIST ဝက်ဘ်ဆိုဒ်မှ မိန်းဘားပေါ်ရှိ "တိုင်ကြားစာနောက်ကို လိုက်ပါ" ဆိုသည့်စာတမ်းသို့ သွားပါ။ အောက်ပါစာမျက်နှာ ပေါ်လာမည် ဖြစ်သည်။



(ခ) အကောင့်ဝင်ရန် လိုအပ်သော ကွက်လပ်များတွင် သင်၏အီးမေးလ်လိပ်စာ နှင့် ခြေရာခံအိုင်ဒီ (သင်၏ တိုင်ကြားစာနံပါတ်) ကို ထည့်သွင်းပါ။ ဤအခြေအနေတွင် အီးမေလ်လိပ်စာသည် aseanenterprise0@gmail.com ဖြစ်ပြီး ခြေရာခံအိုင်ဒီသည် ၁၆၉၂၀၁၈၁၀ ဖြစ်ပါသည်။



အကောင့်ဝင်ပြီးပြီးချင်းတွင် ASSIST အချက်အလက်ပြဇယားဖြစ်သော သင်၏တိုင်ကြားချက် ဖြစ်စဉ်တိုးတက်မှုကို စောင့်ကြည့်လေ့လာနိုင်မှာ ဖြစ်သည်။

(ဂ) သင့်အနေဖြင့် အကောင့်ထဲသို့ အောင်မြင်စွာ ဝင်ပြီးပါက ASSIST ဆိုင်ရာ အချက်အလက်ပြဇယားမြင်ကွင်း။



သင်၏ အချက်အလက်ပြဇယားတွင် မြင်နိုင်သည့်အတိုင်း သင်၏တိုင်ကြားစာအတွက် လုပ်ဆောင်နေသော လုပ်ဆောင်ချက်များကို အချက်အလက်ပြဇယားတွင် ရှင်းလင်းစွာ ရည်ညွှန်းဖော်ပြထားပြီး ၎င်းစာရင်းသည် လုပ်ဆောင်ချက်တစ်ခု လုပ်ဆောင်ပြီးသည့် အခါတိုင်း ပုံမှန်နောက်ဆုံးအခြေအနေကိုတင်ပြနေမည် ဖြစ်သည်။ သင်၏ တင်သွင်းထားခဲ့သော ပြည့်စုံသည့် တိုင်ကြားစာပုံစံကို သင်၏ အချက်အလက်ပြဇယားပေါ်တွင် သုံးစွဲခွင့်ရနေမည် ဖြစ်သည်။

အဆင့် (၈)။

ဗဟိုအုပ်ချုပ်ရေးမှူးက သင်၏တိုင်ကြားစာကို ဆန်းစစ်ပြီး သင်၏အီးမေးလ်သို့ တုံ့ပြန်မှုတစ်ခု ပေးပို့မည် ဖြစ်သည်။
(လက်ခံသည်၊ မပြည့်စုံပါ၊ သို့မဟုတ် ပယ်ချသည်)

CA မှ သင်၏တိုင်ကြားစာကို ဆန်းစစ်မှုပြီးစီးပါက လက်ခံခြင်း၊ မပြည့်စုံခြင်း၊ ပယ်ချခြင်းကို ဆုံးဖြတ်ပြီး စွဲချက်တင် တိုင်ကြားထားသည့်အချိန်မှစ၍ ပုံမှန်အားဖြင့် အလုပ်လုပ်ရက် (၁၀) ရက်အတွင်း သင့်ထံသို့ အီးမေးလ်ပြန်ပို့မည် ဖြစ်သည်။

၎င်းအချိန်အတောအတွင်းတွင် CA မှ လုပ်ဆောင်ချက်တစ်စုံတစ်ရာပြုလုပ်မှုမရှိလျှင် CA အနေဖြင့် အောက်ပါ အလိုအလျောက် သတိပေးချက်အီးမေးလ်ကို ASSIST အွန်လိုင်းစနစ်ထံမှ စွဲချက်တင်တိုင်ကြားပြီး ပြကွဒိန် (၇) ရက်အတွင်း ရရှိမည်ဖြစ်သည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း CA သည် (၁၀) ရက်အတွင်း လက်ခံရန်၊ မပြည့်စုံကြောင်း ကြေညာရန်၊ ပြင်ဆင်မှုတောင်းဆိုရန် သို့မဟုတ် တိုင်ကြားစာကို ပယ်ချရန် ဆုံးဖြတ်ရမည် ဖြစ်သည်။

ဗဟိုအုပ်ချုပ်ရေးမှူးအတွက် သတိပေးနှိုးဆော်ချက် အီးမေးလ် (၁)

Gmail — Central Administrator ASEC <caatasec@gmail.com>

[ASSIST] Complaint #14920181025 reminder for CA

No Reply ASSIST <assist@asean.org>
Reply-To: "assist@asean.org" <assist@asean.org>
Sat, Oct 27, 2018 at 5:00 AM

ASSOCIATION OF SOUTHEAST ASIAN NATIONS
ASSIST
ASEAN Solutions for Investments, Services and Trade

Action is required by the **CA** for the complaint:
14920181025

Thanking you, ASSIST is at your service.

assist.asean.org [Disclaimer]

သင်၏တိုင်ကြားချက်ကိုတင်ပြီး (၁၀) ရက်အတွင်း သင်၏အီးမေးလ်အကောင့်ကို ပုံမှန်စစ်ဆေးပါ။ သင့်အနေဖြင့် နောက်ဆုံးတွင် ASSIST ထံမှ အီးမေးလ်အသစ်တစ်စောင်ကို ရရှိမည်ဖြစ်သည်။

Gmail — ASEAN Enterprise <aseanenterprise0@gmail.com>

[ASSIST] Your complaint #16920181030 has been rejected by CA

No Reply ASSIST <assist@asean.org>
Reply-To: "assist@asean.org" <assist@asean.org>
Tue, Oct 30, 2018 at 1:33 PM

ASSOCIATION OF SOUTHEAST ASIAN NATIONS
ASSIST
ASEAN Solutions for Investments, Services and Trade

Dear **Mr Very Upset ,**

Your complaint **16920181030** has been **rejected** by **CA**:
"Dear Mr. Upset, Thank you for lodging your complaint under ASSIST. The Central Administrator has reviewed your complaint. However, this case appears to be an individualâ€™s private issue rather than a company issue and is, therefore, not covered by the ASEAN Agreement on Movement of Natural Persons, which states in Article 2.2 that it does not apply to measures affecting natural persons seeking to access to the employment market of another ASEAN Member State, nor shall it apply to measures regarding citizenship, residence or employment on a permanent basis. ASSIST is available for complaints triggered by ASEAN Enterprises (i.e., duly registered legal entities, not natural persons) and the artificial use of a legal entity (i.e., the AE), in order to address an issue that refers to interactions between an ASEAN Member State and a natural person, is not sufficient to extend the scope of coverage of ASSIST to it. Thus, the Central Administrator rejects your complaint because it deals with an issue that falls outside of the scope of ASSIST and thus in the case at stake, ASSIST is not an available instrument. We suggest that you interact directly with AMS-Yâ€™s Ministry of Interior and/or Ministry of Labour. "

Please login to your complaint for further details at onhttp://assist.asean.org/user/login

with your email / tracking ID: **aseanenterprise0@gmail.com / 16920181030**

ASEAN Enterprise / Trade Association / Law Firm : Blue Sapphire Consulting Group (type Enterprise)
Company size : 10 to 50
Phone : +96131415
Website : www.bluesapphirecg.com
Address : Red Sparrow Street No. 13 City V Country X
City : City V / Zip Code : 12130
Country : AMS-X

Contact person : Mr Very Upset
Phone : +96131415
Position : Director
Email : aseanenterprise0@gmail.com
Address : Red Sparrow Street No. 13 City V Country X
City : City V / Zip Code : 12130
Country : AMS-X

Confidential case code (for law firm or lawyer only):
Country of Legal Registration : AMS-X
Legal Registration Number : 123456
Type of Business : Service provider
Business Sector : Services / Consultancy
Type of problem encountered : Other Services
Destination Country : AMS-Y


Description:
I am a director of a consultancy firm in AMS-X. I have been offered a job in a consultancy firm in AMS-Y and intend to move and live there on a permanent basis. Pursuant to the job offer by the company in AMS-Y, they informed me that it would take about one month for it to secure my work permit. However, the procedure is taking much longer and it is now nearly three months that the permit is withheld by AMS-Y. This is jeopardizing my chances of getting the job. Thus, I wish to raise an ASSIST complaint against AMS-Y, through my company in AMS-X, for delaying the issuing of my work permit. The basis of my complaint is that there is the ASEAN Agreement on Movement of Natural Persons, which allows for free movement of skilled persons within ASEAN, as well as the ASEAN Framework Agreement on Services. I hereby attach my company's business registration in AMS-X as the requirement to lodge a complaint under ASSIST.

Thanking you, ASSIST is at your service.

assist.asean.org [Disclaimer]

ဤကိစ္စရပ်တွင် သင်၏တိုင်ကြားစာကို CA မှ ပြန်လည်ဆန်းစစ်ပြီး ပယ်ချထားပြီးဖြစ်သည်။ ဤကိစ္စသည် ကုမ္ပဏီတစ်ခု၏ ပြဿနာထက်စာလျှင် တစ်ဦးတစ်ယောက်နှင့်ဆိုင်သော ကိုယ်ရေးကိုယ်တာ ကိစ္စသာဖြစ်ကြောင်းနှင့် ယင်းကြောင့်ပင် ပင်ကိုယ်လူပုဂ္ဂိုလ်များ၏ရွှေ့လျားသွားလာမှုဆိုင်ရာ အာဆီယံသဘော တူညီချက်အနေဖြင့် လွှမ်းခြုံမှုမရှိကြောင်းကို CA အနေဖြင့် တွေ့ရှိခဲ့သည်။ ASEAN စီးပွားရေးလုပ်ငန်းများမှ(ဥပမာ - မှန်မှန်ကန်ကန်စာရင်းသွင်းမှတ်ပုံတင်ထားသော တရားဝင် သီးခြားရပ်တည်နေသောအဖွဲ့များ၊ ပင်ကိုလူပုဂ္ဂိုလ်များမဟုတ်သော) အစပျိုးထားသော တိုင်ကြားချက်များအတွက် ASSIST ကို အသုံးပြုနိုင်ပြီး ASEAN အဖွဲ့ဝင်နိုင်ငံ နှင့် မူလလူပုဂ္ဂိုလ်အကြား အပြန်အလှန်တုံ့ပြန်ဖလှယ်မှုကို ရည်ညွှန်းသော ကိစ္စရပ်အားကိုင်တွယ် ဖြေရှင်းရန် တရားဝင်သီးခြားရပ်တည်နေသောအဖွဲ့ (ဥပမာ- AE) ကို လုပ်ယူဖန်တီးအသုံးပြုခြင်းသည် ASSIST ၏ အကျိုးဝင်မှု နယ်ပယ်ကို ချဲ့ထွင်လာစေဖို့ လုံလောက်မှုမရှိပါ။

